
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၅၈၀၂၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၂၅၀၆၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

၅၄၁၇၄၅ ၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

မာကျူရီ

အရန်ထိုင်ခုံပေါ်က


နလုံးသား ဒိုင်ယာရီ/မာကျူရီ။

- ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၇၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) မာကျူရီ



www.burmeseclassic.com

www.burmeseclassic.com

ဘာကယ်ခဏလေးပါကွာ၊
ဆင်ခြင်ထိန်းချုပ်နိုင်တဲ့စိတ်ရဲ့အမြင်တို့
အသိအာတွေနဲ့ခဏလေးရောက်သွားတာပါ၊
အဲဒီခဏလေးကာပဲ ခုလို တစ္ဆေခြောက်ခံနေရ
တာပဲ။

နေမင်းထက်
(ဒိုင်ယာရီ-၁)

BURMESE CLASSIC



လက်ချုပ်ဆိုတာ နှစ်မတ်တင်းမှ
ဖြည့်တာမျိုးပါ၊ အများကြီးလည်း
မမျှော်လင့်ပါဘူး၊ ရှင့်ဘဝရဲ့
တစ်စိတ်တစ်ပိုင်းလောက်
ဖြစ်ချင်တာ တစ်ခုပါပဲ။

မိုးမခ
(ဒိုင်ယာရီ-၂)

ညီမတို့မိသားစုကို နောက်ထပ်
နှောင့်ယှက်ပါနဲ့၊ ကျွန်မ ယောကျ်ားကို
ဆက်ပြီး မြှူဆွယ်ပတ်သက်နေမယ်ဆိုရင်
ညီမကိုယ်တိုင် ရှင့်ကို သတ်ပစ်မယ်။

ချိုလဲ့
(ဒိုင်ယာရီ-၃)

www.burmeseclassic.com

www.burmeseclassic.com

♡ ကမ္ဘာပေါ်က....
အကောင်းဆုံး...အလှဆုံး...အနူးညံ့ဆုံး...ဆိုတဲ့
အရာတစ်ချို့ဟာ
လက်နဲ့ ကိုင်တွယ်လို့မရသလို
မျက်စိနဲ့လည်း မမြင်ရဘူး...။

♥ နှလုံးသည်းပွတ်နဲ့....ထိကြည့်မှ....ကြည့်ကြည့်မှ
ရှိနေကြောင်း သိရမယ်။



www.burmeseclassic.com

www.burmeseclassic.com



## (၁)

ကွန်ပျူတာထဲက စာရင်းတွေ ကြည့်လိုက်၊ တစ်ချက်စဉ်းစားလိုက်နှင့် နေမင်းထက်တစ်ယောက် အလုပ်ထဲ စိတ်နှစ်မျှောနေမိသည်။ ဖခင်လွှဲပေးခဲ့သောကုမ္ပဏီမှ စာရင်းဇယားများ. .၊ ပြီးတော့ ဝါသနာပါလွန်း၍. . မကြာခင်ကပဲ သူဝယ်ထားသော ပြည်တွင်းလိဂ်ဘောလုံးအသင်း၏ကိစ္စများ ပါသည်ဖြင့် တစ်ရက်တစ်ရက် အနားယူချိန်က ရှားပါးလွန်းလှသည်။

ခုလည်း ဘယ်နှစ်နာရီ ရှိမှန်းပင် မသိတော့။ အိမ်က ကိုယ်ပိုင်အလုပ်ခန်းထဲမှာ ညနက်သည်အထိ အလုပ်က မပြတ်သေးရခြင်းဖြစ်သည်။ တစ်ချက်သမ်းဝေလိုက်ပြီး ကွန်ပျူတာဘက် မျက်နှာမူလိုက်ရပြန်

www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုစဉ် မွှေးရှသော ကိုယ်သင်းနံ့လေးနှင့်အတူ အိစက်နွေးထွေးသောအထိအတွေ့ကို နောက်ကျောဘက်ဆီမှ ခံစားလိုက်ရပြီး စိတ်ကိုဖြေလျှော့လိုက်မိသည်။

"မောင်. . . တော်တော့လေ၊ ညနက်ပြီ မောင်ရဲ့. . . အိပ်စို့နော်"

ချစ်ဇနီးချိုလှဲ့၏ မူနွဲ့သောအသံလေး။ နေမင်းထက် ပြုံးမိသွားသည်။

တစ်ဆက်တည်း ချိုလှဲ့ကိုယ်လုံးလေးကို သူ့ဘက် ဆွဲယူလိုက်ရင်း. . .

"ချိုလေးက တကယ်အိပ်ချင်လို့လား"

ရယ်ကျဲကျဲလုပ်ရင်း မေးလိုက်သော နေမင်းထက်စကားကြောင့် ချိုလှဲ့မျက်နှာလေး ရဲထွေးသွားကာ. . .

"ဇမောင်နော်. . . ချိုလေးက မောင်ပင်ပန်းမှာစိုးလို့ ပြောတာ၊ ဘာမှန်းကို မသိဘူး"

"ဘာမသိရမှာလဲ. . . ချိုလေးသိပါတယ်ကွာ"

"အာ. . . မောင်နော်"

စကားပင် မဆုံးနိုင်တော့ဘဲ ချိုလှဲ့နှုတ်ခမ်းလေး ပိတ်သွားရသည်။ နေမင်းထက်၏မွတ်သိပ်ပြင်းပျသော အနမ်းရှည်ကြီးအောက်မှာ ဘာစကားမှ ဆက်မပြောနိုင်တော့။ အလိုက်သင့် မျောပါသွားပြီးမှ ရှုန်းထွက်လိုက်ရင်း မောလျှသံလေးဖြင့်. . .

"မောင်. . နေဦးကွာ. . ကဲမနေနဲ့၊ မောင်နားတော့မယ်ဆိုရင်လည်း တစ်ခုခု စားလိုက်ဦး၊ တစ်ညနေလုံး ဘာမှစားသေးတာ မဟုတ်ဘူး"

"နေပါဦး ချိုလေးရာ"

ပြောရင်း နေမင်းထက်က ဆွဲပွေ့လိုက်သည်ကို ချိုလှဲ့က ပြန်



www.burmeseclassic.com

www.burmeseclassic.com



တွန်းထားရင်း. . .

"တော်ပြီ. . . တော်ပြီ. . နောက်မှ၊ အခု ဘာစားမှာလဲ၊ ချိုလေးသွားပြင်လိုက်မယ်"

နေမင်းထက် သက်ပြင်းချလိုက်ကာ ချစ်ဇနီးကို ကြည့်ပြီး ပြန်ပြောလိုက်သည်။

"ထမင်းတော့ မစားတော့ဘူး ချိုလေးရာ၊ ရေခဲသေတ္တာထဲမှာ ဘာအသီးအနှံ ရှိသေးလဲ၊ တစ်ခုခုပဲ လုပ်ပေးတော့"

"အင်း. . . ချိုလေး သွားကြည့်လိုက်မယ်"

"ဩော်. . . ချိုလေး"

"ဘာလဲ မောင်"

လှည့်ထွက်ပြီးမှ ချိုလဲ့က ပြန်လှည့်ကာ မေးလိုက်သည်။ နေမင်းထက်က နှုတ်ခမ်းကို လက်နှင့် ထိပြရင်း. . .

"ပြီးရင်နော်. . . "

သူ့အပြောကြောင့် မျက်စောင်းထိုးပြီး ချိုလဲ့ ထွက်သွားတော့သည်။ ညအိပ်ဝတ်စုံလေး ဝတ်ထားသောချိုလဲ့သည် အိမ်ထောင်သက် ခြောက်နှစ်တိုင်ပြီဖြစ်သော်လည်း ခုချိန်ထိ ဟိုးအရင်ကလိုပဲ သူ့သွေးဆူလွယ်စေမည့် အလှတရားတွေ ပိုင်ဆိုင်နေသေးတာပဲဟူ၍ နေမင်းထက် ပီတိဖြစ်မိတော့၏။

ကွန်ပျူတာပိတ်ပြီး ထမင်းစားခန်းထဲ သွားလိုက်သည်။ သူ့အတွက် တာဝန်ကျေလွန်းသော ချိုလဲ့က စားပွဲပေါ်မှာ စားစရာ အသီးအနှံတွေကို ပြင်ဆင်ထားပြီးပြီ။ ပန်းသီးတစ်စိတ်ကို ယူစားလိုက်ပြီး ရေခဲသေတ္တာဖွင့်ကာ နိုင်ငံခြားဖြစ် ဝီစကီပုလင်းကို အသာထုတ်ပြီး နှစ်ပက်စာလောက် မှန်းပြီး ခွက်ထဲ ထည့်လိုက်သည်။

ပြီး ရေခဲတစ်တုံး အသာထည့်ကာ ခွက်ကို အနည်းငယ်လှုပ်ယမ်းပြီး တစ်ခါတည်း မော့ချလိုက်သည်။ နေမင်းထက်က အရက်သောက်လျှင် ရေရောသောက်လေ့ မရှိချေ။ ဝီစကီကို ရေရောသောက်



www.burmeseclassic.com

www.burmeseclassic.com



မှတော့ သူ့အရသာကို အပြည့်အဝ ဘယ်ခံစားရတော့မှာလဲဟုဆိုသော နိုင်ငံခြားသားတွေရဲ့စကားကို လက်ခံမိသည်။

ရင်ထဲမှာ နွေးထွေးသွားတော့မှ နောက်တစ်ခွက် ထည့်ထား လိုက်ပြီး မသောက်သေးဘဲ အသီးတွေကို စိမ်ပြေနပြေ ထိုင်စားနေ လိုက်၏။

ထိုအချိန် ထမင်းစားခန်းထဲသို့ ချိုလဲ့ပြန်လာကာ သူ့ဘေးမှာ ဝင်ထိုင်လိုက်၏။

"မောင်. . နှစ်ခွက်ပဲနော်. . တော်ပြီ"

"အင်းပါ ချိုလေးရဲ့၊ ဒါနဲ့ သမီးလေးရော အိပ်ပြီလား"

"အိပ်နေပြီ. . . ခုနက အသံကြားလိုက်ရလို့ ချိုလေးသွား ကြည့်နေတာ"

"ဂရုစိုက်ပါ ချိုလေးရဲ့၊ မောင့်မှာက အလုပ်တွေနဲ့ နပန်းလုံးနေ ရတော့ ချိုလေးသိတဲ့အတိုင်းပဲ"

ချိုလဲ့က အသာပြုံးလိုက်ပြီး. . .

"ချိုလေးသိပါတယ်၊ ဒါပေမယ့် သမီးလေးကိုလည်း မောင် အချိန်ပေးဦးနော်၊ တော်ကြာ တစ်ပတ်နေလို့မှ သမီးနဲ့ တစ်ရက်တောင် စကားမပြောဖြစ်တာမျိုး ဖြစ်နေဦးမယ်"

"အေးပါကွာ. . . မောင်နားလည်ပါတယ်"

နေမင်းထက် စကားဆုံးတော့ ချိုလဲ့က မျက်စောင်းလဲ့လဲ့ထိုး ရင်း. . .

"ပါးစပ်ကသာ ပြောနေတာ၊ ဒီလောက် ကုမ္ပဏီအလုပ်က များရုံတဲ့ကြားထဲ ဘောလုံးအသင်းက ထောင်ချင်သေးတယ်. . ဟွန်း"

"ဒါကတော့ ဝါသနာပါလို့ပါ၊ မောင်ဝယ်ထားတယ်ဆိုပေမယ့် လည်း အဲဒီအတွက်က ဟိုကောင်ဖြိုးဇေပဲ လုပ်ပေးနေတာပါ၊ ပြီး တော့ ဒီရာသီမှာ ခုချိန်ထိ မောင့်အသင်းက ဇယားထိပ်ဆုံးမှာကွ"

ဂုဏ်ယူသောလေသံဖြင့် နေမင်းထက်က ပြောလိုက်သည်။

www.burmeseclassic.com



ချိုလဲ့က နေမင်းထက်မျက်နှာကို စိုက်ကြည့်လျက်. . .

"မောင့်အလုပ်တွေရော အဲဒီဘောလုံးအသင်းကိစ္စတွေကိုရော ချိုလေး နားမလည်ပါဘူး မောင်ရယ်၊ မောင့်ကို ကူညီချင်ပေမယ့်. . ."

စကားမဆုံးခင်မှာပဲ ချိုလဲ့နှုတ်ခမ်းလေးကို လှမ်းပိတ်ပြီး နေမင်းထက်က ပြန်ပြောလိုက်၏။

"ဘာတွေပြောနေတာလဲ ချိုလေးရာ၊ မောင်လုပ်နိုင်ပါတယ်၊ ဒါတွေက မောင်တို့မိသားစုနဲ့ သမီးလေးရွှေရေးအတွက် မောင် ကြိုးစားနေတာပါ၊ ဒါ မောင့်အလုပ်ပဲ၊ ချိုလဲ့အလုပ်က သမီးလေးကို ဂရုစိုက်ဖို့ရယ်၊ အိမ်မှုကိစ္စတွေရယ်၊ ပြီးတော့. . ."

"မောင့်ကို ပြုစုဖို့ဆိုပြီး ပြောဦးမှာမဟုတ်လား"

ချိုလဲ့ရဲ့ချစ်စရာစကားကြောင့် နေမင်းထက်က ရယ်လိုက်ပြီး. . .

"ဒါပေါ့ ချိုလေးရဲ့၊ မောင့်ကို ပြုစုဖို့ ယုယဖို့၊ ပြီးတော့. . ."

သိုင်းဖက်လာသည့်လက်ကြောင့် ချိုလေးက ခန္ဓာကိုယ်လေး တွန့်ပြီး ပြန်ပြောလိုက်ပါသည်။

"ဟိုးထား. . ဟိုးထားဦး ဆရာ၊ စားစရာရှိတာကို စားဦး ပြီးတော့ မောင့်ကို ချိုလေး ပြောစရာရှိသေးတယ်"

"ဘာများလဲ ချိုလေးရဲ့"

"သြော်. . အရမ်းအရေးကြီးတယ်လဲ မဟုတ်ပါဘူး၊ နေ့လည်တ မေမေ့ဆီက ဖုန်းဝင်လာတယ်၊ ဖေဖေ နေမကောင်းလို့တဲ့လေ"

"ဟင်. . . ဟုတ်လား"

"သိပ်လည်း စိတ်မပူပါနဲ့၊ ဖေဖေက နေပြန်ကောင်းနေပါပြီ ဒါပေမယ့် ချိုလေးတို့ကို ခဏလောက် လာခဲ့ပါလားတဲ့၊ ဖေဖေက သူ့ မြေးကိုလည်း လွမ်းနေလို့တဲ့"

ချိုလဲ့က မန္တလေးသူဖြစ်သည်။ နေမင်းထက်နှင့် ယူပြီးမှ ဆောင်နောက်ဆံထုံးပါဆိုသလို ရန်ကုန်မှာ လိုက်နေခြင်းဖြစ်သည်။

www.burmeseclassic.com



ရန်ကုန်နှင့်မန္တလေးဆိုသော်လည်း တစ်ခါတစ်ခါ ဒီက သူတို့မိသားစုက မန္တလေးကို သွားလည်လိုက်၊ ဟိုက မိဘတွေက ဒီကိုလာလည်လိုက် ဆိုတာမျိုးတွေ ရှိ၏။ ခုတော့ မရောက်ဖြစ်တာပင် တော်တော်ကြာနေပြီ။

ခါတိုင်းဆိုရင်တော့ ခုလို ချိုလဲ့ ပြောလာလျှင် နေမင်းထက် လိုက်ပို့လေ့ရှိသည်။ ခုလည်း လိုက်ပို့ချင်တာပါပဲ။ သို့သော်လည်း ကိစ္စတစ်ခုက ရှိနေသည်မို့ ပြန်မေးလိုက်မိသည်။

"ဒါနဲ့ ချိုလေးက ဘယ်နေ့ သွားချင်တာလဲ"

"ဖြစ်နိုင်ရင်တော့ မနက်ဖြန်လောက်ပေါ့၊ သမီးကျောင်းပိတ်ရက်လေးနဲ့ ခုပြီး သွားချင်လို့"

နေမင်းထက် သက်ပြင်းအသာချမိတော့၏။

ရက်က လာတိုက်ဆိုင်နေသည်မို့ ပြောရတော့သည်။

"ဒီလို ချိုလေးရဲ့၊ မောင် ခါတိုင်းလိုပဲ လိုက်ပို့ချင်ပါတယ်၊ ဒါပေမယ့် မနက်ဖြန်ညမှာ မောင်တို့အသင်းရဲ့ပါတီ ရှိတယ်၊ ကိုယ်ရှိမနေရင်လည်း မကောင်းပြန်ဘူး၊ ပြီးတော့ ဒီတစ်ရက်နှစ်ရက်ထဲမှာလည်း အသင်းသားတွေရဲ့ အပြောင်းအရွှေ့ကိစ္စတွေနဲ့ ရှုပ်နေဦးမှာဆိုတော့"

"အိုး. . . ချိုလေးနားလည်ပါတယ်၊ မောင့်ကို အတင်းအကျပ်လိုက်ပို့ခိုင်းနေတာ မဟုတ်ပါဘူး၊ ချိုလေးတို့ ဒရိုင်ဘာနဲ့ပဲ သွားလိုက်မယ်လေ၊ အလွန်ဆုံး တစ်ပတ်လောက်ပါပဲ"

"ဒါဆိုလည်း ဒရိုင်ဘာတွေထဲက ဦးသော်ကို ခေါ်သွား၊ လူကြီးဆိုတော့ စိတ်ချရတယ်"

"ကောင်းသားပဲ၊ မောင်နော်. . . ချိုလေးမရှိဘူးဆိုပြီးတော့ ညဘက် မစားမသောက်ဘဲ အလုပ်ပဲဖိလုပ်မနေနဲ့ဦး"

ချိုလဲ့ကို အိမ်ထောင်ကျပြီးထဲက အိမ်အကူတွေခေါ်ဖို့ ပြောသော်လည်း မိသားစုသုံးယောက်တည်းရှိသော ဒီအိမ်မှာ သူကိုယ်တိုင်

www.burmeseclassic.com



ဝဲ လုပ်ပေးချင်သည်ဆို၍ မခေါ်ဖြစ်ခဲ့။ ယောက်ျားစားချင်တာကို သူကိုယ်တိုင် ချက်ကျွေးချင်သည်ဟု ဆိုသည်။ ခုလည်း နေမင်းထက် တစ်ယောက်တည်း ကျန်ခဲ့မှာမို့ စိတ်မချ ဖြစ်နေရခြင်းဖြစ်၏။ အလုပ်လုပ်နေလျှင် ထမင်းမေ့ဟင်းမေ့ ဖြစ်တတ်သည့် ယောက်ျားကို စိတ်ပူတာ သူမအလွန်မဟုတ်ပါ။

နေမင်းထက်က ချိုလဲ့အလိုကျ ပြန်ပြောလိုက်သည်။

"စိတ်ချပါ ချိုလေးရာ၊ မောင်အလုပ်က ပြန်လာတာနဲ့ စားစရာတွေ ဝယ်လာပြီး အလုပ်စားပွဲမှာ တင်ထားပါ့မယ်. . . ဟုတ်ပြီလား"

"ပြီးတော့လည်း စားဖြစ်အောင်စားဦး"

"စိတ်ချပါကွာ. . ကဲ. . ပြောစရာတွေ ပြီးရင်တော့ မောင် ခုန တာ ပြောတယ်နော်"

ပြောရင်း နေမင်းထက်က လှမ်းဖက်လိုက်ပြန်သည်။ ကြိုသိနေသောချိုလဲ့က တိမ်းရှောင်လိုက်ပြီး ထရပ်ကာ အိပ်ခန်းထဲ ဝင်ပြေးတော့သည်။

"သိသားပဲ. . . မောင်ဘာလုပ်တော့မယ်ဆိုတာ၊ မိလည်း မိဘူး၊ ကရော်. . . ကရော်"

လှည့်မကြည့်ဘဲ စသွားသော စကားသံကြောင့် နေမင်းထက် ပြုံးမိသွားသည်။ အိမ်မှာက လူပိုမရှိသည်မို့ နေရာတကာ ဘယ်သူ့ကိုမှ ရှောင်စရာမလိုဘဲ အချစ်ကြမ်းတတ်သည့် နေမင်းထက်အကြောင်း ချိုလဲ့ သိ၍ ထပြေးခြင်းဖြစ်သည်။

ပြေးလည်း ချိုလဲ့ လွတ်မည်မဟုတ်ပါ။ အသဲယားအောင် စသွားခြင်းသာဖြစ်သည်။

လက်ကျန်ဝီစကီကို မော့သောက်လိုက်ပြီး နေမင်းထက် အိပ်ခန်းထဲသို့ လိုက်ဝင်သွားလိုက်သည်။ အထဲရောက်တော့ ချိုလဲ့က ခုတင်ကြီး၏ တစ်ဖက်စွန်းမှာ အိပ်ပျော်နေသော သမီးလေး နေရီချိုဘက်ကို မျက်လုံးစွေပြရင်း ပါးစပ်ကလည်း ရှူးတိုးတိုးဟု ဟန့်ယုပ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက် စိတ်ထဲမှာ ကျလိကျလိ ဖြစ်သွား၏။ ပြီးမှ ချိုလဲ့ သူ့ကို 'စ' နေတာပဲဟု တွေးလိုက်ကာ. . .

"ချိုလေးနော်. . . မောင့်ကို လူလည်လာမလုပ်နဲ့"

ပြောရင်း ကုတင်ပေါ် တက်ကာ ချိုလဲ့ကို သိုင်းဖက်ပြီး လှဲချလိုက်သည်။ နေမင်းထက်၏ပြင်းပြသောအနမ်းတွေအောက်မှာ ချိုလဲ့ လူးလွန့်ရင်း. . .

"ခဏလေး မောင်ရာ၊ ခုနက သမီးလေး တကယ်လှုပ်လာလို့ အာ. . မောင်. . မောင်ရာ. ."

ဘာပြောပြော နေမင်းထက် အလျှော့မပေးတော့ချေ။ ညအိပ်ဝတ်စုံအောက်မှ အထိအတွေ့တွေက သူ့ကို သွေးဆူလာခဲ့ပြီ။

ပို၍တင်းကျပ်စွာ ဖက်လိုက်ပြီး ချိုလဲ့နှုတ်ခမ်းပေါ် ခြွေနေသော အနမ်းတွေက တဖြည်းဖြည်း အားကောင်းလာကာ ဖြူဝင်းသော လည်တိုင်လေးဆီသို့ မြွေတစ်ကောင်လို ရစ်ပစ်ရွေ့လျားသွားပြန်သည်။

ချိုလဲ့လည်း တစ်ကိုယ်လုံး လူးလွန့်လိုက်မောကာ အလိုက်သင့် နေပေးလိုက်သည်။ ပြောမရသည့် မောင့်ကို ထပ်လည်း မပြောချင်တော့။ မောင့်ရဲ့အနမ်းနဲ့ အထိအတွေ့တွေကို အရင်လိုပဲ မရိုးနိုင်၊ မျှောပါသွားရပြန်ပြီ။

အချစ်ရဲ့ဥယျာဉ်ထဲကို နှစ်ဦးသား အလိုတူ လျှောက်နေကြစဉ် မှာပဲ. . .

"မေမေ. . . မေမေ"

သမီးလေးခေါ်သံကြောင့် ဆတ်ကနဲ အသိဝင်ကာ နှစ်ယောက်စလုံး လူချင်း ခွာလိုက်ကြ၏။ ချိုလဲ့က အကျႌတွေ ဆွဲဆန့်ကာ သမီးလေး ဘက်ကို အမြန်လှည့်လိုက်ပြီး. . .

"အေး. . . မေမေရှိတယ်၊ သမီးလေး အိပ်အိပ်"

သမီးကို ပြန်ချော့သိပ်နေတုန်းမှာပင် ဘေးမှ နေမင်းထက်၏ သက်ပြင်းကြမ်းကြမ်းချသံကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . သမီးကို ချော့ပြီးမှပဲ မောင့်ကို ပြန်ချော့ရတော့မှာပဲ။

တွေးရင်း ပြုံးမိသွားသည်။ ခဏနေတော့ သမီးလေး ပြန်အိပ်ပျော်သွား၍ နေမင်းထက်ဘက် ပြန်လှည့်လိုက်တော့ စိတ်ရှည်လက်ရှည်ပင် စောင့်နေသည်ကို တွေ့လိုက်ရ၏။

ချိုလဲ့က အနားထပ်တိုးလိုက်ပြီး. . .

"မောင်. . . နဲနဲစိတ်ရှုပ်သွားတာလား"

နေမင်းထက်က ခေါင်းခါပြရင်း. . .

"မဟုတ်ပါဘူး. . . မောင်စဉ်းစားနေတာက သမီးကို အိပ်ယာခွဲအိပ်တတ်အောင် အလေ့အကျင့် လုပ်ပေးရတော့မယ်လို့ပါ"

"ဟွန်း. . . အပြောကောင်း"

စကားအဆုံးမှာတော့ နေမင်းထက် လက်တွေက ချိုလဲ့ ခန္ဓာကိုယ်လေးကို ဆွဲယူလိုက်ပြန်သည်။ ဒီတစ်ခါတော့ အိပ်မောကျနေပြီဖြစ်သော သမီးလေးဘက် တစ်ချက်လှည့်ကြည့်လိုက်ပြီး ချိုလဲ့လည်း မျက်စိလေး မှိတ်ထားလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

♥ အချိန်ဆိုတာ....
စောင့်နေသူထံ လာပုံနှေးတယ်၊
ကြောက်နေသူထံ လာပုံမြန်တယ်။

♥ အချိန်ဆိုတာ....
ပူပင်သူထံ လာပုံနှေးတယ်၊
ပျော်ရွှင်သူထံ လာပုံမြန်တယ်။

♥ အချိန်ဆိုတာ....
ချစ်သူတွေဆီကျတော့....
အဆုံးအစမဲ့စွာ ဖြတ်သန်းရောက်ရှိလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## (၂)

မနက်ပိုင်းမှာ ကုမ္ပဏီသို့ ဖြိုးဝေရောက်ချိန်လောက် မှန်းပြီး
ဖုန်းဆက်လိုက်သည်။ ချိုလှဲ့တို့သားအမိ မန္တလေးသို့ သွားရန် စိတ်ချ
သော ဒရိုင်ဘာဦးသော်ကို ခေါ်ချင်၍ဖြစ်သည်။

ဖြိုးဝေနှင့် တန်းတွေ့ပါသည်။ အကျိုးအကြောင်း ပြောပြလိုက်
တော့ ဖြိုးဝေက. . .

"အေး. . . ငါလွှတ်လိုက်မယ်လေ၊ ကားကတော့ မင်းအိမ်က
ကားနဲ့ပဲ သွားမှာလား"

"အေး. . ဟုတ်တယ်"

အိမ်မှာက အရေးကိစ္စ ပေါ်လာလျှင် ခရီးသွားဖို့အတွက် ကား



www.burmeseclassic.com

www.burmeseclassic.com



ဘစ်စီး အသင့်ရှိအောင် နေမင်းထက် စီစဉ်ထားသည်။ အမှန်တော့ ဒါတလည်း ချိုလှဲ့အတွက်ပဲဖြစ်သည်။ ခုလို သွားစရာ လာစရာကိစ္စက အချိန်မရွေး ပေါ်လာနိုင်သည်ပဲ။ အဲဒီခါမျိုးမှာ ကုမ္ပဏီက ကိုယ်စိတ်ချ ရသော ဒရိုင်ဘာတစ်ယောက်ကို လှမ်းခေါ်လိုက်ရုံသာ။

"ဒါဆိုရင် မင်း ရုံးလာဖို့ နောက်ကျမှာပေါ့"

"အေးကွာ. . . နည်းနည်းပါးပါးပေါ့၊ ဒီမှာ ချိုလေးက ခရီးသွား မယ့်ဟာကို ငါ့အတွက် ချက်ပြုတ်ပေးနေသေးလို့ ပြောနေရသေးတယ်"

ဖြိုးဝေက သဘောကျသလို ရယ်လိုက်ပြီမှ. . .

"မင်းမိန်းမကတော့ စံပါပဲကွာ၊ မင်းအတွက်ကတော့ အမေ တစ်ယောက်လိုပါပဲ၊ ဩော်. . . နေမင်းထက်၊ မချိုလှဲ့ကို ငါကလည်း နှုတ်ဆက်တယ်လို့ ပြောပေးပါကွာ"

"အေး. . အေးပါ"

ပြောပြီး ဖြိုးဝေက ဖုန်းချသွားသည်။ နေမင်းထက်လည်း ဖုန်း ပိတ်ပြီး ချိုလှဲ့ရှိနေသည့် ထမင်းစားခန်းထဲ ဝင်သွားလိုက်သည်။

ချက်ပြုတ်ကြော်လှော်နေသောချိုလှဲ့ကို သမီးလေး နေရီချိုက ခုံမှာ ထိုင်ရင်း တတွတ်တွတ် မေးနေသံကို အရင်ကြားလိုက်ရ၏။

"မေမေ. . . အဲဒါတွေက သမီးတို့ လမ်းမှာ စားဖို့ ယူသွားမှာ လားဟင်"

"ဒါပေါ့ သမီးရဲ့၊ မေမေတို့လည်း ယူသွားမယ်၊ ဒီမှာ ဖေဖေ စားဖို့လည်း ချန်ထားခဲ့မှာလေ"

"ဖေဖေက ဘာဖြစ်လို့ သမီးတို့နဲ့ အတူတူ မလိုက်တာလဲ မေမေ"

"ဩော်. . . ဖေဖေအလုပ်တွေ ရှုပ်နေလို့ပေါ့ သမီးရဲ့"

နေမင်းထက် ရပ်ကြည့်ရင်း ပြုံးမိတော့သည်။ စကားတတ်လွန်းသော တစ်တန်းကျောင်းသူ သမီးရဲ့အမေးကို ချိုလှဲ့ခမျာ အလုပ် လုပ်ရင်း ဖြေနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက်က သမီးဘေးမှာ ဝင်ထိုင်လိုက်ရင်း. . .

"မေမေ့ကို ဘာတွေမေးနေတာလဲ သမီးရဲ့"

သမီးက နေမင်းထက်ကို မဖြေသေးဘဲ နှုတ်ခမ်းလေး ချွန်ချွန်းစူလိုက်ကာ. . .

"ဖေဖေက ဘာဖြစ်လို့ သမီးတို့နဲ့ မလိုက်တာလဲ"

"ဖေဖေ့မှာ အလုပ်တွေ ရှုပ်နေလို့ပါ သမီးရယ်"

"ဘာလဲ. . . ဖေဖေက ဖိုးဖိုးကို မချစ်လို့လား"

သမီးစကားကြောင့် ချိုလဲ့က လှည့်ပြီး မျက်ခုံးပင့်ပြသည်။ နေမင်းထက်က သမီးခေါင်းကလေးကို ခပ်ဖွဖွ ပွတ်လိုက်ပြီး. . .

"မဟုတ်ပါဘူး သမီးရယ်၊ ဖိုးဖိုးရောဖွားဖွားရော ဖေဖေက ချစ်ပါတယ်၊ ဖေဖေ တကယ်အလုပ်များနေလို့ပါ၊ နောက်တစ်ခေါက်ဆိုရင် ဖေဖေ လိုက်ခဲ့မှာပါ၊ ပြီးတော့ ဒီနှစ် စာမေးပွဲအောင်ရင် ဖေဖေ သမီးလိုချင်တာ ဝယ်ပေးမယ်နော်"

"တကယ်လား"

လက်ညှိုးကလေး ထောင်ပြီး မေးနေသောသမီးကို ကြည့်ပြီး နေမင်းထက် ခေါင်းညိတ်ပြလိုက်သည်။

သမီးက သူ့အမေ ချိုလဲ့ကို တစ်ချက်လှမ်းကြည့်ပြီး နေမင်းထက်ဘက် ပြန်လှည့်လိုက်ပြီး. . .

"တကယ်နော်. . . ဒါဆိုရင် သမီးစာမေးပွဲအောင်ရင် ဟမ်းစတားကောင်လေး ဝယ်ပေး၊ သမီးမွေးချင်တယ်"

"ဟင်. . ဩော်. . သမီးလေး၊ အေးပါ သမီးရယ်"

ပြောရင်း ချိုလဲ့ကို လှမ်းကြည့်လိုက်တော့ ချိုလဲ့က ဘယ်လိုလဲဟူသော ဟန်အမူအရာဖြင့် ပခုံးတွန့်ပြသည်။ နေမင်းထက်မှာ သမီးကိုကြည့်ရင်း သက်ပြင်းသာ ကြိတ်ချမိတော့၏။ အမှန်တော့ ဒီလိုအိမ်မွေးတိရစ္ဆာန်လေးကို သူ မဝယ်ပေးချင်လို့ မဟုတ်ပါ။ ချစ်စွာသော သမီးလေးအတွက် အကောင်တစ်ရာတစ်ထောင်မက ဝယ်ပေးချင်ပါသည်။

www.burmeseclassic.com



သို့သော်လည်း ငယ်စဉ်ကတည်းကပင် နေမင်းထက်က တိရစ္ဆာန် ချစ်တတ်သူ မဟုတ်သလို ဒီလိုတိရစ္ဆာန်တွေဆီက ရောဂါတစ်ခုခု သမီးကို ကူးစက်မိမှာစိုးသည်။ ဒါကြောင့်လည်း သမီးအရင် ပူဆာတုန်းကလည်း လှည့်ပတ်ပြီး ငြင်းခဲ့၏။ ခုတော့ သမီးက တောင်းဆိုလာပြန်ပြီ။ ဒီတစ်ခါတော့ စိတ်ချမ်းသာအောင် ဝယ်ပေးလိုက်တော့မယ်ဟု တွေးရင်း. . .

"အေးပါ သမီးရယ်၊ ဖေဖေ ကတိပေးပါတယ်"

သမီးက ဟေးဟု ဝမ်းသာအားရ အိမ်ရှေ့သို့ ပြေးထွက်သွား၏။ နှစ်ယောက်တည်း ကျန်တော့မှ ချိုလဲ့က ပြောလာသည်။

"မောင့်စကားနဲ့မောင်နော်. . . သမီးက မောင့်စကားကို မှတ်ထားလိမ့်မယ်"

"ဒီတစ်ခါတော့ ဝယ်ပေးလိုက်ပါ့မယ် ချိုလေးရယ်"

ချိုလဲ့က ပြုံးပြီး ပြန်ကြည့်သည်။ ပြီး သူ့အတွက် လုပ်ထားသောဟင်းတွေကို နေရာနှင့် ပြသပြီး စားဖြစ်အောင်စားဖို့ တတွတ်တွတ် မှာနေပြန်သည်။

အားလုံးပြီးသွားတော့မှ နေမင်းထက်ပါးကို လာနမ်းပြီး. . .

"ချိုလေး နေ့တိုင်း ဖုန်းဆက်မယ်နော်၊ မှာတာတွေလည်း မမေ့နဲ့ဦး၊ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်တော့ မချချင်ဘူး"

"စိတ်ချပါ ချိုလေးရာ၊ ချိုလေး ခရီးသွားနေပေမယ့်လည်း အိမ်မှာ ချိုလေးရှိနေတဲ့အတိုင်း မောင်နေမှာပါ"

ပြောရင်း ချိုလဲ့ကို ပြန်ပွေ့ဖက်လိုက်ပြီး တစ်ပတ်စာအနမ်းတွေ ကြိုချွေလိုက်ပါသည်။ ချိုလဲ့က အလိုက်သင့်လေး နေပေးပြီးမှ. . .

"ကဲ. . . မောင် အိမ်ရှေ့သွားရအောင်၊ ခဏနေရင် ဦးသော် ရောက်တော့မယ်ထင်တယ်"

အိမ်ရှေ့မှာ စောင့်ပြီး သိပ်မကြာလိုက်ပါ။ ဦးသော် ရောက်လာပြီး ဂိုထောင်ထဲမှ ကားကို အရင်သွားစစ်ဆေးနေသည်။ ဦးသော်နဲ့က တိုးအရင်ကတည်းက သိကျွမ်းခဲ့ရသည်မို့ ကားနှင့် ပတ်သက်တာရော



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်လူမှုရေးအပိုင်းမှာပါ ယုံကြည်စိတ်ချရပါသည်။

ခရီးမထွက်ခင် ချိုလှဲ့နှင့်သမီးက နေမင်းထက်ကို ကန်တော့ကြသည်။ မျက်စိရှေ့က ပျောက်သွားသည့် ကားလေးကို ကြည့်ရင်း အိမ်ထဲမှာ တိတ်ဆိတ်မှုနှင့်အတူ ခြောက်သွေ့သွားသလို ခံစားလိုက်ရသည်။

အင်း. . . ခုမှ ထွက်သွားတာကို ငါ့မှာ ခုပဲ သတိရနေပြန်ပြီ။

ကိုယ့်အဖြစ်ကိုယ်တွေးရင်း ပြုံးမိတော့၏။ အိမ်မှာ နေရင် ပိုလွမ်းနေရဦးမယ်ဟု ဆက်တွေးလိုက်ပြီး ကုမ္ပဏီသွားရန် ပြင်ဆင်လိုက်သည်။

ချိုလေး မှာခဲ့ပေမယ့် ဒီည ပါတီပွဲရှိတော့ အိမ်ပြန်နောက်ကျဦးမှာပါပဲ။

ကုမ္ပဏီ ရောက်တော့ ဖြိုးဝေကို လှမ်းရှာကြည့်သေးသည်။ မတွေ့ရသေး။ နီးစပ်ရာဝန်ထမ်းတစ်ယောက်ကို ဖြိုးဝေလာရင် အထဲကို လွှတ်လိုက်ပါဟု မှာထားခဲ့ပြီ ရုံးခန်းထဲ ဝင်သွားလိုက်သည်။

ဒီမနက်ပိုင်း လုပ်စရာရှိတာလေးတွေကို လက်(ပ်)တော့ ဖွင့်ပြီး အရင်ကြည့်နေလိုက်၏။ ကုမ္ပဏီက ဒီနေ့အထိ အခြေအနေတိုးတတ် အောင်မြင်ပါသည်။ သူငယ်ချင်းဖြိုးဝေကလည်း သူ့အပေါ် သစ္စာရှိရှိ တူညီပြီး လုပ်ပေးနေခြင်းကြောင့်လည်းဖြစ်၏။ ဖြိုးဝေအပေါ် ဝန်ထမ်း တစ်ယောက်လို မဟုတ်ဘဲ သူငယ်ချင်း လူယုံတစ်ယောက်အဖြစ် နေမင်းထက်က တန်ဖိုးထားသည်။ ဘယ်ကိစ္စမဆို နေမင်းထက် မရှိလျှင် မအားလျှင် ဖြိုးဝေကသာ ဆုံးဖြတ်ဆောင်ရွက်ရသည်ပဲ။ ဒီကုမ္ပဏီမှာ နေမင်းထက်ပြီးလျှင် ဖြိုးဝေက အကြီးဆုံးလို ဖြစ်နေသည်။

ဒါကြောင့်လည်း ဒီကုမ္ပဏီ ပိုပြီးတိုးတက်အောင်မြင်လာတော့ ကျောင်းတက်စဉ်က သူတို့နှစ်ယောက် မက်ခဲ့ဖူးတဲ့အိပ်မက်အတိုင်း ဒီနေ့ဒီအချိန်မှာ ဘောလုံးအသင်းတစ်သင်းကို ဝယ်ယူနိုင်ခဲ့ပြီ။ နှစ်ယောက်စလုံး ဝါသနာအိုးတွေပီပီ သူများပွဲစဉ်တွေ ကြည့်ရတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



အားအရနိုင်ဘဲ ကိုယ်ပိုင်အသင်းထောင်ပြီး ကိုယ့်အသင်းကပေးသော စိတ်သွင်ရှားမှုမျိုးကို ရင်ခုန်ချင်တာမျိုးဖြစ်သည်။ လက်ရှိအနေအထားမှာလည်း ကိုယ့်အသင်းက ဖယားထိပ်ဆုံးမှာ ရပ်တည်နေတော့ သူတို့အတွက် ဂုဏ်ယူစရာပါပဲ။

ထိုအောင်မြင်မှုတွေကြောင့်လည်း ဒီညမှာ ကုမ္ပဏီက ဝန်ထမ်းတွေနှင့် ဘောလုံးအသင်းသားတွေကို ရင်းနှီးပြီး ပျော်ရွှင်စေရအောင် ပါတီပွဲ လုပ်ပေးခြင်းဖြစ်သည်။

ထိုင်စဉ်းစားနေတုန်း ဖြိုးဝေ ဝင်လာ၍ အတွေးစက ပြတ်သွားရသည်။ ဖြိုးဝေက သူ့ရှေ့ မျက်နှာချင်းဆိုင်ခုံမှာ သက်တောင့်သက်သာ ဝင်ထိုင်ရင်း စပြောလာ၏။

"မင်းထက်. . . မင်း ငါ့ကို ခေါ်တယ်ဆိုလို့"

ဖြိုးဝေက နေမင်းထက်ကို ကျောင်းတုန်းကလိုပဲ မင်းထက်ဟု ရင်းရင်းနှီးနှီး ခေါ်လေ့ရှိသည်။ နေမင်းထက်က ရယ်ပြလိုက်ပြီး. . .

"ဘာရယ်မဟုတ်ပါဘူး ဖြိုးဝေရာ၊ တစ်ရက်တစ်ရက် အလုပ်ကိစ္စတွေနဲ့ဆိုတော့ မင်းနဲ့ငါ အေးအေးဆေးဆေး စကားမပြောဖြစ်လို့ပါ၊ ခုရော ဘာအရေးကြီးကိစ္စ ကျန်သေးလဲ"

တစ်ချက်စဉ်းစားလိုက်ပြီးမှ ဖြိုးဝေက. . .

"အင်း. . . အရမ်းအရေးကြီးတာမျိုးတော့ မရှိပါဘူး၊ မင်းပြောတာလဲ ဟုတ်သား မင်းထက်ရ၊ မင်းနဲ့ငါ ဆုံပြီး မသောက်ဖြစ်တာတောင် ကြာပြီ"

"ငါလည်း အဲ့ဒါပြောမလို့ပဲ၊ မင်းက လူလွတ်ဆိုတော့ ကိစ္စမရှိဘူးလေ၊ ငါ့မှာက ချိုလေးတို့ ရှိနေတော့ အချိန်ပေးရသေးတယ်၊ ဒီတစ်ရက်နှစ်ရက်တော့ ဆုံဖြစ်မှာပါ"

စကားဆုံးတော့ သဘောကျသလို ဖြိုးဝေက တဟားဟား ရယ်လိုက်သေးသည်။ ပြီးမှ နေမင်းထက်ကို ကြည့်ပြီး. . .

"ဩော်. . ဩော်. . မင်းက မချိုလဲ့တို့ ခရီးသွားတုန်း ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး လူပျိုလုပ်ချင်တာပေါ့. . . ဟုတ်လား၊ အခွင့်အရေး ရတာနဲ့ တဲချင်နေပြီထင်တယ်"

နေမင်းထက်က ဖြိုးဝေအပြောကြောင့် ရှက်ပြုံးပြုံးလိုက်ပြီး. .

"အဲဒီလို သဘောလည်း မဟုတ်ပါဘူးကွာ မင်းကလည်း၊ ငါ့တို့တော့ လာပြောနေတယ်၊ မင်းရော ဘာထူးလဲ၊ ခုလို လွတ်လွတ်လပ်လပ် နေချင်လို့ မိုးမိုးကို မယူသေးတာ မဟုတ်လား"

"ထားပါတော့ကွာ. . . ထားပါတော့"

ပြောရင်း နှစ်ယောက်သား ကျောင်းတုန်းကလို ပေါ့ပေါ့ပါးပါး ရယ်မိကြသည်။ ဖြိုးဝေဆိုတဲ့ကောင်ကလည်း ပြောရင် ပြောစရာပါပဲ။ နေမင်းထက်နှင့်ချိုလဲ့တို့ မကြိုက်ခင်ကပင် သူနှင့်မိုးမိုးတို့ ကြိုက်နေကြပြီး ခုချိန်မှာ နေမင်းထက်က သမီးတစ်ယောက် ရကာ ကျောင်းပင်တတ်နေပြီ။ သူတို့က ခုထိ လက်မထပ်ဖြစ်သေး။ နှစ်ဖက်စလုံး အစစအရာရာ အဆင်ပြေကြပေမယ့် ဘာကြောင့်မှန်းမသိ ဒီအတိုင်း နေနေကြသည်။ နေမင်းထက်က အကုန်ကျခံပြီး မင်္ဂလာဆောင်ပေးမည်ဟု ပြောလျှင်တောင် ဖြိုးဝေ ရယ်မောပြီး ပြောလေ့ရှိသည်။

"နေပါစေကွာ. . . ဒီအတိုင်း နေရတာ ပိုအရသာရှိတယ်ကွ"

သူ အရသာရှိတယ်ဆိုတော့လည်း နောက်ပိုင်းမှာ နေမင်းထက် မတိုက်တွန်းတော့ပါ။ ခုလည်း ဟိုအကြောင်းဒီအကြောင်းတွေ ပြောကြရင်း ဘောလုံးဘက်ကို စိတ်က ရောက်သွားကြပြန်သည်။ နှစ်ယောက်သား ဝါသနာပါလှသည်မို့ ကိုယ်ပိုင်အသင်းတောင် တည်ထောင်ထားသည်ကိုး။

"ဒါနဲ့ ညနေ ပါတီပွဲကို မင်း တန်းလာမှာလား"

ရုံးက တန်းလာမှာလားဟု ဆိုလိုခြင်းဖြစ်သည်။ နေမင်းထက်က ကိုယ့်အဝတ်အစားကို ပြန်ကြည့်ရင်း. . .

"မင်းပဲ တခြားအသင်းက လူကြီးတွေ ပြီးတော့ ဘောလုံးအဖွဲ့ထဲက တာဝန်ရှိတဲ့လူတွေကို ဖိတ်ထားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . အဲဒါနဲ့ မင်း တန်းလာမလာတာနဲ့ ဘာဆိုင်လို့လဲ"

"ဟကောင်ရ. . . မင်းနဲ့ငါက ခု ဒီအသင်းကို ဝယ်ထားတဲ့ ပိုင်ရှင်အသစ်တွေလေ၊ အသင်းကလည်း လက်ရှိအအောင်မြင်ဆုံး အသင်း၊ ငါတို့ကလည်း အောင်မြင်နေတဲ့ အသင်းပိုင်ရှင်တွေဆိုတော့ လူအမြင်ကောင်းအောင် ရှိုင်းရမှာပေါ့ကွ"

ဖြိုးဝေက တဟားဟား ထပ်ရယ်ပြန်သည်။

"လုပ်ပါကွာ. . . လုပ်ပါ၊ ငါ့လို လူပျိုတောင် သတိမရဘူး၊ သိပ်လည်း လုပ်မလာနဲ့ဦး၊ မင်းကို ခိုက်ပြီး လူပျိုမှတ်လို့ တစ်ယောက်ယောက်က ဆွဲစိသွားဦးမယ်"

"ဒါဆိုလည်း လာထားပေါ့ကွာ"

ရယ်သလိုမောသလိုနှင့် နေမင်းထက်က ရွှတ်နောက်နောက် ပြောလိုက်သည်။ တကယ်လည်း ဘာရည်ရွယ်ချက်မှ မပါဘဲ ကျောင်းတုန်းကလို ပေါ့ပေါ့ပါးပါး ပြောလိုက်ခြင်းသာဖြစ်၏။

ပြောရင်း ဖြိုးဝေက တစ်ခုခုကို သတိရဟန်ဖြင့် ပြောလာသည်။

"ဩော်. . . နေဦးကွ၊ ငါတို့ပါတီပွဲကို ခု ဂျာနယ်လောကမှာ တရှိန်ထိုး အောင်မြင်နေတဲ့ နယူးကလပ်(NEW Club)ဂျာနယ်ကလည်း သတင်းလာယူမယ်တဲ့"

"ဒါများကွာ. . . ဒီလိုပွဲမှာ ဘောလုံးဂျာနယ်ကလူတွေ လာတာ. . ဘာဆန်းလို့လဲ"

စကားအဆုံးမှာ ဖြိုးဝေက ခေါင်းခါလိုက်ရင်း. . .

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲ့ဒီဂျာနယ်က နည်းနည်းထူးခြားတယ်ကွ"

"ဘာလဲ. . . ခန့်မှန်းတွေ အရမ်းမှန်လို့လား"

"အကောင်းပြောတာပါကွာ. . ငါသိထားတာက အဲ့ဒီဂျာနယ်



www.burmeseclassic.com

www.burmeseclassic.com



တို ဦးဆောင်ကိုင်တွယ်နေတာ အမျိုးသမီးကွ၊ ပြီးတော့ ဒီ လောကမှာ အမျိုးသမီး ဦးဆောင်ပြီး သူ့ရဲ့လိုင်းအပ်အောက်မှာ ဒီလို ဂျာနယ် အောင်မြင်နေတာကြောင့် ဂျာနယ်ထက် သူက ပိုနာမည်ကြီးနေတာ”

နေမင်းထက်က မျက်ခုံးနှစ်ဖက် ပင့်ပြလိုက်သည်။

“ဟုတ်လား. . . ငါတောင် မသိသေးဘူး”

ဖြိုးဝေက ပခုံးပြန်တွန့်ပြရင်း. . .

“ငါလည်း သိရတာ မကြာသေးဘူး၊ လူလည်း မမြင်ဖူးသေးပါ ဘူး၊ ဒါပေမယ့် ဒီညမှာ အဲဒီအမျိုးသမီးကိုယ်တိုင် လာမယ်လို့ ကြား တယ်၊ လာရင်တော့ မင်းတွေ့ရမှာပါ. . .”

“လာရင်တော့ တွေ့ပြီပေါ့ကွာ. . . မင်းကလည်း”

ခပ်ပေါ့ပေါ့ ပြောလိုက်သည့်စကားကို ဖြိုးဝေက. . .

“အေးပါ. . . လာရင်တော့ တွေ့မှာပါ၊ တစ်ခုထပ်ထူးခြားတာ က အဲဒီအမျိုးသမီးဟာ အောင်မြင်သလောက် လှတယ်၊ ခေတ်မီတယ်၊ ပြီးတော့ ငါတို့ထက်တောင် ငယ်သေးတယ်လို့ ကြားတယ်”

“ဟေ. . . ဟုတ်လား၊ စိတ်ဝင်စားစရာပဲ”

အံ့ဩဟန် ပြလိုက်သော နေမင်းထက်ကို ဖြိုးဝေက ခပ်တည် တည် ထပ်ပြောလိုက်သည်။

“ဟုတ်တယ်. . . ငါလည်း စိတ်ဝင်စားမိတာပဲ၊ သူ့နာမည်က ဘာလဲ၊ ဩော်. . . မိုးမခတဲ့”

“မိုးမခတဲ့လား”

နေမင်းထက် ခပ်တိုးတိုး ရေရွတ်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



(၃)

အခြင်မှာ အမှောင်ရိပ် စွန်းပေနေပြီဖြစ်သော်လည်း ပါတီပွဲကျင်းပရာ ဟိုတယ်ခန်းမထဲမှာတော့ မီးရောင်စုံများဖြင့် လင်းလက်စေဆာလျက် ရှိနေသည်။ နေမင်းထက်က အနည်းငယ် နောက်ကျပြီးမှ ရောက်သွားခြင်းဖြစ်၏။ သူရောက်သွားတော့ ဖိတ်ထားသော ဧည့်သည်များပင် စုံနေပြီ။

နေမင်းထက်ကို မြင်တော့ ဖြိုးဝေက အနားကပ်လာပြီး စုပ်ချည်ဆန်ချည် ကြည့်ကာ. . .

"အင်း. . . ဝတ်ထားစားထားတာတော့ လန်းနေတာပဲ၊ ဒါနဲ့ ဘာဖြစ်လို့ နောက်ကျနေတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလား. . . အဲဒါ ဟစ်တလာစတိုင်လေ"

"ဘာ. ."

ရယ်တဲ့တဲ့ ဖြေလိုက်သောစကားကြောင့် ဖြိုးဝေမျာ အူတူတူ ဖြစ်သွားသည်။ နေမင်းထက်ကပဲ ရယ်လက်စနှင့်. . .

"အလတား နောက်တာပါကွာ၊ ဟစ်တလာက အခမ်းအနား တွေ သွားရင် တမင်နောက်ကျပြီးမှ သွားတာကွ၊ လူတွေ စိတ်ဝင်စား အောင်တဲ့လေ၊ အဲဒါလေးကို သတိရသွားလို့ပါ"

"ဘာများလဲလို့ကွာ. . ဟော့ကောင်. . ဒီညတော့ အေးအေး ဆေးဆေးမှ ပြန်နော်"

"အေးပါကွ"

နှစ်ယောက်သား ဧည့်သည်တွေကို လိုက်နှုတ်ဆက်လိုက် သည်။ အများစုကတော့ သူတို့လို ငယ်ငယ်ရွယ်ရွယ်နှင့် ခုလို ဘောလုံး အသင်းတည်ထောင်နိုင်တာကို ချီးကျူးစကားတွေ ပြောကြသည်ပေါ့။

နေမင်းထက်လည်း ဘောလုံးအသင်းသားတွေကို သွားတွေ့ပြီး ဒီပွဲမှာ လွတ်လွတ်လပ်လပ် ပျော်ကြရန်၊ ဖိစီးမှုတွေ မထားကြရန် ပြော လိုက်သည်။ နောက်တစ်ပွဲ ကန်ရဖို့ကလည်း သုံးရက်တောင် လိုနေ သေးသည်ပဲ။

ခဏာနေတော့ ငြီးစီစီ ဖြစ်လာ၍ 'ဘား' သို့ သွားပြီး နည်းနည်း သောက်ရန် စိတ်ကူးမိသည်။ ပါတီကျင်းပရာခန်းမထဲတွင် ကိုယ်ကြိုက် ရာ သောက်နိုင်ရန် မျိုးစုံရသော 'ဘား' တစ်ခုစီစဉ်ပေးထားသည်။

ဖြိုးဝေကို လှမ်းကြည့်လိုက်တော့ ဧည့်သည်တချို့နှင့် စကား ကောင်းနေ၍ တစ်ယောက်တည်းပဲ ထွက်လာခဲ့သည်။

'ဘား' ရှေ့ရောက်တော့ အပြင်းမသောက်ချင်သေး၍ 'ကော့ တေး' တစ်ခွက်ပဲ အရင်မှာလိုက်သည်။ 'ဘား' ကိုင်သောတစ်ယောက် က ရပြီ ဆရာဟု ပြောသော်လည်း မယူဖြစ်သေးဘဲ ပျော်ရွှင်နေကြ သော ပါတီပွဲ တက်လာသည့်လူများကို ကြည့်ပြီး ကြည်နူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးဂျာနယ်မှ သတင်းထောက်တွေကလည်း ဘောလုံးသမားတွေကို မေးလိုက်၊ အသင်း၏ပိုင်ရှင်အမည်ခံထားသော ဖြိုးဝေကို အင်တာဗျူးလိုက် လုပ်နေကြသည်။ အဲ့ဒီလိုမေးခွန်းတွေ မဖြေချင်၍လည်း နေမင်းထက်က ဖြိုးဝေကို ရှေ့တင်ထားခြင်းဖြစ်သည်။

တွေးရင်းနှင့် လှည့်ပြီး . . ကော့တေးခွက်ကို လှမ်းယူလိုက်စဉ်မှာပဲ. . .

"ဟင်"

နေမင်းထက် ကြောင်သွားရသည်။ သူလှမ်းယူလိုက်သောခွက်ကို လက်ဖြူဖြူလေးတစ်ဖက်က ဆတ်ကနဲ လှမ်းယူသွားသောကြောင့်ဖြစ်၏။

ဘာလဲဟ. . . ငါမှာထားတဲ့ဟာကို။

စိတ်ထဲ တင်းကနဲ ဖြစ်သွားပြီး ခွက်ကို ယူသွားသောလူကိုလှည့်ကြည့်မိသည်။

ဟား. . .

စိတ်ထဲက 'တ' မိလိုက်ခြင်းဖြစ်၏။ စိတ်ဆိုးပြီး မပြောရက်နိုင်လောက်အောင်ပင် ကျော့ရှင်းလှပသူလေးတစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။

ထိုမိန်းကလေးကတော့ နေမင်းထက်ကို ဘေးနားမှာ ရှိသည်တုပင် မထင်မှတ်ဘဲ နှုတ်ခမ်းဖူးဖူးလေးဖြင့် 'ကော့တေး' ခွက်ကို လှပပြင်သာစွာ စုပ်သောက်နေသည်။

နေမင်းထက်လည်း စိတ်ထဲမှာ ခုနကလို တင်းမာမှုတွေ မရှိတော့ဘဲ ကျလိကျလိ ဖြစ်သွားသည်မို့ ခပ်တည်တည် လှမ်းပြောလိုက်သည်။

"ဟော့. . . မင်းသောက်နေတာ ကိုယ့်ခွက်ကွ"

မိန်းကလေးက ဆတ်ကနဲ လှည့်ကြည့်သည်။ ပြီး မျက်လုံးလေးတွန့်ချိုးသွားရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ပြောနေတာလား"

"ဟုတ်တယ်လေ. . . အဲဒီခွက်က ကိုယ်မှာထားတာ"

"ဩော်. . . ရှင့်ခွက်ပျောက်သွားတာပေါ့၊ ဒီလိုလား"

မထုံတက်တေးပုံစံမျိုးဖြင့် ပြန်မေးနေသေးသည်။ နေမင်းထက် စိတ်ထဲမှာ တင်းသွားရသည်။ ပြောနေပုံကပဲ သူတောင်းစား ခွက်ပျောက်တာလားဆိုတဲ့ပုံစံမျိုး။

ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ. . .

"ဆောရီးပဲ. . . ဒါ ရှင့်ခွက်ဆိုလည်း ပြန်ယူလေ၊ ဟော့. . . တော့တေးတစ်ခွက်လောက်"

ခွက်ကို ပြန်တွန်းပေးရင်း နောက်တစ်ခွက်ပင် ထပ်မှာလိုက်သေးသည်။ ရှေ့ရောက်လာသောခွက်က တစ်ဝက်လောက် ကျန်နေသေးသည်။

မသောက်ဘဲ ကြည့်နေတုန်း သူမ မှာထားသောခွက် ရောက်လာသည်နှင့် နေမင်းထက် ခွက်ထဲကို ပြန်ဖြည့်ပေးရင်း. . .

"အိုကေနော်. . . ရှင့်ခွက်က အရင်အတိုင်းပဲ ပြန်ဖြစ်သွားပြီ၊ ကျွန်မက ကိုယ်မှာထားတဲ့ခွက် ထင်လို့"

"ရပါတယ်"

ပြောရင်း ရှေ့က ခွက်ကို ယူသောက်လိုက်သည်။ ခွက်နှုတ်ခမ်းတ ရနံ့တစ်မျိုး ရသဖြင့် ကြည့်လိုက်တော့ နှုတ်ခမ်းနီပျပျ ပေစွန်းနေသည်ကို တွေ့လိုက်ရသည်။ ဒီမိန်းကလေးကို သူ မမြင်ဖူးပါ။ ဒါပေမယ့် ဖြိုးဝေ ဖိတ်ထားသော တစ်ယောက်ယောက်ပဲဖြစ်လိမ့်မည်။

နေမင်းထက်ကပဲ စကားမရှိ စကားရှာပြီး ပြန်ကြည့်တာ. . .

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီပွဲကို လာတာလည်း ကျေးဇူးပါပဲ၊ ဒါနဲ့ မင်းက ဘယ်မီဒီယာက. . ."

စကားအဆုံးမှာပဲ နေမင်းထက်ကို ရဲရဲတင်းတင်း ပြန်ကြည့်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဝမ်းသာပါတယ်ရှင်၊ ရှင့်အသင်းရဲ့အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ် ကိုနေမင်းထက်"

"ဗျာ. . "

"အံ့သြသွားလို့လား. . . ဒီအသင်းရဲ့ပိုင်ရှင်အစစ်ကို ကျွန်မသိနေတာ အံ့သြစရာများ ဖြစ်နေလို့လား"

"ဟာ. . . မဟုတ်ပါဘူး၊ ဒါပေမယ့် တော်တော်များများ မသိကြတော့. . . "

စကားမဆုံးခင်မှာပဲ. . .

"တော်တော်များများ မသိပေမယ့် ကျွန်မသိတယ်လေ. . . ဘာဖြစ်လို့လဲ"

ဘာပြန်ပြောရမှန်းမသိပင် ဖြစ်နေရသည်။ သူ့ကို ကြည့်နေသည့် စူးရှသောမျက်ဝန်းတွေက ရင်ထဲအထိ ထိုးဖောက်မြင်နေသလိုမျိုး ခံစားနေရသည်။ အကြည့်တစ်ချက်နှင့်ပင် တော်တော်ဆွဲဆောင်မှုရှိနေတာကို နေမင်းထက် ကိုယ့်ကိုယ်ကို ဝန်ခံမိသည်။

နေမင်းထက်က ကြောင်အမ်းပြီး ဘာမှပြန်မပြောသဖြင့် သူမက အကြည့်လွှဲလိုက်သည်။ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်ကို နေမင်းထက် မငြင်းနိုင်ပါ။

စိတ်ထဲမှာ ပူနွေးပြီး တစ်ခုခု ပြောရန် ကြိုးစားနေစဉ်မှာပဲ ဖြိုးဝေက အနားရောက်လာပြီး. . .

"အောင်မာ. . . မင်းက ငါ့ကိုတောင် မစောင့်ဘဲ ဒီမှာ လာသောက်နေတာပေါ့ ဟုတ်လား"

ရယ်ကျဲကျဲ လုပ်လိုက်ပြီး နေမင်းထက်က. . .

"မဟုတ်ပါဘူးကွာ. . . ဒီလို လူတွေ ရှုပ်နေရင် ငါမနေတတ်တာ မင်းသိသားနဲ့"

"ထားပါတော့. . . ငါ့မှာတော့ မေးခွန်းတွေ ဖြေလိုက်ရတာ အမောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့ လုပ်ပေးရမှာပေါ့ကွာ"

နေမင်းထက်ပြောရင်း ဘေးက မိန်းကလေးကို ဖျတ်ကနဲ ကြည့်မိသည်။ ရင်ထဲမှာလည်း ဒိန်းကနဲ ဖြစ်သွားရ၏။ ရီဝေဝေ စိုက်ကြည့်နေသည့် သူမမျက်ဝန်းတွေက နေမင်းထက်ဆီ စူးစိုက်ရောက်ရှိနေမြဲသည်။

နေမင်းထက် ကြည့်နေသော်လည်း အကြည့်ကို လွှဲမသွား။ နှစ်ယောက်သား ပတ်ဝန်းကျင်ကို မေ့ပြီး အကြည့်တွေ ဝတ်မှုန်ကူးနေမိသည်။

နှစ်ယောက်စလုံးကို ကြည့်ပြီး ဖြိုးဝေက ရိပ်မိသွားဟန် တူသည်။ ဘယ်လိုထင်သွားသည်မသိ၊ စကားတစ်ခွန်း ဆိုလာ၏။

"ဩော်. . . မင်းထက် မင်းမိန်းမဆီက ဖုန်းလာသေးလား"

ထိုမေးခွန်းကြောင့် ဆတ်ခနဲ ဖြစ်သွားပြီး. . .

"အာ. . . မင်းကလည်း၊ သူတို့ လမ်းမှာပဲ ရှိဦးမှာပေါ့"

ပြောရင်း စိတ်က မလုံသလို ဟိုမိန်းကလေးကို ကြည့်လိုက်တော့ သူမက နှုတ်ခမ်းလေးများပင် ကွေးညွတ်သွားသေးသည်။

နေမင်းထက်မှာပဲ ခုနက အကြည့်ချင်း ကြည်နူးနေခဲ့မိသည်ကို အားနာမိပြန်၏။ သို့သော်လည်း မိန်းကလေးက ဘာမှမထူးခြားပုံမရ။

ဩော်. . ငါ့ကိုတောင် ဒီလောက်သိနေမှတော့ ငါ့မှာ မိသားစုရှိတာလည်း သိနေမှာပေါ့။

တွေးရင်း နည်းနည်းစိတ်သက်သာရာရသွားပြီး ခုနက သူမနှင့် အကြည့်ချင်း ပြိုင်ပြီး ခဏတာ ကြည်နူးနေမိတာကိုလည်း ရှက်သွားရသည်။

စဉ်းစားရင်း ဖြိုးဝေကိုပဲ လှည့်ပြောလိုက်၏။

"ဖြိုးဝေ. . . ဒီမှာ ပြီးသွားရင် တစ်နေရာမှာ သွားထိုင်ရအောင်ကွာ"

ဖြိုးဝေက ခပ်အေးအေးပဲ သူ့ဘက်ကို ပြန်ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သွားတာပေါ့၊ ဒီပွဲကို ဦးကျော်ကိုပဲ ထိန်းထားခိုင်းလိုက်မယ်လေ"

ဦးကျော်ဆိုတာက အသင်း၏တာဝန်ခံ အုပ်ချုပ်သူဖြစ်သည်။ နေမင်းထက်လည်း ခွက်ထဲက လက်ကျန် 'ကော့တေး' ကို မော့ချလိုက်ပြီး. . .

"ကဲ. . . ဒါဆိုလည်း လစ်ကြမယ်၊ အဲ. . ဟိုတစ်ယောက် ခွင့်ပြုပါဦး၊ နာမည်လည်း မသိလို့ပါ"

ဘေးနားမှ မိန်းကလေးကို လှမ်းပြောလိုက်ခြင်းဖြစ်၏။ သူ့အပြောကြောင့် ဆတ်ကနဲ လှည့်လာပြီး မျက်နှာမှာ အပြုံးတစ်ခု တပ်ဆင်လိုက်ကာ. . .

"ဩော်. . ဟုတ်ကဲ့ပါ၊ ကျွန်မလည်း ပြန်တော့မှာပါ၊ ကျွန်မတို့ ဖိတ်တာ ကျေးဇူးပါပဲ ကိုဖြိုးဝေ"

"ဗျာ. ."

ဖြိုးဝေ အူတူတူ ဖြစ်သွားရ၏။ ကြောင်အမ်းနေစဉ်မှာပဲ. . .

"သိပ်မအံ့ဩပါနဲ့ရှင်. . . ကိုနေမင်းထက်ကိုလည်း ကျေးဇူးပါ၊ ကျွန်မက နယူးကလပ်(NEW Club)ဂျာနယ်က မိုးမခပါ"

"ဩော်. . ဟုတ်ကဲ့၊ ခုမှပဲ သိရတော့တယ်၊ ဒီလောက် နာမည်ကြီးနေတာကို၊ ခုမှပဲ မြင်ဖူးတော့တယ်"

"အဲ့ဒီလောက်လည်း မဟုတ်သေးပါဘူးရှင်"

စကားဆုံးတော့ နေမင်းထက်နှင့် ဖြိုးဝေတို့ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။

ထိုအချိန်မှာ မိုးမခက ညို့အားပြင်းသောအပြုံးတစ်ခုကို ပြုံးပြရင်း လှပစွာ ရှေ့က ထွက်ခွာသွားလေပြီ။

နေမင်းထက် မင်သက်ပြီး ငေးကြည့်နေတုန်း ဖြိုးဝေက ခေါင်းကိုခိုင်လှုပ်ရင်း. . .

"ဟော့ကောင်. . . မျက်လုံးလဲ ကျွတ်ပါသွားဦးမယ်၊ အင်း. . .



www.burmeseclassic.com

www.burmeseclassic.com



မင်းကို သူကြည့်တဲ့အကြည့်ကလည်း ပြင်းတယ်နော်”

ဖြိုးဝေစကားက အဓိပ္ပါယ်တစ်မျိုး ထွက်နေသောကြောင့် ခပ်အေးအေးပဲ ပြောလိုက်မိသည်။

“မိုးမခဆိုတာ တော်တော်ဆွဲဆောင်မှု ရှိတာပဲကွ၊ ငါတောင် မျောပါသွားတယ်”

ရှက်ရယ်,ရယ်ပြီး ပြောလိုက်မိသည်။ ဖြိုးဝေက. . .

“ဟေ့ကောင်. . . မင်းမိန်းမ ခရီးသွားတာ တစ်ရက်ပဲ ရှိသေးတယ်နော်”

“ငါသိပါတယ်ကွာ. . . ဒါကို မင်းက ဖောက်ပြန်တယ်လို့ စွပ်စွဲရင်လည်း ငါလက်ခံပါတယ်၊ ဒါပေမယ့် မျက်လုံးချင်းပဲ ဖောက်ပြန်မိတာပါကွာ၊ သူက စွဲမက်စရာကောင်းလွန်းလို့ ခဏမျောပါသွားတာပါ”

စကားအဆုံးမှာ ဖြိုးဝေက မျက်နှာထားတည်တည်ဖြင့် ပြောလိုက်သည်။

“အေး. . . ခဏလေးကနေ တစ်ဘဝလုံး မျောပါသွားမှာစိုးလို့ ငါပြောရတာပေါ့”

ဖြိုးဝေစကားအဆုံးမှာတော့ နေမင်းထက်တစ်ယောက် ငြိမ်သက်နေမိသည်။ မိုးမခ၏မျက်နှာလေး ပြန်မြင်ယောင်မိပြီး ခေါင်းကိုသာ ခါယမ်းမိတော့၏။

လက်ရှိအနေအထားကိုသာ ခေါင်းခါယမ်းလို့ ရပေမယ့် မမြင်နိုင်သည့် ကံကြမ္မာကိုတော့ နေမင်းထက် ရှောင်ရှားလို့ရမည်လား။

ကံကြမ္မာသည် သူ၏လိုအပ်ချက်ကို တစ်ခါတစ်ရံမှာ ဘယ်သူ့တိုမှ ငြင်းဆန်ခွင့် မပေးခဲ့တာက ကမ္ဘာဦးအစကပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# (၄)

**နောက်**နေ့ နေ့လည်လောက်မှာ ချိုလဲ့ဆီမှ ဖုန်းဝင်လာသည်။ လမ်းတစ်လျှောက်လုံး အဆင်ပြေပြေနှင့် မန္တလေးသို့ ချောချောမောမော ရောက်သွားကြောင်း ပြောပြီး. . .

“မောင်တစ်ယောက်တည်း အဆင်ပြေရဲ့လား”

“ပြေပါတယ် ချိုလေးရဲ့. . . ဘာဖြစ်လို့လဲ”

“ဟိုလေ. . . ရောက်တုန်း ဒီမှာ တစ်ပတ်လောက် နေမလားလို့ပါ။ မောင် စားရေးသောက်ရေး အဆင်မပြေမှာလည်း စိတ်[illegible]ယ်”

နေမင်းထက် ရယ်လိုက်ရင်း. . .

“မပူပါနဲ့ ချိုလေးရာ၊ နေချင်ရင်လည်း နေပေါ့၊ တစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း မောင်တစ်ပတ်စာ လွမ်းရတာပေါ့"

"မောင်ကလည်း. . . ချက်ချင်းပြန်လာအောင် ပြောနေပြန်ပြီ"

"မဟုတ်ပါဘူးကွာ. . . ဒါနဲ့ သမီးလေးရော အဲဒီမှာ ပျော်ရဲ့လား"

"အမလေး. . . ပျော်ပ မောင်ရေ၊ ခုတောင် သူ့အဖွားနဲ့ ဈေးချိုထဲ လိုက်သွားလေရဲ့"

"အင်း. . . ပြန်လာရင်သာ မောင်မေးတယ်လို့ ပြောလိုက်ပါ"

"အင်း. . . အင်း"

အသံခဏပြတ်သွားပြီးမှ ချိုလဲ့က ထပ်ပြောလာသည်။

"ဪ. . မောင်တစ်ယောက်တည်းဆိုပြီး ကိုဖြိုးဝေနဲ့ အပြင်မှာ သောက်ပြီး ကာရာအိုကေဆိုင်တွေ ကလပ်တွေ ရောက်မနေနဲ့ဦး"

ဟိုးအရင် ဖြိုးဝေနှင့် တစ်ခါနှစ်ခါ သွားဖူးတာကို ချိုလဲ့က သိ၍ စိတ်ပူသလို ပြောခြင်းဖြစ်သည်။

နေမင်းထက်က တစ်ချက်ရယ်လိုက်ပြီးမှ. . .

"ဘာများလဲလို့ ချိုလေးရာ၊ အဲဒါ ဖြိုးဝေခေါ်လို့ လိုက်သွားတာပါ၊ ပြီးတော့ မောင်က သီချင်းဆိုရုံသက်သက်ပဲဥစ္စာ"

"ဘာပဲဖြစ်ဖြစ်လေ. . . အဲဒီလိုနေရာတွေက သူစိမ်းမိန်းမတွေနဲ့ မောင့်ကို စိတ်မချပါဘူး"

သူစိမ်းမိန်းမကလေးဆိုမှ မနေ့က ဆုံခဲ့ရသော မိုးမခ၏မျက်နှာလေးကို မဆီမဆိုင် ဖျတ်ကနဲ ပြေးမြင်မိသည်။

လှပပုံက ပြောစရာမရှိသလို အကြည့်နဲ့တင် သေစေနိုင်တဲ့ မိန်းမပဲဟု စဉ်းစားမိနေတုန်းမှာပဲ. . .

"မောင်. . . ပြောတာ ကြားလားလို့"

"ဪ. . အင်း. . ကြားပါတယ်"

"ဒါဆို ခုနက ဘာတွေစဉ်းစားနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး. . . သန်ဘက်ခါ မောင်တို့အသင်း



www.burmeseclassic.com

www.burmeseclassic.com



တစားမယ့်နေ့လေ၊ အဲဒီပွဲက အရေးကြီးလို့ ခဏစိတ်ရောက်သွားတာပါ"

မလုံမလဲနှင့် ဖြေလိုက်ရသည်။ ချိုလဲ့ကို မညာဖူး၍ စိတ်ထဲက တော့ မကောင်းဖြစ်သွားရ၏။ ချိုလဲ့ကတော့ အရိုးခံလေသံနှင့်ပင်. . .

"ဟုတ်လား. . . ချိုလေးလည်း ဒီမှာ တီဗီထဲက ကြည့်ပြီး အားပေးမှာပေါ့၊ ဖေဖေတောင် မောင်တို့အသင်းကို အားပေးတာ"

"ဟဲဟဲ. . . ရွှေသမက်လေးရဲ့အသင်းဆိုတော့လည်း ချိုလေး ရယ်"

"ကဲ. . ကဲ. . ဒါပဲ မောင်၊ ချိုလေး လုပ်စရာတွေ ရှိသေးတယ်၊ ဒီရောက်တုန်း မေမေ့ကို နားခိုင်းထားတာ"

ချိုလဲ့က ဒီလိုမိန်းကလေးဖြစ်သည်။ ယောက်ျားအပေါ်မှာရော မိဘတွေအပေါ်မှာပါ သိတတ်လွန်းလှသည်။

ဖုန်းချလိုက်မည်ဆိုတော့လည်း နေမင်းထက်က လွမ်းသံလေး နှင့်ပဲ. . .

"အင်း. . . ပြီးရော၊ ချိုလေးပြန်မလာမချင်း မောင်လွမ်းနေ တော့မှာ"

ချိုလဲ့က ခပ်ညှင်းညှင်း ရယ်ပြီး. . .

"ချိုလေး ဖုန်းဆက်မှာပေါ့ မောင်ရဲ့. . . ဒါပဲနော်"

ဖုန်းပိတ်လိုက်ပြီးမှ နေမင်းထက် ခဏငိုင်နေမိသေးသည်။ ဖုန်း ပြောစဉ်က ဟိုမိုးမခဆိုသော အမျိုးသမီးကို ဘာလို့ စိတ်ထဲ ရောက်လာ တာလဲ စဉ်းစား၍မရပါ။

ကဲ. . ခုပင် ထပ်စဉ်းစားမိပြန်ပြီ။ အမှန်တော့ ချိုလဲ့ မှာလည်း ခုချိန်ထိ သူ့သွေးဆူလွယ်စေမည့် အလှတရားတွေ ရှိနေပါသေးသည်။ မိုးမခအကြောင်း စဉ်းစားနေမိတာကိုပင် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ် မိသေးတော့၏။

သွားစမ်းပါကွာ. . . ငါက ဘာဖြစ်လို့ မင်းအကြောင်း တွေးရ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။

ကိုယ့်ဟာကိုယ် စိတ်ထဲက ရေရွတ်ပြီး မောင်းထုတ်နေရသည်။ သို့သော်လည်း ညှို့ယူဖမ်းစားသွားခဲ့သော မိုးမခ၏အကြည့်တွေက မျှော့တစ်ကောင်လို တွယ်ကပ်နေဆဲ။ ရုံးခန်းထဲ ဖြိုးဝေ ဝင်လာတော့မှ အတွေးစက ပြတ်သွားရသည်။

လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်ရင်း. . .

"ကဲ. . . သူငယ်ချင်း ပြော၊ ဘာကိစ္စလဲ"

ဖြိုးဝေက စိတ်မောသလို အမူအရာ လုပ်ပြကာ. . .

"ဟူး. . . ကုမ္ပဏီကိစ္စတော့ မဟုတ်ပါဘူးကွာ၊ ငါတို့အသင်းအတွက် စိတ်ပူနေတာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ. . . ဒီမနက် ထရိန်နင် ဆင်းတာမှာ ရှေ့တန်းက ကစားတဲ့ဇော်မင်း ဒူးထိသွားလို့တဲ့ကွာ၊ ဒီကောင်က အရင်ကလည်း ဒူးဒဏ်ရာ ရှိဖူးတော့ ပြန်ဖြစ်သွားတာပေါ့"

"ဟေ. . . တကယ်လား"

နေမင်းထက်လည်း စိတ်ပူသွားရသည်။ ရှေ့တန်းမှာ ကစားနေသော ဇော်မင်းက သူတို့အသင်းအတွက် ဂိုးသွင်းဖို့ အားထားရသော တိုက်စစ်မှူးဖြစ်သည်။ ခုလာမည့်ပွဲက ရှုံးလျှင် ဇယားထိပ်ဆုံးက ဆင်းပေးရမည်။ သူ တွေးပူပြီး ပြန်မေးလိုက်၏။

"ဒါနဲ့ လာမယ့်ပွဲမှာ ဇော်မင်းဒဏ်ရာက မသက်သာနိုင်ဘူးလား၊ သူ ပြန်ကန်လို့ မဖြစ်ဘူးလား"

သက်ပြင်းချပြီး ဖြိုးဝေက ပြန်ပြောလာသည်။

"သေတော့ မသေချာဘူးကွ၊ ဒါကြောင့်လည်း ဦးကျော်ကို ပြောနေရတာ၊ တခြားလူတွေလည်း ဒီပွဲကို ဂရုစိုက်ဖို့လေ"

ခေါင်းခါပြီးမှ နေမင်းထက် စဉ်းစားလိုက်ပြီး. .

"ဒါဆိုလည်းကွာ. . ဒီပွဲနိုင်ရင် ဂိုးသွင်းနိုင်တဲ့သူကို ဆယ်သိန်း။

www.burmeseclassic.com



ချန်တဲ့လူတွေကို ငါးသိန်းစီ ဆုချမယ်လို့ ပြောလိုက်၊ ဒါမှ သူတို့တွေ ဒီပွဲအတွက် ပိုအားထည့်ထားကြမှာ"

ဖြိုးဝေက ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဆုကြေးစား ကစားသမားတွေကို ကိုင်တွယ်ဖို့ ဒီနည်းလမ်းက အကောင်းဆုံးဖြစ်သည်မို့ လက်ခံမိသည်။

ထို့နောက် နေမင်းထက်ကို ပြန်ကြည့်ရင်း. . .

"အေး. . . ဒါပဲ အကောင်းဆုံး နေမှာပါကွာ၊ ဒါနဲ့ ပြောရဦးမယ်"

"ဟေ. . . ဘာဖြစ်ပြန်တာတုန်းကွ"

သူ့စကားကြောင့် ဖြိုးဝေ အဟက်ကနဲ တစ်ချက်ရယ်ကာ. . .

"သိပ်လည်း မလန့်ပါနဲ့ကွာ၊ ဟိုလေ. . . မိုးမခဆိုတဲ့အမျိုးသမီး ပိုင်တဲ့ နယူးကလပ် (New Club) ဂျာနယ်က ဖုန်းဆက်တယ်၊ အဲ့ဒီပွဲ တန်တဲ့နေ့မှာ ငါတို့အသင်းနဲ့ ပတ်သက်ပြီး ဗမေးချင်လို့ လာခဲ့ပါရစေတဲ့"

"ဘာလဲ. . . အဲ့ဒီမိုးမခကိုယ်တိုင် လာမှာလား"

"ဒါတော့ ဘယ်သိမလဲကွ၊ ဖြစ်နိုင်တာကတော့. . . သတင်း ထောက် တစ်ယောက်ပဲ ဖြစ်မှာပေါ့၊ သူကိုယ်တိုင် လာပါ့မလားကွ. . .၊ ဒါနဲ့ နေစမ်းပါဦး. . . မင်းက သူ့ကို လာစေချင်တာလား"

ဖြိုးဝေအမေးကြောင့် နေမင်းထက် မျက်နှာမထားတတ် ဖြစ်သွားရသည်။ ပြီးမှ အရေးမပါသလို ရယ်သွမ်းသွေးရင်း. . .

"ဟာ. . . မဟုတ်ပါဘူးကွာ၊ စကားအဖြစ် ပြောမိတာပါ"

စကားအဆုံးမှာ ဖြိုးဝေက အဓိပ္ပါယ်ပါပါ ကြည့်လျက်. . .

"စကားအဖြစ်တွေဘာတွေ လုပ်မနေနဲ့၊ သူ့ပုံစံကြည့်ရတာ အသလောက် သွားထိရင် ပြန်တွန်းကန်မယ့်ပုံမျိုးလို့ ငါထင်တယ် နောက်ကြိုကြိုဆုံကြလဲ ဆင်ခြင်ပါကွာ၊ မင်းကို သူကြည့်တဲ့အကြည့်ကို ငါကြိုက်ဘူး"

ဖြိုးဝေက စေတနာနှင့် သတိပေးနေခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက်လည်း ဘာမှမဖြစ်သလို ရယ်လိုက်ပြီး. . .

“အေးပါကွာ. . . စိတ်မပူပါနဲ့၊ ငါ ဒီလိုကိစ္စမျိုးတွေ ဘယ်တုန်းက စိတ်ဝင်စားဖူးလို့လဲ၊ ငါ့မှာ မိသားစုရှိတာ ငါသိတာပေါ့”

“ဟုတ်ပါတယ်. . . မင်းဒါမျိုးမလုပ်ခဲ့ပေမယ့် ဒီတစ်ခါ ကြုံသွားမှာ ငါစိုးရိမ်တာပါ”

ပြောရင်း ဖြိုးဝေ ထွက်သွားတော့သည်။ နေမင်းထက်လည်း စဉ်းစားရင်း ပြုံးမိတော့၏။ ဖြိုးဝေက ဒီတစ်ခါ ကြုံသွားမှာကို စိုးရိမ်တာဟု ပြောခဲ့သော်လည်း မိုးမခနှင့်တော့ နောက်တစ်ကြိမ်လောက် ထပ်ဆုံချင်နေသေးသည်ကိုတော့ ကြိတ်ပြီးဝန်ခံမိသည်။

ချိုလေးကို သစ္စာမဲ့သလို ဖြစ်နေပြီလား။ အို. . . ရိုးရိုးသားသား ငါ့ဘက်က တွေ့ချင်တာပဲလေ။ မတွေ့ဖြစ်လည်း ကိစ္စမရှိပါဘူး။

ထိုသို့တွေးရင်း မိုးမခမျက်နှာလေးက မျက်စိထဲ ပြန်ပေါ်လာပြီး ပင့်သက်ကိုသာ ရှိုက်မိတော့သည်။

ထိုပင့်သက်နှင့်အတူ ကိုယ့်ကိုယ်ကို လိမ်ညာမိနေသလား ဆိုတာ နေမင်းထက် မတွေးမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



(၅)

**စိတ်**အေးအေးထားဖို့ ဖြိုးဝေက တဖွဖွ ပြောသော်လည်း တကယ်တမ်း သူတို့အသင်းပြိုင်ရမည့်နေ့မှာတော့ နေမင်းထက် စိတ်လှုပ်ရှားနေမိသည်။ အားကိုးရသော တိုက်စစ်မှူးဇော်မင်း ဒဏ်ရာမြန်မကောင်းလာသေး၍ ဒီပွဲမှာ ဝင်မကစားနိုင်ခြင်းနှင့် ယှဉ်ပြိုင်ရမည့် တစ်ဖက်အသင်း၏ခြေစွမ်းကလည်း မသေး၍ဖြစ်သည်။

နောက်တစ်ချက် ရှိနေသည်က တစ်ဖက်အသင်း၏ပိုင်ရှင်သည် သူနှင့် အပြင်ကုမ္ပဏီလောကမှာပါ ယှဉ်ပြိုင်ဘက် ဖြစ်နေခြင်းပင်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲကတော့ ငါနိုင်ချင်တယ်ကွာ၊ ဒါဟာ ငါတို့ရဲ့ဂုဏ်သိက္ခာပိုင်းကြောင့်ပဲ၊ အဲဒီအသင်းပိုင်ရှင်နဲ့ တခြားအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တိစ္စတွေမှာပါ ထိပ်တိုက်ဆုံဖူးတာပဲ. . ၊ ဒီပွဲရှုံးရင် သူ့ကို ငါရှုံးတာနဲ့ အတူတူပဲ"

မခံချင်စိတ်တွေနှင့် နေမင်းထက် ပြောမိသည်။ ဖြိုးဝေက သက်ပြင်းကို ခပ်ကြမ်းကြမ်း ချလိုက်ရင်း. . .

"ငါနားလည်ပါတယ် မင်းထက်ရာ၊ စိတ်ကို ခဏလျှော့ထားစမ်းပါ၊ ဇော်မင်း မကစားနိုင်ပေမယ့် အသင်းမှာ ငါတို့ အားကိုးရမယ့်သူတွေလည်း ရှိသေးတာပဲ၊ ဘောလုံးဆိုတာ တစ်ယောက်တည်း ကစားတာ မဟုတ်ဘူးကွ"

ဟုတ်တော့လည်း ဟုတ်ပါသည်။ လက်ခံနိုင်သောစကားမို့ နေမင်းထက် စိတ်ကို လျှော့ချလိုက်ပါ၏။

တစ်ချက်စဉ်းစားလိုက်ပြီး. . .

"ငါ တစ်ခုတော့ ပြောချင်တယ် ဖြိုးဝေ၊ ဒီနေ့ပွဲကို ဂရုစိုက်ပေးဖို့တော့ ဦးကျော်ကို မင်း ထပ်ပြောလိုက်ပါကွာ၊ ဒါပေမယ့် အပြင်က ငါတို့ရဲ့ပြိုင်ဆိုင်မှုကြောင့် အသင်းသားတွေကို ဖိအားပေးတာမျိုးတော့ မဖြစ်ပါစေနဲ့"

ဖြိုးဝေက ခေါင်းညိတ်ပြရင်း. . .

"ငါနားလည်ပါတယ်. . . ဒါတွေ မင်းပြောစရာတောင် မလိုဘူး၊ ငါလုပ်ထားပြီးပါပြီ၊ ပြီးတော့ အားကစားစိတ်ဓါတ်နဲ့ ငါတို့အသင်းရဲ့ အောင်မြင်မှုကို ငါလည်း မင်းနဲ့ထပ်တူ ဆာလောင်နေတယ်ဆိုတာ ယုံပါကွာ"

"ကျေးဇူးပါပဲ သူငယ်ချင်းရာ"

ပြောရင်း ဖြိုးဝေပခုံးကို ဖျစ်ညှစ်လိုက်မိသည်။

ဖြိုးဝေက. . .

"ကဲ. . . . ဒီနေ့လည်းပိုင်းလေးတော့ မင်းခဏစိတ်လျှော့ပြီး နားနေလိုက်ဦး၊ ဘောလုံးပွဲ သွားခါနီးမှ ငါလာခေါ်မယ်"

ပြောပြီး ဖြိုးဝေက ရုံးခန်းထဲမှ ထွက်သွားတော့သည်။ နေမင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်လည်း ထိုင်ခုံပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချရင်း ငြိမ်သက်နေလိုက်၏။

ခဏနေတော့ ဖုန်းဝင်လာပြန်သည်။ နားထောင်လိုက်တော့ တစ်ဖက်အသင်းပိုင်ရှင်၏ဖုန်း။ ဇော်မင်း ဝင်မကစားနိုင်မှန်း သိ၍ လောင်းမလားဟု မထိတထိ လာကလိနေခြင်းဖြစ်သည်။ နေမင်းထက်လည်း စိတ်အချဉ်ပေါက်ပေါက်နှင့် သိန်းတစ်ရာကြေးကွာဟု တင်းပြီး ပြန်ပြောလိုက်၏။

ဒါသည် အလကား ပြီးစလွယ် ပြောခြင်းမဟုတ်မှန်း တစ်ဖက်လူ သဘောပေါက်ပါလိမ့်မည်။ ဂုဏ်သိက္ခာနှင့်သိန်းတစ်ရာ. . . ဒါပဲပေါ့။

စိတ်တွေ ရှုပ်ပြီး ကောင်းကောင်းအနားမယူနိုင် ဖြစ်နေစဉ်မှာပဲ *intercom* မှ ဝန်ထမ်းတစ်ယောက် အသံထွက်လာသည်. . .

"ဆရာ. . . ဧည့်သည်တစ်ယောက်က ဆရာနဲ့ တွေ့ချင်လို့တဲ့ ဆရာ"

"အေး. . . လွှတ်လိုက်ကွာ ရုံးခန်းထဲပဲ"

ခပ်ပြတ်ပြတ် ပြောလိုက်မိသည်။ ဘယ်သူတွေ လာပြီး ဘာတိစ္စလဲဆိုတာကိုပင် မမေးလိုက်မိတော့။

မကြာပါ၊ ရုံးခန်းတံခါး ဖွင့်ပြီး ဝင်လာသောသူကို ကြည့်တာ နေမင်းထက် ကြောင်အမ်းသွားရသည်။

ဟင်. . . မိုးမခပါလား။

ဘာကိစ္စ ဒီအထိ ရောက်လာတာပါလိမ့်။

တွေးနေတုန်းမှာပဲ မိုးမခက ကြွကြွရွရွလေး လျှောက်လာပြီး ရှေ့မှာ ရပ်ကာ. . .

"ဘယ်လိုလဲ ကိုနေမင်းထက်ရဲ့၊ ကျွန်မကို ထိုင်ပါလို့တောင် မပြောတော့ဘူးလား"

ခပ်နွဲ့နွဲ့ ပြောလိုက်တော့မှ နေမင်းထက် လှုပ်ရှားသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဆောရီး. . အုံ့ဆြသွားလို့ပါ၊ မမိုးမခ ထိုင်ပါဗျာ"

တစ်ချက်ပြုံးလိုက်ရင်း မိုးမခက ဝင်ထိုင်သည်။ ပြီး နေမင်းထက်ကို ကြည့်ကာ မျက်ခုံးကလေး ပင့်ရင်း. . .

"အင်း. . . ပုံစံကြည့်ရတာတော့ ဒီနေ့ပွဲအတွက် တော်တော်စိတ်လှုပ်ရှားပုံပဲနော်"

"ဗျာ. . ."

"ဟုတ်တယ်လေ. . . ရှင်တို့အသင်းက တစ်ယောက် ဒဏ်ရာရနေတာရယ်၊ ဟိုဘက်အသင်းက ရှင့်ရဲ့အမိကပြိုင်ဘက်အသင်း ဖြစ်ပြီး ခြေစွမ်းထက်နေတာရယ်၊ ဒါတွေကတော့ ရှင့်အပေါ် ဖိစီးနေမယ် ထင်လို့ပါ"

ပြုံးစစနှင့် ပြောနေသည့် မိုးမခကို ကြည့်ရင်း နေမင်းထက် ရုတ်တရက် ပြန်မပြောနိုင်ဖြစ်နေရသည်။

သိလှချည်လားဟ။ ငါ့ရင်ထဲကို လှမ်းမြင်နေတဲ့အတိုင်းပဲ။

အံ့ဩပြီး ကြောင်ကြည့်နေမိသေးသည်။

ခဏနေမှ ပခုံးတွန့်ပြလိုက်ရင်း. . .

"အဟင်း. . . ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ဒါနဲ့ မမိုးမခ ဒီအထိ ရောက်လာတာက. . ."

"ဩော်. . . ကျွန်မတို့ဂျာနယ်က ဖုန်းဆက်ထားတယ်လေ၊ ပြိုင်ဆိုင်မှု ပြင်းထန်မယ့် ဒီနေ့ပွဲအတွက် ကျွန်မလာခဲ့တာပါ"

"ဩော်. . ."

ဟု ညည်းရင်း သဘောပေါက်သွားသည်။ သို့သော်လည်း မေးလိုက်မိသေး၏။

"ဘောလုံးပွဲအတွက်ကတော့ ဟုတ်ပါပြီ၊ ဒီလိုသတင်းအတွက် မမိုးမခကိုယ်တိုင် လာလိမ့်မယ်လို့ မထင်လို့ပါ"

မိုးမခက လှလှပပ ပြုံးရင်း. . .

"ဘာလဲ. . . ရှင့်ကို တွေ့ချင်လို့ လာတယ်လို့ထင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်းလွန်းသောစကားကြောင့် နေမင်းထက်မျက်နှာ ထူအမ်းသွားရ၏။

"ဟာ. . . မဟုတ်ရပါဘူး၊ ဘယ်လိုပြောရမလဲ. . အင်းအဲ. ."

စကားရှာမရ ဖြစ်နေစဉ်မှာပဲ မိုးမခက သဘောကျသလို တခစ်ခစ် ရယ်ကာ. . .

"အမလေး. . . ကျွန်မက နောက်တာပါရှင်၊ ကျွန်မက ကိုယ်ထူစ်နေတဲ့ဂျာနယ်အတွက် လိုအပ်လို့ပါ၊ ဒီနေရာမှာ တခြားသတင်းထောက်တစ်ယောက်ထက်. . . ဒီပွဲမှာ ကစားမယ့်သူတွေကိုတင်မဟုတ်ဘဲ ပိုင်ရှင်တွေရဲ့စိတ်ခံစားမှုတွေကိုပါ သိချင်လို့ဆိုပါတော့၊ ဝန်ထမ်းတစ်ယောက် လွှတ်လိုက်ရင် ကိုနေမင်းထက်ကိုများ အားမနာဖြစ်နေမလားလို့ပါ"

သူပြောတာလည်း သဘာဝ ကျပါသည်။ ဒီနေ့ ဒီလိုအခြေအနေမျိုးမှာဆို ဘယ်ဂျာနယ်ကပဲလာလာ နေမင်းထက် လက်ခံစကားပြောဖြစ်မည် မထင်ပါ။ ခုတော့ မိုးမခက လေးလေးစားစား ဆက်ဆံလာ၍လား၊ စကားပြော ပါးနပ်လွန်း၍လား၊ ဒါမှမဟုတ် သူ့ဂျာနယ်အတွက် ကိုယ်တိုင်လာပြီး အလုပ်ကို ကြိုးစား၍လား၊ နေမင်းထက် မငြင်းဆန်နိုင်တော့။ သေချာတာတစ်ခုကတော့ မိုးမခရဲ့အလှပိုက်ကွန်မှာ သူ့စိတ်တစ်စ ငြိသွား၍လည်းဖြစ်နိုင်ပါသည်။ ပြီးတော့ ခုလိုဆက်ဆံလာပုံကလည်း နှစ်ဦးသားကို ပိုရင်းနှီးလာသလို ခံစားရ၏။

နေမင်းထက်က ဟက်ကနဲ တစ်ချက်ရယ်လိုက်ပြီးမှ. . .

"ကဲ. . . မေးပျာ၊ ကျွန်တော်နဲ့ ပတ်သက်ပြီး. . . အဲ. . . ကျွန်တော့်အသင်းနဲ့ ပတ်သက်ပြီး ဘာတွေများ သိချင်နေသလဲဆိုတာ"

"ကျွန်မ ရှင်နဲ့ ပတ်သက်ပြီး လတ်တလော သိထားတာတွေရှိပါတယ်၊ ဒါပေမယ့် သေချာအောင်တော့ ရှင့်ပါးစပ်ကပြောတာတွေနားထောင်မှ ဖြစ်မယ်ထင်တယ်"

ပြောရင်း မိုးမခက နေမင်းထက်ကို စိုက်ကြည့်ကာ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



ထောင့်စွန်းလေး ကွေးရှုံ့မှု ပြုံးပြလိုက်သည်။

ထိုအပြုံးက နေမင်းထက် ကိုယ်ထဲရှိ သွေးတွေ ပြောင်းပြန်စီးသွားမတတ် ပူနွေးစွာ ခံစားလိုက်ရသော ညို့ယူအားကောင်းသည့် အပြုံးမျိုးပင်ဖြစ်သည်။

မိုးမခနှင့် ဆုံတိုင်း သွေးပူစွာ ခံစားရသည့်အဖြစ်ကို တွေးရင်း မိုးမခ၏စကားလုံးတွေက သူ့ဘောလုံးအသင်းသာမကဘဲ သူ့ ဘဝကိုပါ ချဲ့ထွင်လာသည်ကိုပင် ရင်ထဲက ကျေနပ်သလိုလို ဖြစ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၆)

ဘောလုံးပွဲက တော်တော်ပြိုင်ဆိုင်မှု ပြင်းထန်ပါသည်။ ပွဲပြီးခါနီးအထိ တစ်ဖက်တစ်ဂိုးစီ သရေကျနေသည်။ ပွဲလည်း ပြီးလုပြီ။ အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည့်ပွဲကို ကြည့်ရင်း နေမင်းထက် ရင်ထဲမှာ အားမလိုအားမရဖြစ်နေမိ၏။

ပွဲပြီးခါနီး သူ့အသင်းမှ တိုက်စစ်မှူးတစ်ယောက်က ဟိုဘက်အသင်း ဂိုးဆီသို့ ဆွဲယူသွားသည့်ဘောလုံးကို ကြည့်ရင်း အသက်ပင်မရှူဝံ့။ လှမ်းကန်လိုက်တော့မှ. . .

"ဟာ. . ."

အားပေးနေသူများ၏ရင်ထဲမှာလည်း တကယ်ပင် ဟာသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီဘောလုံးမျိုး ဇော်မင်းသာ ရှိရင် ဂိုးမှာသေချာပြီကွာ"

အားမလိုအားမရနှင့် ဘေးမှ ဖြိုးဝေကို ပြောမိသည်။ ဖြိုးဝေက လေပူကြီးကို မှုတ်ထုတ်လိုက်ရင်း. . .

"ဒီလောက်ဖြစ်မနေပါနဲ့ကွာ. . . ခုလည်း ငါတို့ ရှုံးနေတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် သရေဆိုတာ နိုင်တာ မဟုတ်ဘူးလေ"

ဖြိုးဝေက ဘာမှထပ်မပြောတော့ပါ။ ပွဲကစားချိန် မိနစ်၉၀ ကျော်ကာ နာကျဉ်ချိန်ပေးထားသည့် နောက်ဆုံးမိနစ်သို့ ရောက်ရှိလာပြီ။ နေမင်းထက်လည်း စိတ်လှုပ်ရှားစွာ လိုက်ကြည့်ရင်း နောက်ဆုံး တစ်မိနစ်အလိုမှာတော့ ဂိုးဟူသောအသံကြီး ကြားလိုက်ရပြီး မျက်စိသာ စုံမှိတ်မိတော့၏။

အားခဲထားသမျှ ခုတော့ ရှုံးရပြီ။ တောက်တစ်ချက် ခေါက်လိုက်တော့ ဖြိုးဝေက ပခုံးကို ဖျစ်ညှစ်ရင်း. . .

"အနိုင်မရရင် အရှုံးကိုတော့ လက်ခံရမှာပေါ့ကွာ"

ဘာမှပြန်မပြောဘဲ ခံပြင်းမှုတွေနှင့် ထထွက်လာခဲ့သည်။ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်သော်လည်း စိတ်ထဲက မခံမရပ်နိုင် ဖြစ်နေမိ၏။ ခဏနေလျှင်လည်း ဟိုဘက်အသင်းမှ သူနှင့် စီးပွားပြိုင်ဘက်က ဖုန်းဆက်ပြီး အပေါ်စီးက ပြောလာဦးမည်။ ဖြိုးဝေ လှမ်းခေါ်သည်ကိုပင် ပြန်လှည့်မကြည့်ဘဲ အပြင်ထွက်လာခဲ့၏။

စိတ်ထဲမှာ ထူပူပြီး လူတွေကြားထဲ တိုးဝှေ့ကာ ကားပါကင်ဆီ ထွက်ခဲ့သည်။ ကားနားရောက်သည်အထိ ဘယ်သွားပြီး ဘာလုပ်ရင် ကောင်းမလဲဟု စိတ်အချဉ်ပေါက်ပေါက်နှင့် စဉ်းစားနေတုန်းဖြစ်၏။

ထိုအချိန်မှာပဲ မထင်မှတ်စွာ. . .

"ဟယ်. . . ကိုနေမင်းထက်၊ အတော်ပဲရှင်"

အသံကြား၍ လှည့်ကြည့်လိုက်တော့ သူ့ဆီ လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိုးမခကို တွေ့လိုက်ရသည်။ အနားရောက်တော့မှ ခပ်သဲ့သဲ့ ပြုံးပြရင်း. . .

“ဘောလုံးပွဲအဖြေအတွက် စိတ်မကောင်းပါဘူး ကိုနေမင်းထက်”

“ဒီလိုပဲပေါ့ဗျာ”

မချိပြုံး ပြုံးရင်း ပြန်ဖြေလိုက်မိသည်။ မိုးမခကပဲ အားနာသလို ကြည့်ပြီး. . .

“ဟိုလေ. . . ပြောရမှာတော့ အားတော့ နာတယ်၊ ကျွန်မကား ဘာဖြစ်သွားလဲ မသိဘူး. . . နှိုးလို့မရလို့လေ၊ လမ်းကြုံလိုက်ခဲ့လို့ ရမလားလို့ပါ၊ ဒီက ကိုနေမင်းထက်နဲ့လည်း သိနေတော့. . .”

“ရပါတယ်. . . ကျွန်တော်က အိမ်တော့ မပြန်သေးဘူး၊ ဆိုင်တစ်ဆိုင် သွားထိုင်မလား စဉ်းစားနေတာ၊ မမိုးမခ လိုက်ခဲ့မယ်ဆိုလည်း အရင်လိုက်ပို့မယ်လေ”

“အာ. . . ပိုအားနာရအောင် မလုပ်ပါနဲ့၊ ကျွန်မလည်း ဆာနေတာနဲ့ အတော်ပဲ၊ တစ်ခုခု စားရအောင် လိုက်ခဲ့မယ်လေ၊ ကားကြုံ စီးခွင့်ရတဲ့အတွက် ကျွန်မ ကျွေးပါမယ်”

စကားပြောတတ်လွန်းသော မိုးမခကို ပြုံး၍သာ ကြည့်မိတော့၏။

နှစ်ယောက်သား ကားနှင့် ထွက်လာခဲ့ကြသည်။ ကားထဲက အဲယားကွန်းနှင့်အတူ တိုးဝင်လာသော မိုးမခ၏ကိုယ်သင်းရနံ့က မွှေးရှစွာ စိတ်ကို လှုပ်ရှားစေသည်။ ဆတ်ကနဲ ကြည့်လိုက်ချင်သောစိတ်ကို ချုပ်တည်းပြီး မနည်းထိန်းနေရ၏။ ငါ့မှာ အိမ်ထောင်နဲ့လေ ဆိုသော အသိကို ခဏခဏ စိတ်သွင်းနေရသည်။ စိတ်တွေ မရိုးမရွ ဖြစ်နေသဖြင့် မိုးမခကို တင်ခေါ်လာခဲ့တာများ မှားပြီလားဟု တွေးမိပြန်သည်။

မိုးမခကတော့ ဘာမှမဖြစ်သလိုပင် သက်သောင့်သက်သာ

www.burmeseclassic.com



မှိုပြီး လိုက်ပါလာသည်။ နေမင်းထက် စိတ်ထဲမှာ ဖြစ်နေတာတွေကို သိဟန်မတူ။ ခဏနေတော့ မိုးမခကပဲ စပြောလာ၏။

"ကိုနေမင်းထက် ဘယ်ဆိုင်သွားမှာလဲဟင်"

ဆတ်ကနဲ လှည့်ကြည့်လိုက်ပြီး နေမင်းထက်က. . .

"မမိုးမခ ကြိုက်တဲ့ဆိုင် သွားလေ"

"အာ. . . မဟုတ်တာ၊ ကိုနေမင်းထက် သွားချင်တဲ့ဆိုင် သွားပါ၊ ပြီးတော့ ကျွန်မကို ရှေ့က 'မ' တပ်မခေါ်ပါနဲ့လား. . ရင်းနှီးနေပြီပဲ"

ခပ်ပြုံးပြုံးနှင့် ပြောလာသည့်စကားကြောင့် နေမင်းထက် ခေါင်းညိတ်လိုက်ရင်း. . .

"အင်း. . . မမိုးမခ ခေါ်စေချင်ရင်လည်း"

"ဩော်. . . ခုပဲ မမိုးမခ လုပ်နေပြန်ပြီ"

နှစ်ဦးသား ရယ်မိကြတော့၏။

အရယ်တဝက်နှင့်ပင် မိုးမခက ပြောလာသည်။

"ကျွန်မလည်း ကိုနေလို့ ခေါ်မယ်လေ. . . ရတယ်ဟုတ်"

"ကောင်းပါတယ် မိုးမခ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးမိကြသည်။ နှစ်ဦးသား ပိုရင်နှီးလာသလိုလည်း ခံစားလိုက်ရသည်။

နေမင်းထက်က အားနာဟန်ဖြင့်. . .

"အမှန်အတိုင်း ပြောရရင် တစ်ဆိုင်ဆိုင်မှာ သောက်ဖို့ ကျွန်တော် ထွက်လာခဲ့တာ၊ မိုးမခ လိုက်ထိုင်မယ်ဆိုတော့ အားနာလို့ အရင် လိုက်ပို့မယ်လို့ ပြောမိတာပါ၊ ပြောရရင် ဒီနေ့ နည်းနည်းညစ်နေလို့"

မိုးမခက ပျာပျာသလဲ. . .

"အို. . . ကိစ္စမရှိပါဘူး၊ ကိုနေ သောက်ချင်သောက်ပါ၊ ကျွန်မ နားလည်ပါတယ်၊ ကျွန်မက အစားစားမှာပဲဥစ္စာ၊ ပြီးတော့ မြို့ထဲကိုရင် တားငှားလို့ လွယ်ပါတယ်"

"ဟာ. . . ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော်လိုက်ပို့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ပြီးရော"

မခို့တရို့ဟန်ဖြင့် ပြောလိုက်သောကြောင့် နေမင်းထက် ရင်ထဲ တစ်မျိုးဖြစ်သွားရသည်။ အင်း. . . ဒီခေတ်မိန်းကလေးတွေ ဒီလို ပွင့်လင်းတတ်တာ သဘာဝပဲဟု၍ တွေးယူရသည်။

ထိုင်နေကျဆိုင်ထဲ ရောက်တော့ အစားအသောက်တွေ မှာပြီး ဖြိုးဝေဆီ ဖုန်းခေါ်ကြည့်သည်။ ဆက်သွယ်မှုရေိယာပြင်ပ။ ထပ်ခါ ထပ်ခါ ခေါ်ကြည့်သော်လည်း မရသဖြင့် ဖုန်းပိတ်လိုက်ရင်း မိုးမခဘက် ကြည့်လိုက်တော့ ပြန်ကြည့်နေသဖြင့်. . .

"ဟိုကောင် ဖြိုးဝေကို လှမ်းခေါ်နေတာ၊ ကျွန်တော်မူးရင် ဒီကောင်ပဲ ကားမောင်းလိုက်ပို့လို့လေ. . . အဟင်း"

ရယ်ကျဲကျဲ ပြောလိုက်သည့်စကားကြောင့် မိုးမခ မျက်ခုံးလေး အတွန့်ချိုးကာ ပြန်ပြောတော့သည်။

"အမလေး. . . သောက်ပါရှင်၊ ကိုနေမူးသွားရင် ကျွန်မ လိုက်ပို့ပေးပါ့မယ်၊ ကျွန်မလည်း ကားမောင်းတတ်ပါတယ်နော်"

"အာ. . . ကျွန်တော်က နောက်ပြီးပြောလိုက်တာပါ"

"အဟင်း . . ကျွန်မကတော့ ကိုနေ့ကို အတည်ပြောတာ"

ပြောပြီး မိုးမခ မျက်လွှာလေး ချသွားသည်။ သူ့စကားကြောင့်လည်း နေမင်းထက် ရင်ဒိန်းကနဲဖြစ်သွားရ၏။

အတန်ကြာသည်အထိ ဘာမှထပ်မပြောဖြစ်ကြဘဲ. . နှစ်ယောက်သား စားစရာသောက်စရာတွေ စားသောက်နေကြသေးသည်။ နေမင်းထက်လည်း စိတ်ညစ်နေသောအရှိန်နှင့် တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။

ဖုန်းထမြည်လာမှ နှစ်ဦးသား လှုပ်ရှားသွားကြ၏။ ကြည့်လိုက်တော့ ဖြိုးဝေဆီမှ မဟုတ်ပါ။ နေ့လည်က ဆက်ထားသော ပိုဘတ်အသင်းမှ ပိုင်ရှင်၏ဖုန်းဖြစ်သည်။ လောင်းထားသောကိစ္စကိုသတိရပြီး တကယ်အတည် ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာဟု ပြောလိုက်တာ ဟို



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဘာမှ မပြောခင်မှာဘဲ ပိတ်ပြောပစ်လိုက်သည်။

"အေး. . ဟော့လူ. . မနက်ဖြန် ကျုပ် ပိုက်ဆံပို့ခိုင်းလိုက်မယ်၊ ဒါပဲ"

"ဟာ. . . မဟုတ်"

ဆုံးအောင်ပင် နားမထောင်ဘဲ ဖုန်းပိတ်လိုက်၏။

မိုးမခက လှမ်းကြည့်ပြီး ပါးနပ်စွာ မေးလာသည်။

"ကိုနေက ဘောလုံးအသင်း ထောင်ပြီး လောင်းကစား လုပ်နေတာလား"

"ဟာ. . . မဟုတ်ရပါဘူး မိုးမခရယ်. . . ဒါက"

ဆိုပြီး အစချီကာ အဖြစ်အပျက်ကို ပြန်ရှင်းပြလိုက်သည်။ စကားဆုံးတော့ မိုးမခ သက်ပြင်းလေး ချရင်း. . .

"ဒါကြောင့် ဒီနေ့ ကိုနေ ပိုစိတ်တိုနေတာလား"

"ဆိုပါတော့"

ပြောရင်း နောက်တစ်ခွက် မော့ချလိုက်သည်။ ခေါင်းထဲ ရီတီတီဖြစ်လာပြီး နေမင်းထက် အရင်ထက် ပိုအာသွက်လာသည်။

"ကျွန်တော့်ကြောင့် မိုးမခ ပိုနောက်ကျနေပြီလား မသိဘူး၊ အိမ်က စိတ်ပူနေကြဦးမယ်"

ပန်းလေး ပွင့်လာသကဲ့သို့ မိုးမခ နှုတ်ခမ်းဖူးဖူးလေးက ပြုံးလာပြီး. . .

"စိတ်ပူမယ့်သူ မရှိပါဘူး ကိုနေရာ၊ ကျွန်မက တစ်ယောက်တည်း နေတာပါ"

"ဩော်. . . ဟုတ်လား၊ မိုးမခ မကြောက်ဘူးလား"

ရယ်ရင်း နောက်သလို ပြောလိုက်သဖြင့် မိုးမခက လိုက်ရယ်တာ. . .

"မကြောက်ပါဘူး. . ဘာလဲ. . ကြောက်တယ်ဆိုရင် ကိုနေက အဖော်လာနေပေးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမခ စကားက ရီဝေနေသောစိတ်ကို ဆွပေးလိုက်သလိုပင်။ အာသွက်လျှာသွက် ဖြစ်လာသော နေမင်းထက်က နောက်သလို ပုံစံမျိုးနှင့်ပဲ. . .

"ဟား. . ဟား. . ကျွန်တော်လာနေမှပဲ ကျွန်တော်က ပို ကြောက်စရာကောင်းနေဦးမယ်"

"ဟွန်း. . . မကြောက်ပါဘူး၊ ဘာလဲ. . . ကိုနေက လူကို ကိုက်စားတတ်လို့လား"

"မိုးမခလို လှတပတလေးဆို စားချင်စားမိမှာပေါ့"

"သွားပါ. . . လျှောက်ပြောနေတယ်"

ပြောရင်း မျက်စောင်းလှဲ့လှဲ့လေး ထိုးလိုက်သေးသည်။ ထိုမျက်စောင်းလေးကြောင့် နေမင်းထက်ရင်ထဲမှာ ဆူဝေကာ တစ်ခွက်စာလောက် ပိုမူးသွားသည်။

ရောက်တတ်ရာရာတွေ ပြောကြရင်း နေမင်းထက်မှာ သောက်ပြီး အမြည်းစားဖို့ သတိမရနိုင်လောက်အောင်ပင် မိုးမခနှင့် မြည်းသလို ဖြစ်နေသေးတော့သည်။

သောက်ကောင်းကောင်းနှင့် ဘယ်နှစ်ခွက်မှန်းပင် မသိတော့။ ခေါင်းထဲမှ တော်တော်ကြီး ရီဝေလာတော့မှ သတိကို အတင်းတစ်ရသည်။

ဟား. . . များပြီလား မသိဘူး။ ဖြိုးဝေဆီ ဖုန်းခေါ်ကြည့်ဦးမှပဲ။ ဒီပုံအတိုင်းဆိုရင် ငါကားမောင်းဖို့ မဖြစ်ဘူး ထင်တယ်။

ဖုန်းကလည်း တောက်လျှောက် ခေါ်လို့မရချေ။ စိတ်တိုတိုနှင့် ရှေ့မှာ ထည့်ထားသော ခွက်ကို မော့သောက်မိပြန်သည်။ ဒီတစ်ခွက် သောက်မှ အမူးက ဝုန်းကနဲ ဆောင့်တက်သလို ချာချာလည်သွားသည်။ နေမင်းထက်တစ်ယောက် သောက်နိုင်သည့် လစ်မစ်ပင် ကျော်နေပြီ။

ရှေ့က မိုးမခကို ရီဝေဝေ ကြည့်ရင်း. . .

"မိုး. . မိုးမခ. . ဆောရီးဗျာ၊ ကျွန်တော် နည်းနည်းများသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ အော့. . . မိုးမခကို ကားမောင်းပြီး လိုက်ပို့ဖို့ မလွယ်ဘူး ထင်. . ထင်"

"ကျွန်မ သိသားပဲ၊ ကိုနေ မူးနေပြီမှန်းသိလို့ တမင်စောင့်နေပေးတာ"

"ဗျာ. . ဘယ်. . ဘယ်လို"

"ဟုတ်တယ်လေ. . . ကိုဖြိုးဝေကို ခေါ်လို့ မရရင် ကျွန်မ တို့နေ့ကို လိုက်ပို့ပေးလို့ ရအောင်ပေါ့"

"ဗျာ"

ရေရွတ်ရင်း ကြည့်လိုက်သောအခါ မိုးမခက အမြင်အာရုံထဲ နီးလိုက်ဝေးလိုက်ဖြစ်နေသည်။ စားပွဲထိုး ခေါ်ပြီး မိုးမခကပဲ ပိုက်ဆံရှင်း လိုက်ပုံရသည်။ မူးဝေနေသောအသိဖြင့် လှမ်းတားဖို့ မေ့နေသည်။

"သွားရအောင် ကိုနေ"

ကြားလိုက်ရသော စကားသံကြောင့် နေမင်းထက် မတ်တတ် ထရပ်လိုက်သည်။ ရုတ်တရက် ယိုင်သွားသဖြင့် မိုးမခက ဘေးနား အမြန်ရောက်လာပြီး ထိန်းထားပေးသည်။ ရပ်လိုက်မှပဲ ပိုပြီးမူးလာသလို ခံစားရပြန်သည်။ အခြေအနေကို သဘောပေါက်စွာပဲ မိုးမခက ရုပ် မဖျက်အောင် ကားနားအထိ မသိမသာ တွဲကူပြီး လျှောက်ခဲ့ကြသည်။

"ဆောရီး မိုးမခရယ်. . . ကျွန်တော်. . . "

"ရပါတယ်. . . ကျွန်မလည်း ကိုနေ ဒီလောက်မမူးလောက် ဘူး ထင်နေတာ၊ ခုတော့ ရရဲ့လား"

"အင်း. . . ရ. . ရမယ်ထင်တယ်"

ပြောခါမှ ထပ်ယိုင်သွား၍ မိုးမခက ဆီးဖမ်းလိုက်ရပြန်သည်။ နေမင်းထက် ကိုယ်လုံးကြီးက ရင်ခွင်ထဲ ရောက်လာသောကြောင့်. . .

"အို"

နူးညံ့အိစက်သည့် အထိအတွေ့ကြောင့် နေမင်းထက်စိတ်ထဲ သာယာသလို ဖြစ်သွားသော်လည်း အားနာစိတ်နှင့်အတူ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး. . . ဆောရီး"

မိုးမခက ဘာမှပြန်မပြောတော့။ နေမင်းထက်ကို တွဲပြီး ကားပေါ် ထိန်းတင်ပေးလိုက်သည်။ တံခါးကို လော့ချပြီး ပိတ်လိုက်ကာ မောင်းသူနေရာဘက်မှာ ဝင်ထိုင်လိုက်သည်။

ကားကူရှင်ပေါ် မှီပြီး မျက်စိမှိတ်ထားသော နေမင်းထက်ကို ကြည့်ပြီး. . .

"တဲ့. . . ကိုနေ အိမ်လိပ်စာပြော၊ ဘယ်ကိုမောင်းရမှာလဲ"

နေမင်းထက်မျက်လုံးက အတင်းအားယူပြီး ဖွင့်လိုက်သလို မိုးမခကို ရီဝေဝေ ကြည့်ရင်း ပြောဖို့ ကြိုးစားလိုက်သည်။

သို့သော်လည်း စကားတစ်လုံးမှ မထွက်နိုင်တော့ဘဲ အားယူပြီး ရှေ့ကို ကိုင်းလိုက်သော ခန္ဓာကိုယ်ကြီးက. . မိုးမခ၏ပေါင်ပေါ် ပစ်ကျသွားတော့သည်။

"အို. . . ကိုနေ. . . ကိုနေ"

နေမင်းထက် မျက်စိမပွင့်တော့ချေ။ ခန္ဓာကိုယ်ကို လှုပ်ပြီး မိုးမခ ခေါ်ကြည့်သော်လည်း ဘာမှမထူးခြား။ သက်ပြင်းတစ်ချက် ချလိုက်ပြီး ပေါင်ပေါ်မှာ အိပ်ပျော်နေသော နေမင်းထက်ကို စိုက်ကြည့်နေမိသည်။ သူစိမ်းယောကျ်ားတစ်ယောက် ကိုယ့်ပေါင်ပေါ် အိပ်ပျော်နေသည့်အဖြစ်က ရင်ထဲမှာ တစ်မျိုးကြီး ခံစားလာရသည်။ ရေငတ်သလို အာခေါင်တွေ ခြောက်သွေ့လာပြန်၏။

ကျွန်မ ရှင့်ကို ဘယ်လိုလုပ်ရပါ့မလဲ ကိုနေရယ်။

ခပ်တိုးတိုး ရေရွတ်ရင်း နေမင်းထက်၏ဆံပင်များကို လက်ဖြင့် ခပ်ဖွဖွ ပွတ်သပ်နေမိသည်။ ပြီးမှ သတိရလာသဖြင့် ဆတ်ခနဲ လက်ကို ရုပ်မိပြန်သည်။

သူဟာ အိမ်ထောင်သည်တစ်ယောက်ပဲလေ။ ငါကရော ဘာဖြစ်လို့ ဒီလိုစိတ်တွေ ဖြစ်နေပါလိမ့်။ မဖြစ်သင့်ဘူး မိုးမခ

စိတ်တွေ လွန်ဆွဲပြီး ကားပေါ်မှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လိုက်ပို့ရအောင်လည်း နေမင်းထက်အိမ်ကို သူမ မသိပါ။ ဒီအတိုင်းပဲ သူ အမူးပြေပြီး နိုးလာအောင် စောင့်ပေးနေရမလား။

အိုး. . . ခက်လိုက်တာ။

အမှောင်ရိပ်က ပတ်ဝန်းကျင်အား တဖြည်းဖြည်း ဝါးမျိုသွားလေပြီ။ နေမင်းထက်ကို ငုံ့ကြည့်လိုက်တိုင်း ရင်ထဲမှာ ဗလောင်ဆူလာ၍ မကြည့်မိအောင် နေရသည်။

အတန်ကြာတော့ မိုးမခ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်။

ကားတံခါးပိတ်ပြီး သူ့ကို အထဲမှာ ထားခဲ့မယ်။

ဟင်း. . . မဖြစ်သေးပါဘူး။ တစ်ယောက်တည်း တစ်ခုခု ဖြစ်နေမှဖြင့်. . .။

ခေါင်းခါရင်း ပေါင်ပေါ်က နေမင်းထက်ကို အားတင်း၍ ဆွဲမတာ ကားကူရှင်ပေါ် ပြန်မှီထားလိုက်သည်။ နေမင်းထက်ကတော့ ဝီစကီအရှိန်နှင့် အိပ်ကောင်းဆဲ။

နောက်ဆုံး. . ဆုံးဖြတ်ချက်တစ်ခု ထပ်ချလိုက်မှ ရင်ထဲမှာ ကျေနပ်သွားသလို မိုးမခ အလိုလို ပြုံးမိသွားသည်။

ကားစက်နှိုးပြီး အသာမောင်းထွက်လိုက်၏။ ညက တဖြည်းဖြည်း အမှောင်တွေ တောက်စားနေခဲ့ပြီ။ မိုးမခ မောင်းလာသောကား တလေးကလည်း တရိပ်ရိပ်နှင့် အမှောင်ထဲ တိုးဝင်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



(၇)

မိုးမခ နေသော ကွန်ဒိုတိုက်ခန်းက ခုနစ်လွှာမှာ ဖြစ်ခြင်းနှင့် အသုံးပြုရန် ဓါတ်လှေကား ရှိလို့သာ တော်ပါသေးသည်။ အောက်ထပ် ကားပါကင်မှာ ကားရပ်ပြီး နေမင်းထက်ကို ဓါတ်လှေကားဆီ မနည်း တွဲခေါ်လာရ၏။ နေမင်းထက်က မျက်လုံးမဖွင့်နိုင်သေးဘဲ တအင်း အင်း ငြီးတွားရေရွတ်ရင်း အားယူလျှောက်လာသည်။

သူမလည်း ဘာမှမလုပ်တတ်၍ အိမ်သို့ ခေါ်လာခြင်းဖြစ် သည်။ ဘာဖြစ်လို့ ခုလိုလုပ်ခဲ့မိသည်ကို ဝေခွဲမရတော့။ လောလော ဆယ် နေမင်းထက်ကို တစ်နေရာမှာ ငြိမ်ငြိမ်ကလေး အိပ်ပျော်စေလို သောဆန္ဒပဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်အခန်းဝ ရောက်တော့ ခြေသုတ်ခုံအောက်မှာ အပိုထားသော သော့တစ်စုံကို ထုတ်ယူလိုက်သည်။ ထိုအချိန်မှာ နေမင်းထက်က မျက်လုံးမပွင့်တပွင့်နှင့် မိုးမခ ဆောရီးဟု မပီမသ ငြီးလျက် အသိစိတ် မကပ်တကပ်ဖြစ်နေပြီ။

အခန်းတံခါးကို ဖွင့်ဝင်လိုက်ရင်း. . .

"ကိုနေ သတိရပြီလား၊ လာ. . လာ. . ဒီမှာပဲ အိပ်လိုက်နော်"

"အင်း. . အဲ. . အော့. . ဆောရီး. . မိုး. . မိုးမခရယ်"

ဒါကိုပဲ တတွတ်တွတ် ပြောနေသည်။

မိုးမခက နေမင်းထက်ကို ခါးမှ သိုင်းဖက်ကာ ထိန်းရင်း အိပ်ယာဆီသို့ တွဲခေါ်သွားလိုက်သည်။

အိပ်ယာရှေ့ ရောက်တော့ အသာထိန်းပြီး လှဲချပေးလိုက်ရာ နေမင်းထက်ကိုယ်လုံးကြီးကို မထိန်းနိုင်တော့ဘဲ သူမပါ အိပ်ယာပေါ် နေမင်းထက်နှင့်အတူ ရင်ဘတ်ချင်း အပ်ပြီး ကျသွားလေသည်။

"အို. . . အမေ့"

ရင်ဖိုပြီး ချက်ချင်းရုန်းထလိုက်သော်လည်း သိုင်းဖက်ထားသည့် နေမင်းထက်၏လက်တွေက ပြုတ်တူအလား။ ပါးစပ်ကလည်း တတွတ်တွတ် ရေရွတ်နေသေးသည်။

"မိုးမခ. . မိုးရယ်. . . မိုး. . မိုး"

ထိုအသံနှင့်အတူ ယောကျ်ားတစ်ယောက်၏အငွေ့အသက်များက မိုးမခ၏ရင်ကို တလှပ်လှပ် ဖြစ်စေတော့၏။ အထိအတွေ့တွေကလည်း သူမ၏ရုန်းထွက်နိုင်စွမ်းကို ဆုတ်ယုတ်လာစေသည်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လာသော သူမ၏ခန္ဓာကိုယ်ပေါ်မှာလည်း နေမင်းထက်၏လက်တွေကလည်း မြွေတစ်ကောင်လို နေရာအနှံ့ ပြေးလွှားလျက်။ ဆင်ခြင်နိုင်သည့်စိတ်က ခန္ဓာကိုယ်နှင့် သိပ်မဆော်ပ်ချင်တော့။ သူ၏နှုတ်ခမ်းအစုံသည် သူမ၏နားအုံတွင် ရမ္မက်ပြင်းပြစွာ။

သူမ ဘယ်လိုမှ ငြင်းဆန်ရန် ခွန်အားမရှိတော့သလို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တို စုံမှိတ်ထားလိုက်ရင်း သူ့အနမ်းအတွက် နှုတ်ခမ်းတံခါးကို မောပန်းစွာ ဖွင့်ပေးမိတော့သည်။ စိတ်ထဲတွင် ဘာမှ အသိမှ မရှိတော့ဘဲ တစ်ခုတည်းသော အာရုံသည်သာ သွေးထဲမှာ ကူးလူးနေတော့၏။ လှိုက်မောစွာ ပြန်ဖက်တွယ်ရင်း အလိုဆန္ဒတစ်စုံသည်သာ သူမရင်ထဲ တပ်ငြိနေပြန်သည်။

"မိုး. . . မိုး. . . မိုးရယ်"

"ကိုနေ. . . ဟင်း. . . ကိုနေ"


တစ်ယောက်တစ်လှည့် ဦးဆောင်ပြီး တောင်ထိပ်သို့ တက်နေရသလိုမျိုး လှိုက်ခုန်မောပန်းစွာ. . တောင်အောက်သို့ သိမ့်ခနဲ ပြုတ်ကျသလို တုန်ရီကြောက်ရွံ့စွာ. . ဆွဲငင်ခြင်းနှင့် တွန်းကန်ခြင်းတို့ကို ဖြစ်ပေါ်စေတတ်သော သံလိုက်ကဲ့သို့အလား သူမသည် ခရီးအဆုံးသို့ လိုက်ပါရန် အားအင်အပြည့်နှင့် ဖြစ်နေတော့သည်။

တစ်လောကလုံးသည် တိတ်ဆိတ်စွာ အမှောင်ထဲသို့ ညွတ်ပျောင်းခိုဝင်နေဆဲ။ ခပ်ပြင်းပြင်း အသက်ရှုသံများမှအပ အခန်းထဲတွင် သည်း ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်နေပြန်သည်။

ဆုံးဖြတ်ချက်တစ်ခုသည် တစ်ဖက်စွန်းသို့ မှားယွင်းစွာ ရောက်ရှိသွားခဲ့ပြီလား မသိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၈)

ခေါင်းနည်းနည်းအုံနေသည်မှလွဲ၍ အားအင်ပြည့်ဝစွာ နေမင်းထက် အိပ်ယာနိုးလာခဲ့သည်။ အမြင်စိမ်းသော မျက်နှာကျက် တစ်ခုကို အရင်မြင်လိုက်ရပြီး အံ့ဩစွာ ဘေးဘီသို့ စူးစမ်းမိ၏။

"ဟင်"

သူနှင့် တစ်အိပ်ယာတည်း နှစ်ခြိုက်စွာ အိပ်ပျော်နေသော မိုးမခကို တွေ့လိုက်ရသဖြင့် စိတ်တွေ ထူပူသွားရသည်။

အိပ်ယာတစ်ခုလုံးလည်း တွန့်ကြေလျက်။ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်လိုက်တော့ ချက်ချင်းခေါင်းကြီးသွားရသည်။

ဟာ. . . သွားပြီ။ ညက ငါမူးပြီး။ ဟာ. . . ရှက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



လူးလွန့်ပြီး ဝုန်းကနဲ ထထိုင်လိုက်သောကြောင့် မိုးမခ ကိုယ်လေး ဆတ်ခနဲ လှုပ်လာသည်။ ကြည့်နေရင်းမှာပင် ညက အဖြစ်တွေက အစီအရီ ခေါင်းထဲ ရောက်ရှိလာတော့၏။

ငါမူးသွားလို့ ငါ့ကို လိုက်ပို့ဖို့ အိမ်လိပ်စာ မသိတာနဲ့ သူ့အိမ်မှာ သိပ်ဖို့ ခေါ်လာတာကို ဒီရောက်တော့။

ဟာ. . . ဟုတ်ပြီ။ ငါ. . ငါ . . မှားသွားပြီ။

တွေးရင်း မိုးမခ နိုးလာလျှင် ဘယ်လိုဖြေရှင်းရမှန်း မသိအောင်ပင် တုန်လှုပ်မိတော့သည်။

ထိုအချိန်မှာပင်. . .

"ကိုနေ. . အင်း. . နိုးနေပြီလား"

ညင်သာနူးညံ့သော မိုးမခ၏ အိပ်ယာနိုးစ လေသံလေးက နားထဲ တိုးဝင်လာသဖြင့် နေမင်းထက် တွန့်သွားပြီး အထစ်ထစ် အငေါ့ငေါ့နှင့်. . .

"မိုး. . မိုးမခ. . . ကျွန်တော်. . . ကျွန်တော်. . . "

"ဘာမှမပြောနဲ့တော့ကွာ. . . ကိုနေ မကောင်းဘူး သိလား မိုးက သူ့ကို ဘယ်လိုက်ပို့ရမှန်း မသိတာနဲ့ ဒီကိုခေါ်လာတာကို"

ဆက်မပြောဘဲ မျက်နှာလေး ရဲကာ နေမင်းထက်ရင်ခွင်ထဲ ခေါင်းလေး တိုးဝင်ကွယ်ဝှက်လိုက်သည်။

နေမင်းထက်လည်း အယောင်ယောင်အမှားမှားဖြင့် အလိုက်သင့်လေး ပြန်ဖက်မိလိုက်ပြီး. .

"ကျွန်တော်. . . ကျွန်တော် တောင်းပန်ပါတယ် မိုးမခရယ် တကယ်ပဲ ကျွန်တော်. . . "

မိုးမခ ခေါင်းကလေး မော့လာကာ နေမင်းထက် ပါးစပ်ကို လက်နှင့် လှမ်းပိတ်လိုက်ရင်း. . .

"မတောင်းပန်ပါနဲ့ ကိုနေရယ်၊ အချစ်ဆိုတာ တောင်းပန်စရာ မလိုဘူးတဲ့၊ မိုး. . မိုးကိုယ်တိုင်လည်း ကိုနေကို ချစ်လို့သာယာမိသွား



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ဒါပေမယ့် မိုးကိုတော့ အထင်မသေးရဘူးနော်”

“မိုးရယ်. . .”

ချစ်တယ်ဟု ပြောနေသော ကောင်မလေးကို နေမင်းထက် သနားစိတ်ကလေး ဝင်သွားရသည်။

မိန်းမပျက် မဟုတ်ဘဲ သူ့ရင်ခွင်ထဲမှာ ပုံအပ်ခဲ့သော မိုးမခကို ဘယ်လိုစကားမျိုးဖြင့် နှစ်သိမ့်ရတော့မည်နည်း။

ဆတ်ကနဲ လှုပ်ရှားလိုက်၍ မိုးမခ ပိုမိုသိုင်းဖက်လိုက်ကာ. . .

“မိုးအနားမှာ ခဏလေး နေပါဦး ကိုနေရာ”

မိန်းမူးစွာ ပြောရင်း မိုးမခ၏အနမ်းတွေက သူ့အပေါ် ပြောင်း ပြန်စီးဆင်းလာပြန်သည်။ အလိုက်သင့် ပြန်နမ်းလိုက်ရင်း နေမင်းထက် သွေးတွေက ပေါက်ထွက်လုမတတ် ဆူဝေလာပြန်၏။ အထိအတွေ့ တွေကလည်း အတွင်းသားကို နူးညံ့စွာ ကြွမ်းတမ်းလာစေတော့သည်။

ရှည်ကြာသော ရင်ခုန်မောပန်းမှုတွေကြား အသိဉာဏ်မှာ မှိန် ဖျော့ပျောက်ကွယ်ကာ ငတ်မပြေသော ပင်လယ်ရေကဲ့သို့ ပိုင်နက် တစ်ခုကို ထပ်မံ၍ကျူးကျော်မိလေသည်။ ရေယာဉ်ကြောမှာ မျောပါ ရင်း ဆင်ခြင်တုံတရားတွေက နှစ်ဦးသားစိတ်၏အပြင်ဘက်မှာ လွင့် ထာ. . . မျောကာ။

ချိုမြိန်စွာ မောပန်းပြီးနောက် တစ်ယောက်နှင့်တစ်ယောက် သွေလေး ဖက်ထားရင်း ငြိမ်သက်နေမိကြ၏။ အတန်ကြာတော့မှ သက် ပြင်းဖွဖွ ချလိုက်ရင်း နေမင်းထက်က. . .

“မိုး. . . ကိုယ်ပြန်မှဖြစ်တော့မယ်”

တိုးဖွသောအသံကြောင့် မိုးမခက မျက်နှာလေး ငယ်ကာ ခေါင်းညိတ်ပြရင်း. . .

“မိုးမှာ ကိုနေ့ကို တားပိုင်ခွင့် မရှိပါဘူး၊ ဒါပေမယ့် မိုးဆီကို ဒီနေ ထပ်လာလိမ့်မယ်လို့ မျှော်လင့်ချင်တယ်၊ ကိုနေကို တာဝန်ယူခိုင်း နေတာ မဟုတ်ဘူးနော်၊ ကိုနေ့စိတ်ကလေးကို မိုးမျှော်လင့်ချင်တာပါ”

www.burmeseclassic.com



နေမင်းထက်မှာ ရုတ်တရက် ပြန်ပြောစရာစကား ရှာမရ ဖြစ်နေမိသည်။

ထို့ကြောင့် မယုတ်မလွန်လေးပဲ ပြောလိုက်၏။

"မိုးဆီကို ကိုယ်ဖုန်းဆက်လိုက်မယ်လေ"

မိုးမခက တွေတွေလေး သူ့ကို စိုက်ကြည့်နေသည်။ နေမင်းထက် ပြန်ခါနီး အဆင်သင့်ဖြစ်မှ. . .

"ကိုနေ. . . မိုးကို နှုတ်ဆက်မသွားဘူးလား"

အနားသို့ သွားပြီး မိုးမခ အလိုကျ အနမ်းခြွေရပြန်သည်။

စိတ်ထဲကိုလည်း အာရုံထွေပြားမှုတွေ တစ်စစ ယိုစိမ့်လာသလိုမျိုး ကိုယ့်ကိုယ်ကို နေမင်းထက် သတိပြုမိလာ၏။

အိပ်ယာပေါ် လှဲနေသေးသော မိုးမခကို တစ်ချက်ကြည့်လိုက်ပြီး. . .

"သွားပြီ မိုး၊ ကိုယ် တံခါးကို အတွင်းဘက်က လော့ချခဲ့မယ်"

ပြောရင်း လှည့်ထွက်လာခဲ့၏။

နောက်ကျောဆီမှ မိုးမခ၏ စကားတစ်ခွန်းကို မျှော်လင့်ချက်တွေ ရောစွက်နေသောအသံဖြင့် နောက်ဆုံးကြားလိုက်ရလေသည်။

"ကိုနေအတွက်ဆိုရင် မိုးအခန်းက အမြဲတံခါးဖွင့်ထားမှာပါ။ မိုးအထဲမှာ ရှိနေရင်တောင် ကိုနေ တံခါးမခေါက်ဘဲ ဝင်လာလို့ ရပါတယ်၊ သော့အပိုတစ်စုံကို အပြင်ဘက်အခန်းဝက ခြေသုတ်ခုံအောက်မှာ မိုးအမြဲထားပြီးသားပါ၊ အဲဒါ အခု ကိုနေ့အတွက် ဖြစ်သွားပြီနော်"

တံခါးဖွင့်ကာ အပြင်ထွက်လိုက်ရင်း နေမင်းထက် ခေါင်းအသာခါယမ်းမိတော့သည်။

ဘယ်အရာတွေကများ ခုလို မှားယွင်းစွာ ဖြစ်တည်လာခဲ့သည်ကိုတော့ မပြောတတ်တော့ပါ။

နောက်ဆုတ်ဖို့ ကြိုးစားရင်း ငါ ရှေ့ထပ်တိုးမိခဲ့တာလား. . .။

တွေးရင်းနှင့်ပင် ချိုလဲ့နှင့်သမီးလေးတို့ပုံရိပ်က ဦးနှောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ဝင်းလာခဲ့ပြီး ပြင်းထန်စွာ တုန်လှုပ်မိတော့၏။

မောင်မှားသွားတယ် ချိုလေးရယ်။

သမီးနဲ့ချိုလေးကို မရည်ရွယ်ဘဲ သစ္စာမဲ့သလို ဖြစ်သွားရတယ်။

နောက်မဖြစ်စေရပါဘူးကွာ. . . ။

စိတ်ကို ဒုံးဒုံးချရင်း ကားကို အရှိန်ပြင်းပြင်းနှင့် မောင်းထွက်သိုက်ပါတော့သည်။


လောကသည် မာယာများဖြင့် အသက်ဝင်နေဆဲပင်. . . ။

နေမင်းထက်ရင်ထဲမှာလည်း. . .



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# (၉)

အလုပ်ထဲ စိတ်နှစ်လို့မရအောင်ပင် မိုးမခ၏မျက်နှာတာ အတွေးထဲ ပေါ်ပေါ်လာသည်မို့ နေမင်းထက်မှာ လေပူကြီးကိုပဲ မှုတ်ထုတ်နေမိသည်။ ဖြစ်နိုင်လျှင် ဒီအဖြစ်အပျက်တွေကို မေ့ပစ်လိုက်ချင်ပြီ။

သို့သော်လည်း ကိုယ်လုပ်ခဲ့သည့်ကိစ္စကို ခေါင်းရှောင်သလို ဖြစ်နေမှာလည်း စိုးရိမ်မိသည်။ တကယ်တမ်းကျတော့လည်း တာဝန်မဲ့သော ယောကျ်ားတစ်ယောက်မျိုး မဖြစ်ချင်ပါ။

ဘာဆက်လုပ်ရမည်မှန်း မသိတော့။ ဒီကိစ္စက တောင်းပန်ထိုက်ရုံနှင့် ပြီးသွားမှာလား။ ပြီးတော့ မိုးမခ၏ခံစားချက်ကို ထည့်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရဦးမည်။ သူ့ကို ချစ်တယ်ဟု ပြောခဲ့သော မိုးမခက ဒီကိစ္စကို အလွယ်တကူ ခွင့်လွှတ်နိုင်ပါ့မလား။

တွေးရင်း ရင်မောနေမိသည်။

သူ့ဘက်က စဉ်းစားကြည့်လျှင်လည်း အိမ်ထောင်သည်မှန်း သိရက်နှင့် အပျိုဘဝကို ပုံအပ်ခဲ့သော မိုးမခကို တစ်မျိုးတွယ်ငြိနေမိသည်။

ချိုလဲ့ကို ချစ်တဲ့ပုံစံမျိုးလည်းမဟုတ်။ မိုးမခနှင့် တွေ့လိုက်တိုင်း သူ့ရင်တွေ နွေးနွေးလာတတ်သည်ကတော့ အမှန်ပင်။

ချိုလဲ့ကို သစ္စာဖောက်သလို ဖြစ်မှာစိုးလို့ မိုးမခကို ခေါင်းထဲက အတင်းထုတ်နေမိတာလား. . .။

မပြတ်သားသော သူ့စိတ်ကိုသူ ဒေါသထွက်နေမိတော့သည်။ ဖြိုးဝေကို တိုင်ပင်ကြည့်ရင် ကောင်းမလားဟု စဉ်းစားလိုက်တိုင်းလည်း ရှက်ရွံ့နေမိ၏။ သူ့ဘဝမှာ ဒီလိုကိစ္စမျိုး မရှိဖူးပါ။ ဖြိုးဝေအထင်သေး သွားမှာကိုလည်း ကြောက်နေမိသည်။

မင်းနဲ့တော့ ခက်နေပြီ မိုးမခရေ။ ငါ့လို မလွတ်မလပ်တဲ့လူကိုမှ ဘာဖြစ်လို့ မင်းချစ်ချင်ရတာလဲ။

အလုပ်လည်း လုပ်လို့မရတော့ပါ. .။ ရုံးပိတ်ရက်မို့ အိမ်မှာ အလုပ်တွေ လုပ်ရင်း စဉ်းစားနေမိခြင်းဖြစ်သည်။ စိတ်မပါတဲ့အတူတူ မလုပ်တာပဲ ကောင်းမယ်ဟု တွေးရင်း ကွန်ပျူတာကို ပိတ်လိုက်သည်။

စိတ်ထဲမှာ ရှုပ်ထွေးဖိစီးနေသဖြင့် အရက်သောက်ရင် ကောင်း မလားဟု ထပ်စဉ်းစားမိ၏။ ခုလိုမနက်ပိုင်းတွေမှာ သူ သောက်လေ့ သောက်ထ မရှိပါ။ သို့သော်လည်း ဒီနေ့ စိတ်ဖိစီးမှုကို သူ တင်းမခံနိုင် တော့။

ရေခဲသေတ္တာဖွင့်ပြီး ဝီစကီပုလင်းကို ထုတ်လိုက်သည်။ ခဏမျှ တွေဝေနေပြီး နောက်တော့လည်း တစ်ခွက်ပြီးတစ်ခွက် သောက်နေမိ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိဝေဝေဖြစ်လာတော့မှ စိတ်ထဲမှာ နေသာထိုင်သာ ရှိသွားသည်။ ခုံမှာ ထိုင်ပြီး စီးကရက် ဖွာနေမိ၏။

ထိုစဉ်. . .

ဖုန်းမြည်လာသဖြင့် ဆတ်ခနဲ ဖြစ်သွားရသည်။ ချိုလဲ့ဆီက လာတာပဲဖြစ်မည်ဟူသောအတွေးဖြင့် ဖုန်းသွားကိုင်လိုက်သည်။

ဖုန်းနံပါတ် ကြည့်လိုက်တော့ ဒိန်းကနဲဖြစ်သွားရ၏။

မိုးမခထံမှ ဆက်လာခြင်းဖြစ်သည်။ ဖုန်းဖွင့်ကာ ကိုင်လိုက်ရ၏။

"ကိုနေလား. . . မိုးပါ၊ ခု ဘယ်မှာလဲ"

"အိမ်မှာပါပဲ. . . အလုပ်နည်းနည်းလုပ်နေလို့"

ခဏတော့ အသံတိတ်သွားသည်။ ပြီးမှ. . .

"မိုးက ဈေးသွားဝယ်ရင်းနဲ့ စဉ်းစားမိလို့ပါ၊ အဲဒါနဲ့ စားစရာတွေ ဝယ်လာတယ်၊ အိမ်မှာ ထမင်းဟင်း ချက်စားမလားလို့"

နေမင်းထက် ရယ်ပြီး. . .

"မိုးက အမြဲတမ်း အပြင်မှာပဲ စားတာလား"

"အင်း. . . ဟုတ်တယ်၊ ခုမှ ကိုနေ့ကို ချက်ကျွေးချင်လို့ စိတ်ကူးပြီး ဝယ်လာတာ"

"ဆောရီး မိုးရာ. . . ကိုယ်မအားဘူး၊ ပြီးတော့ ကိုယ် ဟိုကိစ္စကို. . ဟူး. . မိုးကို ဘယ်လိုပြောရမှန်းကို မသိတော့ဘူး"

တစ်ခစ်ခစ် ရယ်လိုက်ပြီးမှ မိုးမခက. . .

"မသိရင်လည်း ပြောမနေနဲ့ ကိုနေရယ်၊ မိုးဆီကိုတော့ လာခဲ့ပါလား၊ ကိုနေအတွက် ရည်ရွယ်ပြီး ဝယ်လာတာမို့ပါ"

နေမင်းထက် စဉ်းစားရတော့သည်။

မိုးမခနှင့်တွေ့လျှင် သူ ထိန်းချုပ်နိုင်ပါဦးမလား။

နောက်တစ်ခါဆိုရင် ဟူသောအတွေးဖြင့်. . .

"ဒီလိုလုပ်ပါလား မိုးရာ၊ ကိုယ်အားတဲ့ရက် ဖုန်းဆက်ခိုက်မယ် လေ၊ အပြင်မှာ အေးအေးဆေးဆေး ပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ. . . မိုးက မိန်းကလေးနော်. . . စဉ်းစားဦး၊ ပြီးတော့ မိတ်ဆွေတစ်ယောက်လို ထမင်းစားဖိတ်တာဆိုရင်ကော"

နေမင်းထက် ရယ်မိတော့သည်။

"အင်း. . . မိုးက လက်လျှော့မယ့်ပုံ မပေါ်ဘူးနော်၊ အင်းလေ ကိုယ်လာခဲ့ပါ့မယ်"

ဖုန်းပိတ်ရင်း ငြိမ်နေမိသေးသည်။ ရီဝေဝေဖြစ်နေသောအရှိန်နှင့် နေမင်းထက်၏စိတ်ကလည်း မိုးမခ၏စကားသံတွေထဲမှာ အရည်ပျော်ချင်နေပြီ။

မိုးမခတိုက်ခန်း ရောက်သွားတော့ တံခါးဖွင့်ပေးရင်း မိုးမခက ပြောလာသည်။

"ကိုနေ ဘာစားချင်လဲပြော"

"ရပါတယ်. . . အဆင်ပြေသလိုပေါ့"

မျက်စောင်းလေး ထိုးရင်း မိုးမခက. . .

"ဒီလိုဆိုတော့လည်း ကိုနေက လိမ္မာသားပဲ. . . အဟင်း"

မိုးမခ၏နောက်ကျောကို ကြည့်ရင်း နေမင်းထက် သွက်ပြင်းချ မိတော့၏။ အိမ်နေရင်း ဝတ်ထားသော အကျီပါးပါးအောက်မှာ မြင်နေရသော အသားဆိုင်များသည် သူ၏ရီဝေဝေဖြစ်နေသည့်စိတ်ကို လာလှုပ်ခတ်နေသည်မို့ ခက်တော့ ခက်နေပါပြီဟုပဲ နေမင်းထက် တွေးနေမိ၏။

ချက်ပြုတ်ရင်း မိုးမခက. . .

"ကိုနေ သောက်ထားတာလား၊ ခုနက အနံ့ရသလိုပဲ"

"ဟုတ်တယ်. . . အဲဒါကြောင့် မိုးဆီကို မလာချင်တာ"

မိုးမခက သဘောကျသလို ရယ်တော့သည်။

ဘယ်လိုသဘော ပေါက်သွားသည်မသိ။ မခို့တရို့ လုပ်ရင်း ဆက်ပြောလာ၏။

"ဘာလဲ. . . ဟိုနေ့ကလို မူးနေမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . မိုးကလည်း"

"အံမယ်. . . သူကပဲ တစ်ပြန်ကြီး ရှက်နေရသေးတယ်"

ပြောနေသည့်ပုံစံလေး ကြည့်ပြီး နေမင်းထက် အသဲယားလာသည်။

ထို့ကြောင့်. . .

"မရှက်ပါဘူးကွာ. . . အဲဒီနေ့က ကိုယ်မူးသွားတာ မိုးအတွက်တောင်းလို့ပါ"

မိုးမခ ခဏငြိမ်သက်သွားသည်။

သက်ပြင်းဖွဖွချပြီး နေမင်းထက်အနားကို လျှောက်လာကာ နောက်ဘက်မှ သိုင်းဖက်လိုက်ရင်း. .

"အဲဒီလိုတော့ မပြောပါနဲ့ ကိုနေရယ်၊ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကိုနေနဲ့ ဆုံခဲ့ရတဲ့ ကံကြမ္မာကို မိုးက ကျေးဇူးတင်ရမှာပါ။ ကိုနေ့ကို မိုးချစ်တယ်"

နေမင်းထက် သက်ပြင်းသာ ချမိတော့သည်။ မိုးမခ ကိုယ်လုံးလေးကို မျက်နှာချင်းဆိုင်အနေအထားသို့ ဆွဲလှည့်လိုက်ရင်း. . .

"မိုးရာ. . . ကိုယ့်အနေအထားကို သိရဲ့သားနဲ့ ဘာဖြစ်လို့ ဇွတ်တိုးချင်ရတာလဲ"

"မသိဘူးကွာ. . . ကိုနေ ဘာတွေပဲဖြစ်နေနေ မိုးချစ်နေတဲ့စိတ်ကို ဘယ်လိုလုပ်ရမှာလဲ၊ မိုးဘာမှမသိချင်ဘူး. . မိုး ဘယ်သူ့ကိုမှ ချစ်ခဲ့ဖူးဘူး၊ စိတ်ကစားတဲ့အရွယ် မဟုတ်ပေမယ့် ကိုနေကိုမှ မိုးချစ်သွားတာ မိုးရဲ့ဝဋ်ကြွေးဆိုလည်း မိုးခံပါ့မယ်၊ နေလို့ရသလောက်တော့ မိုးအနားမှာ နေပါဦးနော်"

ပြောရင်း မိုးမခရဲ့အထိအတွေ့တွေက ပို၍နူးညံ့လျှင်မြန်လာသည်။ ရီဝေနေသောစိတ်၊ မိုးမခအပေါ် သနားမိသောစိတ်တွေနှင့် နေမင်းထက်လည်း သူ့စိတ်ကို ထူးခတ်မရတော့။ ရေယာဉ်ကြောမှာ ချောပါနေတုန်း အနံ့တစ်ခုက စူးရှစွာ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက်က. . .

"မိုး. . မိုး. . ဟင်းအိုးတူးပြီလား မသိဘူး"

မိုးမခက မောဟိုက်သံလေးနှင့်ပင်. . .

"ထားလိုက်ပါ ကိုနေရာ၊ ကိုနေလောက် မိုးမှာ အရေးကြီးတာ ဘာမှမရှိဘူး"

ဟင်းအိုးတူးနံ့က ပို၍ပြင်းထန်လာသော်လည်း မီးဖိုပေါ်မှ ချပေးမည့်သူ မရှိပါ။ တစ်ခုတည်းသော မီးကတော့ အရှိန်ပြင်းစွာ တောက်လောင်လို့နေဆဲ။

တကယ်တော့ မိုးမခသည် တစ်ခါမှ မစူးစမ်းဖူးသည့် အချစ်နှင့် ရမက်ကို ရောထွေးစွာ ခံစားရင်း ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သည့် မိန်းကလေးတစ်ဦးပမာသာဖြစ်နေပြန်သည်။

သို့သော်လည်း အချစ်ဆိုသည့်အရာကတော့ လူသားနှစ်ဦးတို့ အထိန်းအကွပ်မဲ့နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

**ဟင်း**အိုးလည်း တူးသွားခဲ့ပြီ။ အရှိန်ပြင်းပြင်း တောက်လောင်ခဲ့သောမီးလည်း ငြိမ်းဝပ်သွားခဲ့ပြီ။ အားလုံးသည် နေသားတကျ ပြန်၍ အသစ်ဖြစ်နေပြန်၏။

နေမင်းထက်တစ်ယောက် ကုတင်ပေါ်မှာ အသာထိုင်ရင်း ငူငူ ငိုင်ငိုင် တွေးနေမိသည်။

ငါ. . . မှားပြီးရင်း ထပ်မှားပြန်ပြီ။ ငါ့စိတ်ကို ငါမနိုင်ပဲ ဒီအခန်းထဲ ဘာဖြစ်လို့များ လာမိတာပါလိမ့်။

ကိုယ့်ကိုယ်ကို ရှက်ရွံ့မုန်းတီးသောစိတ်က ပြန်၍ဖြစ်ပေါ်လာသည်။ တစ်ခုခု ပြောလိုက်ချင်သော်လည်း ဘယ်စကားက စပြီးပြောရ



www.burmeseclassic.com

www.burmeseclassic.com



မှန်း မသိသဖြင့် မိုးမခကို တစ်ချက်လှည့်ကြည့်မိသည်။

မိုးမခက မျက်လုံးကလေးများ မှိတ်ကာ အသာငြိမ်သက်နေဆဲ။

သက်ပြင်းသာ အသာချမိတော့၏။ ဖြစ်နိုင်ရင်တော့ ဒီဇာတ်လမ်းကို မြန်မြန်အဆုံးသတ်လိုက်ချင်ပြီ။ သို့သော်လည်း ကိုယ့်စိတ်ကိုယ်မနိုင်သော ယောကျ်ားတစ်ယောက်အဖြစ် အလွန်အမင်း ရှက်ရွံ့နေဆဲ။

ပြီးတော့ ဆန္ဒပြည့်ဝသွား၍ ထိုကဲ့သို့ စကားမျိုး ပြောသည်ဟု မိုးမခ ထင်သွားမည်လား။ သူ့ကို အလွန်အမင်း စက်ဆုတ်ရွံ့ရှာသွားမည်လား။ သူမလို ပြည့်စုံသောအနေအထားရှိသည့် မိန်းကလေးတစ်ယောက်အနေဖြင့် ပြင်းထန်စွာ ပေါက်ကွဲပစ်လိုက်မည်လား။

တွေးရင်း ပို၍မွန်းဝေလာတော့သည်။ ဒါပေမယ့် အိမ်ထောင်ရှိသော ယောကျ်ားတစ်ယောက်အနေဖြင့် ကိုယ့်အိမ်ထောင်အတွက် တစ်ခုခုတော့ ပြောရမည်ဆိုတာ နေမင်းထက် နားလည်ပါသည်။

ဆုံးဖြတ်ရင်း စကားစလိုက်၏။

"မိုး. . ."

"ဟင်း. . . ဘာလဲ ကိုနေ"

မျက်လုံးကလေး အသာဖွင့်ကာ မိုးမခက ပြန်မေးလာသည်။ နေမင်းထက်က သက်ပြင်းချလိုက်ရင်း. . .

"ဒီစကားပြောရမှာ ကိုယ်ဘယ်လိုအသုံးအနှုန်းမျိုး သုံးရမှန်းတောင် မသိတော့ဘူး မိုးရယ်၊ ဒါပေမယ့် မပြောလို့ကလည်း မဖြစ်ပြန်ဘူး"

မိုးမခ၏မျက်နှာကလေး တည်သွားသလို ရှိသည်။ နေမင်းထက် စကားဆက်မလာခင်မှာဘဲ ပြန်စိုက်ကြည့်ကာ. . .

"ကိုနေ ဘာပြောမှာဆိုတာ မိုးနားလည်ပါတယ်၊ ဒါပေမယ့် မပြောလို့ မဖြစ်သေးဘူးလား ကိုနေရယ်"

"မဟုတ်ဘူး မိုး၊ ကိုယ့်မှာ အိမ်ထောင်ရှိတယ်၊ ပြီးတော့ ခု



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်မိန်းမနဲ့ ကလေးက ခရီးသွားနေတယ်”

“ဒါကြောင့် ကိုနေက မိုးဆီ ထပ်ရောက်လာတာလား”

ထိုအမေးကိုတော့ နေမင်းထက်က အမြန်ငြင်းဆန်ရတော့သည်။

“ဟာ. . . မဟုတ်ဘူးနော်၊ အဲဒီလို မဟုတ်ပါဘူး၊ မိုးဆီ ကိုယ်လာတာ သူတို့ကို သစ္စာဖောက်သလို ဖြစ်မိမှာ သိပါတယ်၊ ဒါပေမယ့် ကိုယ့်စိတ်နဲ့ကိုယ် လာခဲ့တာပါ၊ လာတုန်းကတော့ ကိုယ့်စိတ်ထဲမှာ ဘာမှ ရည်ရွယ်မထားတာ အမှန်ပါ”

“ဒါဆို မိုးကြောင့်လား”

မိုးမခ မေးခွန်းက သူ့ကို အဖြေရကျပ်စေသည်။

ခေါင်းကို တွင်တွင်ခါရင်းနှင့်ပင်. . .

“ဟာ. . . အဲဒီလို မပြောပါနဲ့ မိုးရာ၊ ဒီကိစ္စမှာ ကိုယ့်မှာ တာဝန်ရှိတာ ကိုယ်သိပါတယ်၊ မိုးကို ကိုယ်ဘယ်လိုများ. . .”

“ဒီမှာ. . . ကိုနေ”

ဖြတ်ပြီး ခပ်စူးစူး ပြောလိုက်သော မိုးမခ စကားသံကြောင့် နေမင်းထက် ဆက်မပြောနိုင်ဘဲ စကားပြတ်သွားသည်။

မိုးမခက အိပ်ယာမှ လူးလဲထပြီး. . .

“ဘာလဲ. . . ကိုနေက နစ်နာကြေးအနေနဲ့ ပိုက်ဆံ ဒါမှမဟုတ် အဲဒါနဲ့ ပတ်သက်တဲ့ တစ်ခုခု လုပ်ပေးချင်တာမျိုးလား၊ ဆောရီးပဲ ကိုနေ၊ မိုး အဲဒါတွေ မလိုအပ်ဘူး၊ မိုးကို မစော်ကားပါနဲ့”

“မဟုတ်ဘူးလေ. . . ကိုယ်ဆိုလိုချင်တာက”

“ဟင်း. . ဟင်း. . မိုးသိပါတယ်၊ ကိုနေ ကိုယ့်ကိုယ်ကို အိမ်ထောင်ရေး ဖောက်ပြန်သလို ဖြစ်မှာစိုးလို့ မိုးကို ဒီစကားတွေ ပြောချင်တာမလား”

မိုးမခပုံစံက ကျားသစ်မလေးတစ်ကောင်ကဲ့သို့ ရဲရင့်ခက်မာသာသည့်ပုံစံမျိုး။

www.burmeseclassic.com



မျက်ဝန်းတွေကလည်း ရေခဲပြင်တမျှ တင်းခဲအေးစက်စွာ။ ပြောင်းလဲလာသည့်အနေအထားကြောင့် နေမင်းထက်တ ပင့်သက်ကို ရှိုက်ကာ. . .

"ကိုယ်မပြောချင်ဘူး. . . အားလည်း အားနာတယ်၊ မိုးအပေါ် ကိုယ်သာယာမိခဲ့တာကို မငြင်းချင်ပါဘူး၊ ဒါပေမယ့် ကိုယ့်အသိုင်းအဝိုင်း နဲ့၊ ပြီးတော့ မိုးပတ်ဝန်းကျင်နဲ့. . ."

"တော်ပါတော့ ကိုနေ၊ ဒါဆိုရင်လည်း နှစ်ယောက်စလုံးရဲ့ သိက္ခာကြောင့် နောက်ထပ်မတွေ့ချင်တော့ဘူးလို့ ကိုနေ ရဲရဲပဲ ပြော လိုက်ပါ၊ အဲဒီစကားမျိုးဆိုရင်တောင် မိုးက ကိုနေ့ကို လေးစားမိမှာပါ ခုတော့ ကိုနေက. . . ကိုနေဆီက မိုးတစ်ခုခု လိုချင်တဲ့ပုံစံမျိုးနဲ့၊ တော် တော့ ကိုနေရာ"

မိုးမခပုံစံက စိတ်ကို ချုပ်တည်းထားရသလိုမျိုး ဖြစ်နေပြီ၊ စကားမှားသွားသလို ဖြစ်သွားသည့် ကိုယ့်ကိုယ်ကိုပဲ နေမင်းထက် ဒေါသထွက်မိတော့၏။ တကယ်ဆို မိဘတွေက နိုင်ငံခြားမှာ နေပြီး တစ်ယောက်တည်း ရပ်တည်နေသော မိုးမခမှာလည်း ငွေကြေးဆိုတာ လိုအပ်တာထက်တောင် ပြည့်စုံနေသည်ပဲ။

တင်းမာလာသည့် မိုးမခကို ကြည့်ကာ နေမင်းထက်တ အပျော့ပျောင်းဆုံးလေသံနှင့် ပြောရတော့သည်။

"အင်း. . . ဒီအတိုင်းတော့ ဖြစ်နေပြီ၊ မိုးပြောသလိုပဲ ကိုယ်တို့ သိက္ခာအရ ထပ်မတွေ့ကြရင် ကောင်းမယ်"

စကားအဆုံးမှာ မိုးမခသည် ငြိမ်သက်သွားလျက် တွေတွေကြီး ငြိမ်ကြည့်နေသေးသည်။

စိတ်ခံစားမှုကြောင့်လား မသိ၊ မျက်နှာပေါ်မှာ အရောင်အမျိုး မျိုး ယှက်ဖြာလာပြီး နောက်ဆုံးမှာ စူးစူးရဲရဲ ကြည့်လိုက်ရင်း. .

"အဟင်း. . . နောက်ဆုံးတော့ ရှင် ဒါပဲ ပြောတတ်တာပေါ့ ဟုတ်လား ကိုနေမင်းထက်"

www.burmeseclassic.com



လေသံနှင့် အမူအရာကြောင့် မိုးမခ ပေါက်ကွဲသွားပြီဆိုတာ နားလည်လိုက်ပါသည်။

ထို့ကြောင့်. . .

"မိုး. . . ကိုယ်ဆိုလိုတာက. . . "

"သွားပါတော့ ကိုနေမင်းထက်၊ ရှင် ကျွန်မအခန်းထဲက ခုချက်ချင်း ထွက်သွားပါတော့၊ သွားတော့. . . သွားပါတော့"

စိတ်ကို ချုပ်တည်းမရသောပုံစံဖြင့် မိုးမခ အော်တော့သည်။ ခံစားချက်ကြောင့် စိတ်လွတ်ကာ ပေါက်ကွဲနေသည့် မိုးမခကို ကြည့်ပြီး အံ့ဩကြောက်ရွံ့သွားသလို. . သနားနာကျင်နေမိသည်။

သို့သော်လည်း ကိုယ့်အဖြစ်က ရှေ့ဆက်တိုးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့မှန်း နေမင်းထက် နားလည်ပါသည်။

ထို့ကြောင့် မိုးမခကို ကြည့်ကာ မပြောချင်ပေမယ့် ပြောသင့်သောစကားကိုပြောလိုက်ရတော့သည်။

"ကိုယ်ပြန်တော့မယ် မိုး၊ ဘယ်လိုပဲဖြစ်ဖြစ် မိတ်ဆွေကောင်း တစ်ယောက်လို မိုးအတွက် ကိုယ်ရှိနေမှာပါ။ ကိုယ်သွားတော့မယ်နော် မိုး"

ဘာမှပြန်မပြောဘဲ မိုးမခက ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။ ပြီး အေးစက်စက် ကြည့်နေသောအကြည့်ကြောင့် ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းပြီး နေမင်းထက် လှည့်ထွက်လိုက်ပါ၏။

ဘယ်လိုမှ ရှေ့ဆက်လို့ မဖြစ်နိုင်တာကို နားလည်ပါ မိုးမခရယ်။ ခုလို တစ်ဖက်သတ်ကြီး ချက်ချင်း အစိမ်းသက်သက် လမ်းခွဲစကား ပြောလိုက်တာ လွန်သွားပြီလားဟု နေမင်းထက် တွေဝေနေမိသေးသည်။

အပြင်မထွက်ဖြစ်သေးဘဲ တံခါးအတွင်းဘက်မှာ ရပ်ရင်းကိုယ့်ကို တွယ်တာသွားသည့် မိန်းကလေးတစ်ယောက်အတွက် ပြန်ပြီး တိုယ်ချင်းစာမိ၏။ စိတ်ထဲမှာလည်း မောသလိုဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . ဒီလိုမှ မလုပ်ရင်လည်း မဖြစ်တော့ဘူး။ နှစ်ယောက်စလုံး ပိုဒုက္ခရောက်ကုန်တော့မယ်. . . ဟူး။

စိတ်ကို ဒုံးဒုံးချပြီး အပြင်ထွက်ရန် တံခါးလက်ကိုင်ဘုကို ဆွဲလှည့်လိုက်သည်။

ထိုစဉ်မှာပဲ. . .

"ကိုနေ"

တိုးဖွသော်လည်း ပီသသော လှမ်းခေါ်သံလေးကို ကြားလိုက်ရ၍ နေမင်းထက် လက်ကို တံခါးမှ အသာရုတ်ပြီး တုန့်ခနဲ ဖြစ်သွားရသည်။

ခြေလှမ်းကို ဆက်မလှမ်းနိုင်သေးဘဲ နေမင်းထက် ရပ်နေမိသည်။ မိုးမခ၏အသံကို ခုနကလို တင်းမာသည့်ပုံစံ မဟုတ်ဘဲ နူးညံ့စွာ ထပ်ကြားလိုက်ရ၏။

"ကိုနေ. . . ခုနက ပြောမိတာ စိတ်မကောင်းပါဘူး၊ အနေအထားတွေကို နားလည်ပေမယ့် မခံစားနိုင်လို့ ပြောမိတာပါ၊ မိုးလေ"

အသံက ဆို့နစ်စွာ တိမ်ဝင်သွားပြန်သည်။ ခဏမျှ တိတ်ဆိတ်သွားပြန်၏။ တစ်ခုခု ထပ်ပြောဖို့ အားယူနေရတာမျိုးလား။ ရင်ထဲမှာ တစ်မျိုးဖြစ်လာသည်။ စိတ်ကို တင်းပြီး ဆုံးဖြတ်ချက်အတိုင်း သွားရန် နေမင်းထက် စိတ်ကူးလိုက်၏။

ထိုစဉ်. . .

လှုပ်ရှားသံသဲ့သဲ့ မိုးမခဆီမှ ကြားလိုက်ရပြီး. . .

"ရပါတယ်. . . ကိုနေ ဆုံးဖြတ်ထားသလို လုပ်ပါ၊ ဒါပေမယ့် ခုနက ဖြစ်ခဲ့တာတွေကို မေ့ပြီး မိုးကို နောက်ဆုံးဖြစ်ဖြစ် လာနှုတ်ဆက်ခဲ့ပါဦး. . . မိတ်ဆွေတွေလိုပေါ့"

နေမင်းထက် ဘာလုပ်ရမည်မှန်းပင် မသိတော့။ ဒါပေမယ့် ဒီလောက်တော့ သူ့ဘက်က လုပ်ပေးသင့်သည်ဟု ယူဆမိသည်။ ရှေ့ဆက်ပြီး အဖြစ်အပျက်တွေကို အတင်းမေ့ပစ်နေရမည့် မိုးမခ၏ခံစား

www.burmeseclassic.com



ချက်ကို သူနားလည်ပေးရမည်လေ။

စိတ်ကူးရင်း မိုးမခ အိပ်ခန်းဆီသို့ ပြန်လှည့်သွားလိုက်သည်။ အခန်းထဲ ရောက်တော့ မိုးမခက လက်နှစ်ဖက် နောက်ပစ်ကာ နေမင်းထက်အား မျက်ရည်တွေ ရစ်ဝိုင်းနေသော မျက်ဝန်းအစုံဖြင့် ကြေကွဲသလို ရပ်ကြည့်နေသည်။

ကြည့်ရင်း နေမင်းထက်လည်း ရင်ထဲမှာ လှိုက်တက်လာသည့် သနားစိတ်ကို ထူးခတ်မရတော့။ ရင်ထဲမှာ စစ်ခနဲ နာကျင်သွားပြီး မိုးမခကို အသာသိုင်းဖက်ရင်း. . .

"မိုး. . မိုးရယ်. . . ကိုယ့်ကို နာကျင်အောင် မလုပ်ပါနဲ့၊ မိုးတို့လည်း ကိုယ်ထပ်မနာကျင်စေချင်ဘူးကွာ"

ဘာမှပြန်မပြောဘဲ မိုးမခက နေမင်းထက်၏ခါးကို အသာအယာ ပြန်သိုင်းဖက်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေသည်။

မဖြစ်နိုင်မှန်းသိရက်နှင့် နေမင်းထက်လည်း ရှေ့ဆက်မတိုးချင်တော့။ နေမြင့်လေ အရှုးရင့်လေဆိုသလိုမျိုး ရှေ့ဆက်တိုးလေ နှစ်ယောက်စလုံး ပို၍ခံစားရတော့မှာ သေချာနေပြီ။

ထို့ကြောင့် လူချင်း အသာခွာလိုက်ရင်း မိုးမခ၏လက်နှစ်ဖက်တို့ နှစ်သိမ့်ရန် ဆွဲကိုင်လိုက်၏။

မိုးမခက ခေါင်းငုံ့ကာ ရှိုက်သံတွေ ထွက်ပေါ်နေဆဲ။ လက်တို့ကိုင်ထားရင်း ထူးခြားသည့် အထိအတွေ့ကြောင့် မသင်္ကာစိတ်နှင့် ငုံ့ကြည့်မိသည်။

"ဟာ. ."

ရင်ထဲမှာ ဒိန်းကနဲဖြစ်ပြီး အလွန်အမင်း တုန်လှုပ်သွားရ၏။ မိုးမခ၏လက်ကောက်ဝတ်အစုံမှာ ပူနွေးစေးထန်းသည့် သွေးစသွေးနများ။

"ဟာ. . မိုး. . မိုး. . ဘာဖြစ်လို့. . . ဟာ. . ."

နေမင်းထက် သိလိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်ပြူးဆန်ပြာဖြစ်ကာ အသေအချာ ကြည့်လိုက်တော့ လက်တောက်ဝတ်ကို သူ့ကိုယ်သူ လှီးဖြတ်ထားသော ဒဏ်ရာဒဏ်ချက်ဆိုတာ စဉ်းစားစရာ မလိုတော့။

"ဟင်. . . မဖြစ်ဘူး၊ မိုး. . . လာ. . . လာ"

အတင်းပင် ဆွဲပွေ့လိုက်ပြီး ဘေစင်ရှိရာသို့ ဝရုန်းသုန်းကားဆွဲခေါ်သွားလိုက်သည်။ ရှိုက်ငိုရင်း မိုးမခ ရုန်းကန်နေသည့်ကြားကပင် အတင်းချုပ်နှောင်ကာ ဒဏ်ရာတွေကို ရေနှင့် ဆေးကြော၍ အိမ်မှာရှိသော အရေးပေါ်ဆေးဝါးတွေကို ရှာထည့်ပြီး ပတ်တီးကို တင်းတင်းစည်းပေးလိုက်သည်။

ဒဏ်ရာက ပူပူနွေးနွေးဖြစ်စမို့ တော်ပါသေးသည်။ မိုးမခကို သွေးတိတ်တော့မှ ကုတင်ပေါ် အသာပွေ့တင်ပေးလိုက်၏။ ဒဏ်ရာအရှိန်ကြောင့်လား. . ၊ ဒါမှမဟုတ် ပြင်းထန်သော ခံစားမှုကြောင့် စိတ်မောပန်းသွားလို့လား. . မိုးမခ ခဏမျက်စိလေး မှိတ်ကာ အသာမှိန်းနေပါသည်။

ခက်တာပဲ မိုးမခရယ်. . . ခက်တာပဲ။

တွေးရင်း ဒီအချိန် ပြန်လို့မဖြစ်သေးဘူးဆိုတာ နေမင်းထက်နားလည်လိုက်သည်။ ကိုယ့်အနေဖြင့် မိုးမခကို ဒီအတိုင်းကြီး ထားခဲ့လို့ဘယ်သင့်တော်ပါ့မလဲ။ ကုတင်ပေါ် တက်ထိုင်ရင်း မိုးမခမျက်နှာလေးကို ငေးကြည့်နေမိသည်။ ခုလိုဆိုတော့လည်း မျက်နှာလေးက အပြစ်တင်းစင်၍ သနားစရာ။

သူဘာလုပ်ရတော့မည်ဆိုတာ နေမင်းထက် လောလောဆယ်နားလည်ပါသည်။

ထို့ကြောင့် မိုးမခကိုယ်ပေါ်ကို စောင်ပါးလေး လွှမ်းခြုံပေးလိုက်ပြီး ဒီတစ်ညတော့ ဒီအခန်းမှာ နေပေးရန် ဆုံးဖြတ်လိုက်သည်။

ဒီညအတွက် အချိန်ဖြုန်းရန် ခုံပေါ်မှာ ရှိနေသေး စီးကရက်ဘူးကို လှမ်းယူရင်း မိုးမခကို တစ်ချက်ကြည့်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူစောင်ခြုံပေးလိုက်လို့လား ဒါမှမဟုတ် သူ ဒီည မပြန်တော့တာကိုပဲ သိနေလို့လား. . . မသိပါ။

မိုးမခမျက်နှာပေါ်မှာ အပြုံးတစ်ခု ဆတ်ကနဲ ဖြစ်ပေါ်သွားသည်ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်သော်လည်း နောက်နေ့ နတ်မှာတော့ နေမင်းထက် ခပ်စောစော နိုးလာခဲ့သည်။ ကြည့်လိုက်တော့ မိုးမခက အိပ်မောကျနေဆဲ။ ညက စိတ်ပင်ပန်းခဲ့လေသော ကြောင့်လားမသိ။ နိုးပြီး နှုတ်ဆက်ကာ ပြန်မည်ဟုတွေးပြီးမှ မနိုးရက်တော့ပါ။ စာလေးတစ်စောင် ရေးပြီး ခုံပေါ်မှာ အသာတင်ခဲ့ကာ အခန်း ထွက်လာခဲ့သည်။

အိမ်ပြန်ရောက်သည့်တိုင်အောင် စိတ်နွမ်းညစ်နေသေးသည်မို့ ရေ စိမ်ပြီးချိုးပစ်လိုက်သည်။ ပြီးလျှင် ကုမ္ပဏီသို့ သွားဦးမည်။ ချိုးပြီး ဗိုက်က ဟာတာတာ ဖြစ်လာ၍. . စားစရာ ရှာကြည့်လိုက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခါမှ စိတ်မကောင်းဖြစ်ရပြန်၏။ သူ့အတွက်ဆိုပြီး ချိုလဲ့ ချက်ပြုတ်ပေးခဲ့သည့် စားစရာတွေက မကောင်းတော့ပြီ။အင်းပေါ့လေ နှစ်ရက်နှင့် နှစ်ညလုံးလုံး မစားဖြစ်မှတော့ ဒီစားစရာတွေက ဘယ်လို ကောင်းတော့မည်နည်း။ ကိုယ့်အတွက် ချိုလဲ့က တကူးတက လုပ်ပေးခဲ့ သည်ကို တွေးမိကာ ရင်ထဲ မကောင်း ဖြစ်ရသည်။ ဒီက ကိုယ့်အမှား တွေသာ သိသွားရင် ဆိုသည့်စိတ်ဖြင့် ဆက်တောင် မတွေးဝံ့တော့တာ အမှန်ပင်။

စိတ်မောမောနှင့်ပင် အလုပ်သွားရန် အိပ်ခန်းထဲ ဝင်ပြီး အ ဝတ်အစား လဲလိုက်သည်။ ထိုအခါမှ ချိုလဲ့ ခရီးမသွားခင် ခင်းပေးခဲ့ သည့် ပြန့်ပြူးသောအိပ်ယာကို ကြည့်ပြီး အတွေးဖြင့် လန့်သွားရသည်။ ချိုလဲ့သာ မထင်မှတ်ဘဲ စောစောပြန်ရောက်လာပြီး. . . ရှုပ်ပွမနေဘဲ သူ ခင်းပေးခဲ့သည့်ပုံစံအတိုင်း အိပ်ယာကို တွေ့သွားရင်ဖြင့်. . .။

နေမင်းထက် ဆက်မတွေးဝံ့တော့ပါ။ အကျီအဝတ်အစား လဲပြီးမှ အိပ်ယာထဲ ပစ်လှဲရင်း ညတိုင်းအိပ်ထားသလို ဖြစ်အောင် တမင်လူးလှိမ့်ပစ်ရသည်။ ကိုယ့်ဟာကိုယ် အောင့်သက်သက် တွေးရင်း ရယ်ချင်မိတော့သည်။

ကုမ္ပဏီသို့ မသွားခင် ဖုန်းဝင်လာသည်။ ချိုလဲ့ဆီက။ သူ့အမေ ကျန်းမာရေး စိတ်ချရပြီဖြစ်ကြောင်း ပြောပြီး ဒီတစ်ရက်နှစ်ရက်မှာ ပြန်လာမည်ဟု ပြောသွားသည်။ နေမင်းထက်လည်း စိတ်အာရုံ ကိုယ့်မိန်းမဆီ ပြန်ရောက်သွားပြီး အလွမ်းသယ်နေလိုက်သေး၏။

ဒီအချိန်မှာတော့ သူ့နှလုံးသားထဲမှာ ချိုလဲ့နှင့် သမီးလေး ရှိနေကြောင်း နေမင်းထက် ယုံကြည်နေမိသည်။

ချိုလဲ့ ဖုန်းချပြီး ချက်ချင်းပြန်ဆက်လာသည်။

ချက်ချင်းပြန်ကိုင်လိုက်တော့ မထင်မှတ်စွာ. . .

"ကိုနေ. . . ဘာဖြစ်လို့ မိုးမသိအောင် ပြန်သွားတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းသာ ချရတော့သည်။ မိုးမခကို ခပ်တင်းတင်းကြီးသည်း မဆက်ဆံချင်ပါ။ ထပ်ပြီးတော့လည်း မနာကျင်စေချင်တော့ပါ။

ထို့ကြောင့်သာပဲ. . .

"မဟုတ်ပါဘူးကွာ. . . အိပ်ပျော်နေတာကို မနှိုးချင်လို့ မနှိုးခဲ့တာပါ၊ ကိုယ် စားပွဲပေါ်မှာ စာရေးပြီး တင်ထားခဲ့တယ်လေ"

"ဟင်. . . ဟုတ်လား"

ပြောရင်း ဟိုဘက်က မိုးမခ၏လှုပ်ရှားသံကို ဖုန်းထဲက ကြားနေရသည်။ စားပွဲဆီ သွားကာ ရေးထားခဲ့သောစာကို သွားဖတ်ကြည့်ဟန်တူသည်။

BURMESE CLASSIC

အတန်ကြာမှ ကြည်လင်သံလေးနှင့်. . .

"ခုလိုရေးပေးခဲ့တာက နှုတ်ဆက်မသွားတာနဲ့စာရင် ကျေးဇူးတင်ပါတယ် ကိုနေရာ၊ ဒါပဲနော်. . . မောနင်း. . . မောနင်း"

မိုးမခကပဲ ဖုန်းအရင်ချသွားသည်။ နေမင်းထက်လည်း သက်ပြင်းချရတော့၏။ ရေးပေးထားခဲ့သည်ဆိုသည့်စာကလည်း သူကျေးဇူးတင်ရအောင် ထွေထွေထူးထူးတွေ မပါ,ပါ။

စာက မိုးမခ နားလည်ခွင့်လွှတ်နိုင်အောင် ရေးထားခဲ့ခြင်းဖြစ်သည်။

မိုး. . .

အိပ်ပျော်နေလို့ ကိုယ်မနှိုးခဲ့တော့ဘူး။ ပြန်သွားပြီနော်။ ဟြော်. . .ကိုယ့်ကို ကတိပေးထားတဲ့အတိုင်း ဒဏ်ရာကို ရင်းနှီးတဲ့ ဆရာဝန်ဆီမှာ ခေါ်သွားထည့်ဦးနော်။

ပြီးတော့ ကိုယ်လေးလေးနက်နက် ပြောချင်တာက ကိုယ်ဟာ လွတ်လပ်သူ မဟုတ်ဘူး မိုးရယ်။ ဗုဒ္ဓဘာသာလူမျိုးတစ်ယောက် အနေနဲ့ ကိုယ့်အိမ်ထောင်ကိုလည်း သစ္စာမဲ့ချင်ဘူး။ ပြီးတော့ မိုးအနေနဲ့ မိုးအနေအထားနဲ့ မိုးကို ပျော်ရွှင်ကြည်နူးပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှုတွေ ပေးနိုင်မယ့်လူမျိုး အများကြီး ရှိနေဦးမှာပါ။ ဒါဟာ ကိုယ် တာဝန်မဲ့တဲ့စကားမျိုး ပြောတာ လုံးဝမဟုတ်ပါဘူး။ ကိုယ်တို့ ဒီအတိုင်း ရှေ့ဆက်တိုးနေရင် နှစ်ယောက်စလုံး ပိုပြီးနစ်တော့မှာဆိုတာ တကယ်ပါပဲ။ မိုးလည်း ပညာတတ်ပြီး ဆင်ခြင်တတ်မယ့် မိန်းကလေးဆိုတာ ကိုယ်သိပါတယ်။

ဒါပေမယ့် ကိုယ်ဝန်ခံပါတယ်။ မိုးကို ကိုယ် မူးရူးပြီး အပျော်သဘောနဲ့ စော်ကားခဲ့တာ လုံးဝမဟုတ်ခဲ့ပါဘူး။ ကိုယ့်မိသားစုအပေါ် ရှေ့ဆက်ပြီး သစ္စာရှိချင်တာကလွဲရင် ကျန်ခဲ့တဲ့ရက်တချို့မှာ ကိုယ့်စိတ်တွေ မိုးအလှအပနဲ့ မိုးအယုအယအပေါ် သာယာခဲ့တယ်ဆိုတာ ကိုယ်မငြင်းပါဘူး။ မိုးကို မချစ်သင့်မှန်း သိရက်နဲ့ ချစ်မိခဲ့တာကို တွေးပြီး…မဖြစ်သင့်မှန်းသိလို့ ကိုယ်ရှေ့ဆက်မတိုးနိုင်တာ နားလည်ပေးပါ။ နားလည်လိမ့်မယ်လို့လည်း ကိုယ်မျှော်လင့်ပါတယ်။

BURMESE CLASSIC

မိုး ရှေ့လျှောက်ပျော်ရွှင်နိုင်ပါစေ။
မိုးမခရဲ့ထာဝရမိတ်ဆွေအဖြစ် ရှိနေမယ့်…

နေမင်းထက်

ကိုယ်ရေးထားခဲ့သည်ကို ပြန်စဉ်းစားပြီး မလိုအပ်တာတွေများ ပါသွားသလားဟု တစ်မျိုးဖြစ်မိသေးသည်။

ပါတော့ မပါနိုင်ပါ။ ကိုယ်လည်း စည်းကျော်မိသောယောက်ျား တစ်ယောက်အနေဖြင့် အမှန်တရားကိုတော့ ဝန်ခံရဲရမည်။

တစ်ရက်လုံး မိုးမခဆီမှ ဖုန်းထပ်မဆက်လာခြင်းကို ကြည့်ပြီး ဖြင့် သူလည်း သူ့အနေအထား သူ့သိက္ခာနှင့် မဖြစ်နိုင်သေး ကိုယ့် မိသားစု အနေအထားကြောင့် ဆင်ခြင်စဉ်းစားရင်း ဖြည်းဖြည်း မေ့ပစ်နိုင်လိမ့်မည်ဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .


ချစ်စိတ်ကို အရင်းခံပြီး အိမ်ထောင်ရှိမှန်း သိရက်နှင့် အထိအတွေ့မှာ မလွန်ဆန်နိုင်ဘဲ လိုက်လျောပုံအပ်ခဲ့သည့် ခပ်ညံ့ညံ့မိန်းမမဟုတ်သော မိုးမခ၏စိတ်သည် တကယ်ပဲ နားလည်ခွင့်လွှတ်ပေးသွားသည်လား။

ဖြေရှင်းလို့မရနိုင်သော အမှန်တရားများသည် တစ်ခါတစ်ရံမှာ သတ်ခံပေးလိုက်ရန်၊ ငြင်းဆန်ပစ်လိုက်ရန် ခက်ခဲနေတတ်သည်ကို ဘယ်သူမှ မလွန်ဆန်နိုင်သေးပါ။ ဒါကြောင့်လည်း အချစ်ဆိုသောပုစ္ဆာကို ဖြေရှင်းရန် အဖြေမရှိသေးကြောင်း နေမင်းထက် နားလည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# (၁၂)

**နောက်**ပိုင်းရက်တွေမှာလည်း မိုးမခဆီမှ ဖုန်းဆက်မလာပါ။ ဆင်ခြင်ထိန်းချုပ်သွားနိုင်ပြီ ထင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် နေမင်းထက် ဝမ်းသာမိသည်က အမှန်ပင်။ ကိုယ်တာဝန်မယူရလို့၊ မပြောသင့်သော နစ်နာကြေးဆိုသည့်အရာများ မပေးလိုက်ရလို့၊ ကိုယ့်အပေါ် ပြဿနာ ထပ်မရှာလာလို့ ဝမ်းမြောက်ခြင်း မဟုတ်ရပါ။

အမှန်အတိုင်း ပြောရလျှင် မိုးမခ၏အလှမှာ၊ ပြီးတော့ သူမရဲ့ သစ်မှုးညင်သာပြီး အားကောင်းလှသည့် အထိအတွေ့မှာ [illegible]စိတ် တစ်ခုတည်းဖြင့် မဟုတ်ဘဲ ရင်ဘတ်တစ်နေရာက ငြိတွယ်သွားခဲ့မိတာ



www.burmeseclassic.com

www.burmeseclassic.com



တိုလည်း နေမင်းထက် ကိုယ့်ကိုယ်ကို သိမိပါသည်။

သို့သော်. . .

မျိုးသိပ်ပြီး မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ။ အရာအားလုံးသည်လည်း မိုးမခ၏အထီးကျန်နေသော၊ ဆန့်ကျင်ဘက် ယောက်ျားတစ်ယောက်နှင့် မပျော်လင့်ဘဲ အ ခြေအနေတစ်ခုမှာ ကြုံလိုက်ရသော အဖြစ်အပြင် နေမင်းထက် ဘက်ကလည်း ဆင်ခြင်မှုတွေ ပေါ့လျော့ခဲ့သည်။ ဒါသည်ပင် မိုးမခ၏ ညှို့အားကောင်းသောအလှကြောင့်ဆိုတာ ငြင်းလို့မရပါ။

ခုတော့ မိုးမခကို စာနာသနားသော သံယောဇဉ်စစ်စစ်ဖြင့် နောက်ပိုင်းမှာလည်း မိတ်ဆွေတစ်ယောက်လို သူဆက်ဆံကူညီပေးချင်ပါသည်။ မိုးမခသာ လက်ခံပေးခဲ့ရင်ပေါ့။ သူ့ဘက်က ဘယ်လို မရိုးမသားစိတ်မျိုးမှ မိုးမခအပေါ် မထားတော့ဟု နေမင်းထက် ဆုံးဖြတ်ထားပါသည်။ မိုးမခကိုလည်း ဒီအတိုင်း မျှော်လင့်ချင်ပါသည်။

ရိုးရိုးသားသား နွေးနွေးထွေးထွေးပဲ နေကြရုံပေါ့။

မနက်ဖြန်မှာပင် ချိုလဲ့တို့သားအမိ ပြန်လာကြတော့မည်။ မည်သို့ပင်ဖြစ်စေ ကိုယ်မှားမိသော်လည်း မထိရှသွားသည့် အသိုက်အမြုံတစ်ခုအတွက် နေမင်းထက် ဝမ်းသာမိသည်။

တွေးရင်း အတွေးစကို ဖြတ်ကာ အလုပ်ထဲ စိတ်နှစ်ထားလိုက်သည်။ ကျန်ခဲ့သည့်ပွဲက ရှုံးနိမ့်ခဲ့သော ကိုယ့်ဘောလုံးအသင်းအတွက် လိုအပ်သည်များကို ပြင်ဆင်ရန် ဖြိုးဝေနှင့်တကွ တာဝန်ရှိသူတွေနှင့် အစည်းအဝေး ထိုင်ရဦးမည်။

ဒီဘက်က ကုမ္ပဏီကိစ္စတွေကို တစ်နာရီနီးပါး ဦးနှောက်စားလိုက်ပြီး ဘောလုံးအသင်း အစည်းအဝေးအတွက် အောက်ထပ်မှ သီးသန့်ရုံးခန်းသို့ ဆင်းခဲ့လိုက်၏။ သူရောက်တော့ ဖြိုးဝေနှင့်တကွ တာဝန်ရှိသူတွေပင် ရောက်ရှိနေပြီ။

နှစ်နာရီကျော်ကြာအောင် ဆွေးနွေးတိုင်ပင်ပြီး လိုအပ်သည်



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအရွှေ့များ လုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ကစားသမား ကောင်းတစ်ယောက် ဝယ်ယူရန် နေမင်းထက်က လက်တွန့်သူ မဟုတ် သလို. . . သူ့အသင်းကိုလည်း ဇယားထိပ်ဆုံးမှ အောက်ဆင်းရန် လုံးဝ အလိုမရှိပါ။

ထို့ကြောင့် လက်ရှိ ရှိနေသော ပြည်ပမှ အားကစားသမားများ အပြင် ပြည်တွင်းကရော ပြည်ပကပါ ထပ်ခေါ်ယူရန် သူကိုယ်တိုင် ဆုံးဖြတ်ပေးလိုက်သည်။ ဒီကိစ္စကို ဖြိုးဝေလည်း သဘောကျမည်ဆိုတာ နေမင်းထက် ကောင်းကောင်းသိပါသည်။

ကိုယ်ပြောချင်တာ ပြီး၍ နေမင်းထက် ထထွက်လာခဲ့၏။ ခေါင်းထဲမှာလည်း ငြိမ်းစီစီ ဖြစ်နေပြီ။ အစည်းအဝေး ပြီးသော်လည်း ဖြိုးဝေက တာဝန်ရှိသူတွေနှင့် စကားမပြတ်သေးဘဲ ကျန်နေခဲ့သည်။

အပေါ်ထပ်သို့ တက်ကာ ရုံးခန်းဆီ ပြန်ခဲ့သည်။ နေမင်းထက် အပေါ်တက်လာသည်ကို မြင်တော့ မန်နေဂျာတစ်ယောက် ဆီးပြော ၏။

"ဆရာ. . . ဆရာ. . . ရုံးခန်းထဲမှာ ဧည့်သည်တစ်ယောက် စောင့်နေပါတယ်၊ ဆရာ အစည်းအဝေး ရှိနေတယ်လို့ ပြောတာကို တောင် အတင်းပဲ စောင့်နေတယ် ဆရာ"

"ဪ. . . ဟုတ်လား၊ အေး. . . အေး"

ငယ်သူငယ်ချင်းတစ်ယောက်များလားဟု အရင်တွေးလိုက်မိ သည်။ နေမင်းထက်၏သူငယ်ချင်းတွေက တစ်ခါတစ်ခါ ဒီလိုပဲ ဖုန်း ဆက်၊ ချိန်းဆိုမထားဘဲ ရောက်လာတတ်လေ့ရှိသည်။

ခုလည်း ဘယ်ကောင် ရောက်နေပြီလဲမသိ။

တွေးရင်း ရုံးခန်းထဲသို့ တံခါးတွန်းဖွင့်ကာ ဝင်လိုက်၏။ အတွင်း ထဲသို့ လှမ်းကြည့်လိုက်တော့ တဒင်္ဂ ကြက်သေ,သေသွားသည်။

"ဟင်. . . မိုး. . . မိုး"

အံ့ဩစွာ ရေရွတ်ရင်း နေမင်းထက်မျက်နှာက တစ်မျိုးဖြစ်သွား

www.burmeseclassic.com



သေးသည်။ မိုးမခက ဖျတ်ခနဲ မြင်လိုက်သော်လည်း မသိကျိုးကျွံပြုကာ ခပ်အေးအေး ပြုံးပြရင်း လှမ်းနှုတ်ဆက်သည်။

"ဒီဘက်ကို လာရင်းနဲ့ လမ်းကြုံလို့ ဝင်လာတာ"

"ဩော် . ."

ပုံမှန်အတိုင်း ပြန်ထိန်းလိုက်ကာ သူ့အခန်းထဲ ခေါ်လာခဲ့သည်။ မိုးမခကို လည်း မသိမသာ အကဲခတ်မိသည်။ ဘာမှမဖြစ်ခဲ့သလို တည်ငြိမ်အောင် ဟန်ဆောင်နေသော်လည်း လှုပ်ရှားနေသောစိတ်တို မိုးမခ မျက်ဝန်းထဲမှာ ဖတ်မိသည်။

ဒီရက်ပိုင်းအတွင်း စိတ်ပင်ပန်းမှုဒဏ်ကို အလူးအလဲ ခံထားရသလို နွမ်းနေသည့်ဟန်ကလေးကလည်း အထင်းသား။

နေမင်းထက် စိတ်မကောင်းဖြစ်မိသွားသည်။

"မိုးမခ အဆင်ပြေရဲ့လား"

သူ့အခေါ်အဝေါ် ပြောင်းသွားသည်ကို သိသော်လည်း မိုးမခက မသိသလိုပင် နေလိုက်ပြီး . . .

"အလုပ်လား . . . အဆင်ပြေပါတယ်၊ ဟိုလေ . . မိုး ဒီကိုလာတာ လမ်းကြုံလို့ဆိုပေမယ့် ကိုနေကို တောင်းပန်ချင်တာလည်း ပါပါတယ်"

"ကိုယ့်ကို ဟုတ်လား . . . ဘာအတွက်"

မျက်ခုံးပင့်ရင်း နေမင်းထက် အံ့ဩဟန် ပြလိုက်သည်။

မိုးမခက . . .

"ဖြစ်ခဲ့တဲ့ကိစ္စတွေကိုပါ . . . ကိုနေကို မိုးစိတ်အနှောင့်အယှက် ပေးမိသလို ဖြစ်သွားရင် ဆောရီးပါပဲ"

ခေါင်းအသာခါပြရင်း နေမင်းထက် ရယ်လိုက်သည်။

မိုးမခဘက်က သူ့အပေါ် အခေါ်အဝေါ်တွေ မပြောင်းသေး သော်လည်း ဒီလောက်အထိ တွေးနေဖို့မသင့်ဟု ယူဆသည်။

ထို့ကြောင့် သူ့ဘက်ကလည်း အဆင်ပြေအောင် ပြန်ပြော

www.burmeseclassic.com



လိုက်ပါ၏။

"ရပါတယ် မိုးမခရယ်၊ တကယ်ဆို ဘယ်သူ့ကို ဘယ်သူမှ တောင်းပန်နေစရာ မလိုပါဘူး၊ ဒီကိစ္စမှာ မိုးမခ မမှားသလို ကိုယ်လည်း မမှားဘူး၊ အဲ. . . မှားတယ်ဆိုရင်လည်း နှစ်ယောက်စလုံး မှားခဲ့တာပဲ၊ ကျေသွားပြီပေါ့၊ ဟို. . ဒီလိုပြောလို့ တစ်မျိုးမထင်ပါနဲ့နော်"

သူ့စကားကို မိုးမခက ခေါင်းညိတ်ရင်း အသာပြုံးသည်။ တကယ်တော့ ဘယ်သူပဲမှားမှား ဒီလိုကိစ္စတွေမှာ မိန်းကလေးဘက်က သာ နစ်နာတာမို့ မိုးမခ ဘာများ ထပ်ပြောလာမလဲဟု တွေးမိသော် လည်း. . .

"မိုးလည်း အဲဒီလိုပဲ တွေးချင်ပါတယ်၊ ကဲ. . . ထားပါတော့၊ မိုး ခုလိုလာတာကိုရော ကိုနေကြိုက်ရဲ့လား"

နေမင်းထက်က ကပျာကယာပဲ ပြန်ပြောလိုက်သည်။

"အာ. . . မဟုတ်တာ မိုးမခရဲ့၊ ကိုယ်တို့က မိတ်ဆွေတွေပဲ လေ၊ မိုးဆီကိုလည်း ကိုယ်ဖုန်းဆက်မှာပါ၊ လာလည်း မကြာခဏ လာ တွေ့မှာပါ၊ တစ်ယောက်တည်းနေရတဲ့ မိုးမှာ ပူပင်စရာ မရှိပေမယ့် မိတ်ဆွေကောင်းတော့ လိုတာပဲ မဟုတ်လား"

"အဲဒီလို တွေးပေးတာ ကျေးဇူးတင်ပါတယ် ကိုနေရယ်"

ခုလို မျက်နှာငယ်လေးနှင့် ပြောလာတော့လည်း နေမင်းထက် မှာ သနားမိပြန်သည်။ မိတ်ဆွေအဆင့်ထက် ပို၍စောင့်ရှောက်ချင် သော်လည်း မဖြစ်သင့်သော အနေအထားတွေမို့ သံယောဇဉ်ကို မျို သိပ်ထားရပေမတော့မည်။

"ဒါဆိုရင်လည်း မိုးဆီကို ဖုန်းဆက်နော်၊ ကြုံရင်လည်း အိမ်မှာ ထမင်းတွေဘာတွေ ဝင်စားလို့ ရပါတယ်"

အပြုံးပါးပါးဖြင့် ပြောရင်း မိုးမခ ပြန်ရန် ထရပ်သည်။ နေမင်း ထက်က မိုးမခအနားကို လျှောက်သွားလိုက်ပြီး နှစ်သိမ့်သလို ပခုံးသား လေးအား ဖျစ်ညှစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

အခန်းတံခါး ဆတ်ခနဲ ပွင့်လာပြီး အံ့ဩသံနှင့်. . .

"ဟာ. . . ဆောရီး၊ ညှော်သည်ရောက်နေတာကိုး"

ဖြိုးဝေ ဖြစ်သည်။ နေမင်းထက်အခန်းတံခါးကို ခေါက်စရာမလိုဘဲ ဝင်လာနိုင်သူမို့ ခုလိုဖြစ်သွားရခြင်းဖြစ်၏။

မျက်နှာပေါ်က မလုံမလဲဟန် ဖြစ်သွားသော်လည်း နေမင်းထက်က ချက်ချင်းပင် ဘာမှမဖြစ်သလို ဟက်ခနဲ ရယ်လိုက်ရင်း. . .

"လာပါကွ. . . ဒါ မိုးမခလေ၊ မင်းနဲ့လည်း ဆုံဖူးတာပဲ"

"ဩော်. . . မှတ်မိပြီ၊ ဂျာနယ်တွေကိစ္စပဲလား မမိုးမခ"

"အင်း. . အဲ. . ဆိုပါတော့၊ မိုးပြန်တော့မယ်နော် ကိုနေ။ ဩော်. . . ကိုဖြိုးဝေ ကျွန်မကို ခွင့်ပြုပါဦး"

နှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး မိုးမခ ထွက်သွားတော့သည်။ မိုးမခရဲ့အခေါ်အဝေါ်ကြောင့် ဖြိုးဝေကို မျက်နှာပူမိသော်လည်း ချက်ချင်းပင် ပေါ့ပေါ့ပါးပါးဟန်နှင့် ပြောလိုက်သည်။

"သူနဲ့ငါ ခုရက်ပိုင်း ဆုံဖြစ်နေတော့ အတော်တောင် ခင်နေပြီကွ"

ရယ်ကျဲကျဲ လုပ်ကာပြောသော နေမင်းထက်ကို ဖြိုးဝေက ဘာမှထပ်မမေးဘဲ စူးစမ်းသလို တစ်ချက်လှမ်းကြည့်လိုက်လေသည်။

ဖြိုးဝေ တစ်မျိုးဖြစ်သွားတာကို နေမင်းထက်လည်း ရိပ်မိလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

**နောက်**နေ့မှာ ချိုလဲ့နှင့်သမီးလေးတို့ မန္တလေးမှ ပြန်ရောက်လာသဖြင့် နေမင်းထက် အတော်ပင် စိတ်သက်သာရာ ရသွားသည်။ မိန်းမနှင့် သမီးလေးတို့၏စကားသံများဖြင့် အိမ်ထဲမှာ ပိုစည်ဝေလာသလို သူ့စိတ်တွေလည်း ပုံမှန်အတိုင်းနီးပါး ပြန်ဖြစ်သွားသည်။

ချိုလဲ့က အိမ်ထဲမှာ ရှုပ်ပွနေသောအရာများ လိုက်သိမ်းရင်း ဗွစိဗွ ပြောဆိုနေသည်။

"မောင်ကတော့လေ. . . ချိုလေးမရှိတာနဲ့ ဖြစ်သလို နေတော့တာပဲ"

နေမင်းထက်က သမီးလေးအလစ်မှာ အနမ်းတစ်ချက် ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း. . .

"ချိုလေး မရှိတော့လည်း ခုလို ဘယ်စိုပြေပါ့မလဲကွာ"

"သွားပါ. . . ဟိုမှာ သမီးရှိတယ်"

ကဲချင်နေသောစိတ်ကို ချုပ်တီးထားလိုက်ရသည်။ တစ်ဆတ်တည်း မိုးမခကို ဖျတ်ခနဲ သတိရသွား၍ သက်ပြင်းမောကို ခိုးချရသေးတော့၏။

မနက်စာ ထမင်းစားကြတော့ ထမင်းဝိုင်းမှာ ချိုလဲ့က စကားတစ်ခွန်း ပြောလာသည်။

"မောင်. . . ချိုလေးတို့ မန္တလေးမှာ အိမ်တစ်လုံးလောက်ဝယ်ထားရင် ကောင်းမလား"

နေမင်းထက် အံ့ဩသွားရသည်။ ထို့ကြောင့်. . .

"ဟင်. . . ဘာဖြစ်လို့လဲ ချိုလေးရ၊ မန္တလေး သွားရင် အဖေတို့အိမ်မှာ နေလို့ရသားပဲ"

"ဪ. . . မောင်ကလည်း၊ ဖေဖေတို့က အသက်ကြီးပြီလေ အိမ်မှာလည်း တခြားလူတွေ ရှိသေးတော့ ချိုလေးတို့ မိသားစုလိုက်သွားရင် နေလို့ရအောင်ပါ၊ ပြီးတော့ မန္တလေးဆိုတာ ချိုလေးတို့လည်း တစ်နှစ်မှာ သုံးလေးလလောက် နေဖြစ်နေတာဆိုတော့. . ."

ချိုလဲ့ပြောတာ သဘာဝကျပါသည်။ ဟိုကို သွားလည်ရင်လည်း မိသားစုလိုက် အေးအေးဆေးဆေး နေလို့ရသည်ပဲဟု တွေးရင်း. . .

"ဒါဆိုလည်း ချိုလေးသဘောပဲကွာ၊ ဒီတစ်ခေါက်သွားရင် မောင်ပါ လိုက်ပြီး အိမ်ကြည့်ကြတာပေါ့"

စိတ်ချမ်းသာသွားသလို ချိုလဲ့က ပြုံးသည်။ သမီးက ထမင်းစားနေရင်းက သတိရသလို ပြောလာ၏။

"ဖေဖေ. . . စာမေးပွဲအောင်ရင် ဖေဖေပြောထားတဲ့အတိုင်းနော်"

"အေးပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့်အဖေကို ကြည့်ပြီး ချိုလဲ့က သဘောကျသလို. . .

"မောင်နော်. . . သမီးက အဲဒါပဲ ခေါင်းထဲ ရောက်နေတာ"

ဟမ်းစတား ဝယ်ပေးဖို့ သမီးက ပူဆာထားခြင်းဖြစ်သည်။

ခဏနေတော့ ချိုလဲ့က မျက်နှာမကောင်းဟန်ဖြင့်. . .

"ဒါနဲ့ ကျန်ခဲ့တဲ့ပွဲက မောင်တို့အသင်း. . ."

"မပြောနဲ့တော့ ချိုလေးရာ၊ လူမစုံတာရော ကံကလည်းခေ ဆိုတော့ ပြီးရော"

သူ့အလုပ်နှင့် ပတ်သက်ပြီး ချိုလဲ့က ဘာမှဝင်မစွက်ဖက်သလို နားလည်သူလည်း မဟုတ်ပါ။ ပြီးတော့ ချိုလဲ့က အားနာဟန်ဖြင့် ဆက်ပြောသည်။

"လာမယ့် ဒီဆန်းဒေးမှာ သမီးလေးကို ကစားကွင်း လိုက်ပို့ပေးချင်လို့လေ. . . မောင်အားပါ့မလား"

နေမင်းထက် တစ်ချက်စဉ်းစားလိုက်ပြီး. . .

"အားပါတယ် ချိုလေးရဲ့၊ မောင်လိုက်ပို့မှာပေါ့"

"ဟေး. . . ဒါမှ သမီးဖေဖေကွ"

သမီးလေးက ဝမ်းသာအားရ အော်လိုက်သလို ချိုလဲ့မျက်နှာပေါ်မှာလည်း ပျော်ရွှင်မှုက အထင်းသား။ ယောကျ်ားက အလုပ်များသူဖြစ်သော်လည်း အားလပ်ရက်မှာ အချိန်ပေးစေချင်သည်မှာ ချိုလဲ့ရဲ့အတ္တဖြူဖြူလေးသာဖြစ်သည်။

စားသောက်ပြီးတော့ ချိုလဲ့က ကားတစ်စီးဖြင့် သမီးကို ကျောင်းလိုက်ပို့သည်။ နေမင်းထက်လည်း ပြင်ဆင်ပြီး ကုမ္ပဏီသို့ ကားနှင့် ထွက်လာခဲ့၏။

လမ်းမှာ မီးပွိုင့်မိနေတုန်း ဖုန်းဝင်လာသဖြင့် နံပါတ်ကြည့်လိုက်သည်။

ဆက်လာသူက မိုးမခ။

ထိတ်ခနဲ ဖြစ်သွားသော်လည်း ပြီးသွားပြီပဲဟူသော အတွေး



www.burmeseclassic.com

www.burmeseclassic.com



မြင့် ဖုန်းဖွင့်ကိုင်လိုက်သည်။

မိုးမခက. . .

"ကိုနေ. . . အလုပ်ထဲမှာလား"

"ရောက်တောင် မရောက်သေးဘူး မိုးမခရဲ့၊ ကိုယ် လမ်းမှာပဲ ရှိနေသေးတယ်"

"ဟုတ်လား. . . ရုံးမှာ ရှိနေရင် မိုးဝင်လာဦးမလို့ပဲ"

"ဘာကိစ္စများ အရေးကြီးနေလို့လဲ မိုးမခ"

အတန်ငယ် တိတ်ဆိတ်နေပြီးမှ မိုးမခက ပြောလာသည်။

"ဩော်. . . ကိစ္စလေးတစ်ခု ရှိနေလို့ပါ၊ ခု နေနေတဲ့ ကွန်ဒို အစား ခြံနဲ့လုံးချင်းလေး ဝယ်မလားလို့၊ အဲဒါ အားရင် လိုက်ကြည့်ပေးပါလား၊ မိုးတစ်ယောက်တည်း ဆုံးဖြတ်တာနဲ့စာရင် ကိုနေပါတော့ ပိုကောင်းမလားလို့ပါ"

"ရတယ်လေ. . . ကူညီရမှာပေါ့၊ ဘယ်တော့ သွားမှာလဲ"

"လာမယ့်ဆန်းဒေးကျမှပါ. . . ချိန်းထားပြီးပြီ"

"ဟင်. . . ဆန်းဒေး ဟုတ်လား"

ရုတ်တရက် ရေရွတ်လိုက်သောကြောင့်. . . မိုးမခက အံ့ဩ သလို. . .

"ဘာဖြစ်လို့လဲ ကိုနေ၊ ဆန်းဒေးက ပိတ်ရက်လေ. . . မအား ဘူးလား"

မိုးမခကို လိုက်ကူညီချင်သော်လည်း အိမ်က ချိုလဲ့နှင့်သမီးတို့ ကစားကွင်း လိုက်ပို့ပေးဖို့ ကတိပေးထားမိပြီ။

ထို့ကြောင့်. . .

"ဆောရီး မိုးမခရာ. . . ဖြစ်နိုင်ရင် ရက်ရွှေ့လိုက်ပါလား ဒီ ဆန်းဒေး ကိုယ်မအားဘူးဖြစ်နေလို့"

မိုးမခဘက်မှလည်း သက်ပြင်းချသံ ကြားလိုက်ရသည်။

"ကိုနေရာ. . . ဘာများ ဒီလောက်အရေးကြီးနေလို့လဲ ကိုနေ

www.burmeseclassic.com



တိစွက. . .”

မပြောချင်ပေမယ့် ပြောမှဖြစ်၍ ပြောရတော့သည်။ မိုးမခ စိတ်မကောင်းဖြစ်ရလည်း မတတ်နိုင်တော့ပါ။

“ဒီလို မိုးမခရာ၊ ကိုယ့်မိန်းမနဲ့ ကလေးက ဒီနေ့မှ ပြန်ရောက်တာလေ၊ သူတို့ကို ဆန်းဒေးမှာ ကစားကွင်း လိုက်ပို့ဖို့ ပြောထားပြီးသားဖြစ်နေလို့”

“ဪ. . .”

တစ်ခွန်းညည်းရင်း ဘာမှ ဆက်မပြောသေးဘဲ မိုးမခ ငြိမ်သက်သွားလေသည်။ ပြီးမှ အသံခပ်နွမ်းနွမ်းဖြင့်. . .

“ဒါဆိုလည်း ထားလိုက်ပါတော့ ကိုနေရယ်၊ မိုးဘာသာပဲ သွားကြည့်လိုက်တော့မယ်”

ဒီလိုပြောလာပြန်တော့လည်း နေမင်းထက်မှာ စိတ်မကောင်းဖြစ်ရပြန်သည်။

“မိုးမခ. . . ဟိုလေ. . . ကိုယ် တကယ်ပဲ ကူညီချင်ပါတယ်၊ ဒါပေမယ့် ဒီဘက်မှာလည်း. . .”

“ရပါတယ် ကိုနေရယ်၊ မိသားစုဆိုတာကတော့ အရေးကြီးတာပေါ့. . . ဒါပဲနော်. . . နောက်မှ ထပ်ဆက်လိုက်မယ်”

ဖုန်းချသွားသော်လည်း နေမင်းထက်ရင်ထဲမှာ မကူညီလိုက်ရ၍ တစ်မျိုးကြီးဖြစ်သွားသည်။ မိုးမခကို တကယ်ပဲ ကူညီချင်ပါသည်။

သို့သော်. . .

ချိုလဲ့တို့သားအမိထက် ဘယ်သူ့ကိုမှ ဒီအချိန် ဦးစားမပေးနိုင်ပါ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**နေ**မင်းထက်တို့မိသားစု ရုံးပိတ်ရက်မှာ ကစားကွင်း၌ ပျော်ရွှင်စွာ ရှိနေကြသည်။ သမီးလေး မြူးတူးပျော်ရွှင်နေသည်ကို ကြည့်ရင်း နေမင်းထက်နှင့် ချိုလဲ့တို့ ကြည်နူးမဆုံးဖြစ်နေကြသည်ကို တစ်နေရာမှ ချောင်းကြည့်ကာ. . . ပျော်ရွှင်သောမိသားစုဘဝလေးကို ပိုင်ဆိုင်လိုသောစိတ်ဖြင့် မိုးမခတစ်ယောက် မျက်ရည်တွေ ကျမိတော့သည်။

သူမသည် ရင်ထဲမှာ နာကျင်ခံစားမှုတွေနှင့် အဲဒီနေ့ တစ်ရက်လုံး နေမင်းထက်တို့ မိသားစုနောက် မသိအောင် လိုက်ကြည့်နေခဲ့သည် မဟုတ်ပါလား။

ခံစားမှုတွေ တွန်းကန်ပြီး ရင်ထဲမှာ ဖြစ်တည်လာသောစိတ်တစ်ခုကိုတော့ မိုးမခကိုယ်တိုင်မှလွဲပြီး ဘယ်သူမှ သိမည်မဟုတ်ပါ။

နှုတ်ခမ်းကို ပြုတ်လုမတတ် ကိုက်ရင်း မိုးမခခေါင်းကို ခါယမ်းလိုက်မိသည်။ ပါးပြင်ပေါ်မှာ တွဲခိုနေသော မျက်ရည်ဥတွေကလည်း လွင့်စဉ်ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## (၁၄)

နောက်တစ်ပတ် စနေနေ့အထိ နေမင်းထက်ဆီ မိုးမခ ဒူန်းမဆက်ဖြစ်ပါ။ နေမင်းထက်ထံမှ ဆက်မလားဟု မျှော်နေမိသော်လည်း မဆက်သောကြောင့် စိတ်ထဲမှာ ဝမ်းနည်းနေမိသည်။

"ငါ့အပေါ် ကိုနေ ဘာခံစားချက်မှ မရှိတော့ဘူးလား၊ ဟင်း. . ဒီလောက်ကြီးတော့လည်း ဟုတ်မယ်မထင်ပါဘူး၊ သူ အလုပ်များနေလို့ ဖြစ်မှာပါ"

စိတ်ထဲမှာ မသင့်တော်မှန်း သိသော်လည်း နေမင်းထက်ဘို့ပဲ ထမ်းတနေမိသည့် ကိုယ့်အဖြစ်ကိုယ် ရင်နာနေမိသည်။ နေမင်းထက် နှင့်သူမ ရှေ့ဆက်ပြီး မိတ်ဆွေတွေလို နေကြမယ်ဟု သဘောတူခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နှလုံးသားထဲမှာတော့ နေမင်းထက်ကို ချစ်နေမိသည်။

ဘာဆက်လုပ်ရမှန်းပင် မသိတော့။

မတွေ့ရတော့ဘူးဆိုမှ ပို၍တွေ့ချင်နေမိသည်။

သူမအချစ်ကို ရအောင်ကြိုးစားသူတွေ အများအပြားရှိခဲ့သော်လည်း မည်သူ့ကိုမှ ရင်မခုန်ခဲ့၊ ခုကျမှ အိမ်ထောင်ရှိသူ နေမင်းထက်ကို စူးစူးနစ်နစ် ချစ်နေမိပြီ။ ဒါသည်ပင် ဝဋ်ကြွေးတစ်ခုလား မပြောတတ်တော့ပါ။

နေမင်းထက်ကို သူ့မိသားစုနှင့်အတူ ကြည်ကြည်နူးနူး တွေ့လိုက်ရသည့်နေ့က ရင်ထဲမှာ နာကျင်ပြီး မျက်ရည်ကျခဲ့ရသည်။ ဘဝမှာ ဒီလိုပျော်ရွှင်စရာ ဘဝမျိုးလေး တစ်ခုလောက်တော့ သူမမှာ ပိုင်ဆိုင်ခွင့်မရှိတော့ဘူးလား။ ရှုန်းကွလာသောမာနကြောင့် သက်ပြင်းချပြီး ချိုးနှိမ်ခဲ့ရသည်မှာ အခါခါ။

တစ်ခုလိုချင်လျှင် တစ်ခုပေးရမည်ဆိုတာ သူမ နားလည်ပါသည်။

ဒါဆို. . .

သူမ ပေးဆပ်ပြီးပြီပဲ. . .။

သူမအတွက် ရယူပိုင်ဆိုင်ခွင့်တွေက ဘာလဲ. . .။

ရင်ထဲမှာ စူးဝင်နေသည့် ဆူးတစ်ချောင်းကို ဒီလို လွယ်လွယ်တူကူနှင့် ထုတ်ပစ်လို့ရသည်လား။ စဉ်းစားလိုက်တိုင်း အရာရာသည် သူမအတွက် မွန်းကျပ်စရာအတိဖြစ်သည်။ ဖြစ်နိုင်လျှင် အများကြီး မဟုတ်တောင် သူမအတွက် နေရာသေးသေးလေး တစ်နေရာလောက် ပိုင်ဆိုင်ချင်ပါသေးသည်။

တွေးရင်း ကိုယ့်စိတ်ကိုယ် ရှက်ရွံ့မိပြန်သည်။ ငွေကြေးအရလည်း ပူပင်စရာ မရှိသော၊ လုပ်ငန်းတစ်ခုကိုလည်း ပိုင်ဆိုင်ထားသောပြီးတော့ မိမိအလှအပတွေနှင့် ယောကျ်ားကောင်းတစ်ယောက်ကို ရယူနိုင်သော သူမလို 'ပညာတတ် မိန်းမတစ်ယောက်' အချစ်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုကို မျက်စိစုံမှိတ်ပြီး မိုက်မဲစွာ ရူးသွပ်နေမိပြီလား မပြောတတ်တော့ပါ။

ဘယ်လိုပင်တွေးတွေး နောက်ဆုံးမှာ သူမစိတ်ကို နှလုံးသားက အနိုင်ယူသွားပြန်သည်။ စိတ်ထဲက မောင်းထုတ်လိုက်တိုင်း စွဲမြဲစွာ အမြစ်တွယ်နေသော နေမင်းထက်မျက်နှာကိုပဲ မြင်ယောင်နေမိတော့သည်။

"ကိုနေရော ငါ့ကို ဘယ်အတိုင်းအတာအထိ သတ်မှတ်ထားလဲ၊ ဟိုက ရင်ခွင်နဲ့ ခဏဝေးနေတုန်းက ငါ့ဆီ ရောက်လာပြီး ခုမှ လွှတ်ချလိုက်တာလား၊ မရဘူး ကိုနေ. . . ရှင် ကျွန်မကို နေရာတစ်နေရာတော့ ပေးကိုပေးရလိမ့်မယ်"

အရူးတစ်ယောက်လိုပင် မိုးမခ တတွတ်တွတ် ရေရွတ်နေမိသည်။ ထိန်းချုပ်တားဆီးလို့ မရသည့်အတူတူ စိတ်ကိုလည်း လွှတ်ပေးလိုက်ချင်ပြီ။

သို့သော်လည်း. . .

တစ်ချက်တစ်ချက် ဝင်လာသည်က ငြိမ်းချမ်းအေးမြသော နေမင်းထက်၏မိန်းမနှင့် ချစ်စရာ သမီးလေးတို့၏မျက်နှာတွေပဲ ဖြစ်သည်။

သူတပါးအိမ်ထောင်ရေးကို ဖြိုခွဲသောမိန်းမမျိုးလည်း မဖြစ်လိုပါ။ တစ်ဖက်ကလည်း နေမင်းထက်ကို မစွန့်လွှတ်နိုင်အောင် ဝေခွဲမရဖြစ်မိသည်။ ဘာတွေကို ဘယ်လိုဆက်လုပ်ရမည်နည်း။

နောက်ဆုံးတော့ နေမင်းထက်နှင့် တစ်ကြိမ်လောက် ထပ်ဆုံပြီး သူ့စိတ်ကိုသူ ဖြေနိုင်လိမ့်မည်ဟု ထင်မိသည်။ ဒီတစ်ခါ တွေ့ပြီးလျှင် နောက်ဘယ်တော့မှ ထပ်မတွေ့တော့ဘူးဟူ၍လည်း စိတ်ထဲက ဆင်ခြေပေးမိပြန်သည်။ ကိုယ့်စိတ်ကိုယ် ညာနေမိအောင်ပင် အချစ်ဆိုသော အရာက သူမကို ကြိုးကိုင်နေပြီဆိုတာ မိုးမခ ဆင်ခြင်ခြင်းပြုပြီး ရောက်ပြီး မသိနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ ရှုပ်ယှက်ခတ်ကာ ဘာမှမစဉ်းစားချင်လောက်အောင် ဖြစ်လာပြီး စိတ်ကို ထွက်ပေါက်ပေးလိုက်မိသည်က ဖုန်းနံပါတ်တချို့ကို နှိပ်လိုက်ခြင်းပဲ ဖြစ်တော့သည်။

"ဟလို. . . ကိုနေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

ညဘက်ကြီး ထမြည်လာသော ဖုန်းသံကြောင့်လည်း နေခြင်းထက် အာရုံနောက်သွားသည်။ ဒီမှာက အိပ်ချိန်ရောက်နေပြီ။ ဖုန်းမြည်သံကြောင့်လည်း ဘေးနားမှ အိပ်ပျော်နေသော ချိုလဲ့ အနည်းငယ်လူးလွန့်လှုပ်ရှားသွားသည်။

ကမန်းကတန်း ဖုန်းကိုင်လိုက်တော့. . . မိုးမခ ဖြစ်နေသည်။

ဒီအချိန်ကြီးမှ တမင်နှောင့်ယှက်ပြီး ဆက်တာလားဟု တွေးတာ အနည်းငယ် ကသိကအောက်ဖြစ်မိသော်လည်း ဖုန်းဖွင့်မကိုင်လိုက်ပါက အိပ်ပျော်နေသောချိုလဲ့ ရိုပ်မိသွားမှာစိုး၍. . .

"အေး. . . ဖြိုးဝေ ပြောကွာ၊ ဒီအချိန်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် ချိုလဲ့က မျက်လုံးလေး မှေးကာ ဖွင့်ကြည့်သည်။ နေမင်းထက်က ဟိုကောင်ဆီကဟု ဖုန်းကို လက်နှင့် ပိတ်ကာ ပြောရင်း တုတင်မှ ထကာ ဝရံတာဆီသို့ ထွက်ခဲ့လိုက်သည်။

ရောက်တော့မှ သက်ပြင်းချပြီး ပြောရသည်။

"မိုးမခ ဘာလဲဟင် ဒီအချိန်ကြီး"

မိုးမခ ခပ်ညှင်းညှင်း ရယ်ပြီးမှ. . .

"ကိုနေရာ. . . ဖုန်းဆက်တာများ ဘယ်အချိန်ဆက်ဆက်ပေါ့"

"မဟုတ်ဘူးလေ မိုးမခရဲ့၊ အရေးမကြီးဘူးဆိုရင် ဒီအချိန်က အိပ်ချိန်ဖြစ်နေပြီလေ"

ပျော့ပျောင်းစွာပင် နေမင်းထက် တုန့်ပြန်နေမိသေးသည်။

မိုးမခက. . .

"ကိုနေမှ မိုးဆီ မဆက်တာကိုး၊ မိုးတစ်ပတ်လုံးလုံး ကိုနေဆီက ဖုန်းမျှော်နေတာ၊ မဆက်တော့လည်း မိုးပဲ ဆက်ရတော့တာပေါ့"

"ဒါဆိုလည်းပြော မိုးမခရယ်. . . ဘာကိစ္စလဲ"

"ဩော်. . . မနက်ဖြန် ဆန်းဒေးလေ၊ ဒီတစ်ပတ်တော့ ကိုနေ အားတယ် မဟုတ်လား၊ မိုးမခ ခု နေပြည်တော်မှာ ရှိတင်ထားတဲ့ အင်္ဂလိပ်ကားကို ကြည့်ချင်လို့၊ အဲဒါ ကိုနေအတွက်ပါ လက်မှတ်ဝယ် ထားတယ်. . . လိုက်ကြည့်နော်"

နေမင်းထက် အနည်းငယ်တော့ ညစ်သွားသည်။ ခုနောက် ပိုင်းမှာ မိုးမခနှင့် ဒီလိုတွေ မသွားချင်တော့ပါ။ ချိုလဲ့ကိုလည်း ထပ်ပြီး သစ္စာမဖျက်ချင်တော့။ ပြီးတော့ မိုးမခနှင့် ထပ်တွေ့လျှင် သူမရဲ့အထ အပနှင့် အထိအတွေ့တွေကို ငြင်းဆန်နိုင်မည်လားဆိုတာ မသေချာပါ။

ထို့ကြောင့် ထပ်မတွေ့တာပဲ အကောင်းဆုံး ဖြစ်လိမ့်မည်ဟု တွေးမိသည်။

သက်ပြင်းကို ခိုးချပြီး စကားလွှဲရန် စဉ်းစားလိုက်၏။

"ဒီလို မိုးမခရယ်၊ အားတာက အားပါတယ်၊ ဒါပေမယ့် မနက်



www.burmeseclassic.com

www.burmeseclassic.com



ခြိန် ဖြိုးဝေတို့အတွဲက အိမ်မှာ ထမင်းလာစားကြမှာ၊ ပြီးတော့ သူတို့ လာရင် ညနေမှ ပြန်မှာဆိုတော့. . .”

“ဒါဆိုရင် ကိုနေ မအားပြန်ဘူးပေါ့၊ ဒီတစ်ခါတော့ ကိုနေ လွန်ပြီလို့ မိုးထင်တယ်”

“မဟုတ်ဘူးလေ မိုးမခရဲ့၊ တကယ်မအားလို့ပါ၊ ပြီးတော့ ကိုယ်တို့ ထပ်မတွေ့တာ အကောင်းဆုံးလို့ မိုးမခနဲ့ကိုယ်နဲ့. . .”

“တော်တော့ ကိုနေ၊ ရုပ်ရှင် ရိုးရိုးသားသားကြည့်ဖို့ ခေါ်တာကိုပဲ ကိုနေ့ကို မိုးက ထပ်ပြီးဖြားယောင်းနေတာလို့ ထင်နေတာလား”

အသံက မာကျောပြတ်သားစွာ ထွက်လာ၍ နေမင်းထက် ယန့်သွားမိသည်။ ချက်ချင်းပဲ. . .

“ဒီသဘောမျိုး မဟုတ်ပါဘူးကွာ၊ တကယ်မအားလို့ပါ၊ ပြီးတော့ ကိုယ်တို့နှစ်ယောက် ထပ်တွေ့တွေ့နေရင် မလိုလားအပ်တဲ့အရာတွေ ထပ်မဖြစ်ဘူးလို့ ဘယ်သူက အာမခံမှာလဲ၊ မိုးမခက လှတယ်၊ ကိုယ့်ကို ဆွဲဆောင်နိုင်တယ်၊ ကိုယ့်စိတ်ကိုယ် လွှတ်မပေးချင်တော့ဘူး မိုးမခ. . . နားလည်ပေးပါ”

မပြောချင်သော်လည်း ပြောသင့်တာတွေကို မျက်စိမှိတ်ပြီး ပြောရတော့သည်။

တိတ်ဆိတ်နေပြီးမှ မိုးမခဆီက ရှိုက်သံသဲ့သဲ့ ထွက်လာပြီး. .

“တော်ပါပြီ ကိုနေ၊ နားလည်နိုင်အောင် ကြိုးစားပါ့မယ်၊ မိုးကိုနေ့ကို ချစ်တယ်၊ ဒါပေမယ့် နောက်ထပ်မဆက်သွယ်တော့ပါဘူး”

ပြောရင်း ဖုန်းချသွားသည်။ မိုးမခ၏မျက်နှာလေးကို မြင်ယောင်ရင်း စိတ်မကောင်းစွာ သက်ပြင်းအခါခါ ချမိသော်လည်း နှစ်ယောက်စလုံး နေမြင့်ပြီး အရှုံးတွေ မဖြစ်လာဖို့ ဒီတစ်နည်းပဲ ရှိပါတော့သည်။

ငါ တကယ်ပဲ မင်းအပေါ် ချစ်မိမတတ် သာယာခဲ့မိတယ် မိုးမခရယ်၊ ဒါပေမယ့် ဒီအတိုင်းက နှစ်ယောက်စလုံးကို ဟာဖြေးဖြေး



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးသွားမှာပါ။

ဝရုံတာမှာ ငူငိုင်ပြီး တွေးနေသော နေမင်းထက်၏အတွေးတို့ မိုးမခ မသိနိုင်သလို မိုးမခရင်ထဲ ဖြစ်တည်နေသည့် ဒဏ်ရာများတို့လည်း နေမင်းထက် အတိမ်အနက် မသိနိုင်တော့ပါ။

ညသည် လောကကို ဖြားယောင်းလျက် မှောင်အတိ ပိန်းပိတ်နေလေပြီ။





www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

ထို ညမှစ၍ နောက်တစ်လခွဲလောက်တိုင်အောင် မိုးမခဆီမှ နှုတ်ဆက်မလာပါ။ ခုလိုဖြစ်တာ ကောင်းပါသည်။ ကြာရင် သွေးအေးသွားပေလိမ့်မည်။ အင်း. . . ခုချိန်လောက်ဆိုရင် မိုးမခလည်း စိတ်သက်သာရာရပြီဟု တွေးရင်း နေမင်းထက်မှာလည်း အရင်လောက် စိတ်ဖိစီးမှု မရှိတော့။

နှစ်ယောက်စလုံး အခွင့်အရေးတစ်ခုထဲမှာ မသိစိတ်ဖြင့် မှားမိခြင်းသာဖြစ်သည်။ ကြာတော့ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ပြီး အရာရာကို ည်ထိုင် မှိန်ဖျော့သွားမည်ပဲလေ။

နေမင်းထက်တစ်ယောက် အလုပ်နှင့် သူပိုင် ဘောလုံးအသင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ စိတ်နှစ်ထားမိသည်။ သို့သော် ကြားရသည့် သတင်းတစ်ခုကြောင့် အနည်းငယ်တော့ အံ့အားသင့်မိသည်။ မိုးမခတစ်ယောက် သူပိုင်သော နယူးကလပ် (New Club) ဂျာနယ်ကို ရောင်းလိုက်ပြီတဲ့။

ဒါတောင် ပိုင်ရှင်အသစ်က သူတို့ဘောလုံးအသင်းဆီမှာ သတင်းလာယူတော့မှ အမှတ်မထင် သိလိုက်ရခြင်းဖြစ်သည်။

ဒါဆို မိုးမခတစ်ယောက် သူ့မိဘတွေ ရှိရာကို သွားပြီလား။

ဒီလိုပဲ တွေးမိတော့သည်။ တကယ်ပဲ မိုးမခ နိုင်ငံခြားကို သွားပြီဆိုလျှင် သူ့ပယောဂ ကင်းပါ့မလားဟုပင် နေမင်းထက် အားနာစွာ တွေးမိသည်။

ခဏတာ ပတ်သက်ခဲ့ရသော်လည်း သူတို့သည် နှစ်ဦးသဘော တူ အနက်ရှိုင်းဆုံးဒေသအထိ စီးဆင်းခဲ့ကြသည် မဟုတ်ပါလား။

သတိရမိသောစိတ်ကို ရပ်ပြီး အလုပ်ထဲ စိတ်ပြန်သွင်းလိုက် သည်။

ထိုစဉ် အခန်းထဲသို့ ဖြိုးဝေ ဝင်ရောက်လာကာ. . .

"ငါ မင်းကို တစ်ခုလောက် မေးလို့ရမလား မင်းထက်"

ရုတ်တရက် ပြောလာသည့်စကားကြောင့် ဖြိုးဝေဘက် မျက် နှာမူလိုက်ရင်း နေမင်းထက်က. . .

"ဘာလဲကွ. . . ဘာမေးစရာရှိလို့လဲ"

ဖြိုးဝေက မေးသင့် မမေးသင့် တွေးနေဟန်တူသည်။ ပြီးမှ. .

"ခုတလော ဘာတွေဖြစ်နေတာလဲ၊ တစ်ခါတစ်လေကျရင် မင်း ငူငူငိုင်ငိုင်ဖြစ်နေလို့"

ခေါင်းခါပြရင်း နေမင်းထက် သက်ပြင်းချမိသည်။

သူ့ပုံစံကိုများ ရိပ်မိနေပြီလား။ ထိုသို့တွေးရင်း. . .

"မဟုတ်ပါဘူးကွာ. . . မင်းစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်"

ဖြိုးဝေ ခေါင်းအသာညိတ်ပြကာ. .

"အေးလေ. . ငါစိတ်ထင်တာပဲ ဖြစ်မှာပါ၊ မင်းမှာက မိသား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရော အလုပ်ထဲမှာပါ ဒီလောက်စိတ်ညစ်စရာ ရှိမယ်မထင်ဘူးလေ"

"အေး. . . မင်းသိတာပဲ၊ အလုပ်ဆိုလည်း မင်းအကူညီတွေ အများကြီး ပါပါတယ်ကွာ၊ ငါ့ကို တစ်မျိုးမြင်တာက ငါလည်း တစ်ခါ *တစ်လေ အာရုံပြောင်းလို့ ဖြစ်မှာပါ"*

"ဒါနဲ့ နေရီချို စာမေးပွဲအောင်တယ်ဆို"

ပြောမှပဲ သမီးကို ဟမ်းစတား ဝယ်ပေးရမှာ သတိရသွားသည်။ ဘူတာကြီးကအပြန် ယုဇနပလာဇာအောက်ထပ်မှ ဝယ်သွားရပေဦးမည်။

ဖြိုးဝေနှင့် အလုပ်အကြောင်း ဘောလုံးအကြောင်း အတော် သေး ပြောဖြစ်ပြီး လုပ်လက်စ စာရင်းကို လက်စသတ်လိုက်သည်။

အပြန်မှာ ဟမ်းစတားလေးနှင့် လိုအပ်သော နှစ်ထပ်လှောင် အိမ်လှလှလေး ဝယ်ကာ ပြန်ခဲ့သည်။

အိမ်ပြန်ရောက်တော့ လိုချင်တာ ရ၍ ပျော်ရွှင်မြူးတူးနေသော သမီးကို ကြည့်ကာ စိတ်ချမ်းသာသွားသည်။ ချိုလဲ့ကလည်း သမီးကို အလိုလိုက်သော နေမင်းထက်ကို ကြည့်ကာ အပြုံးပြဖြင့်. . .

သမီးလေးကို ပြောထားရသေးသည်။

"သမီးလေး လိုချင်လွန်းလို့ ဖေဖေဝယ်ပေးတာနော်၊ အဲဒီ အောင်လေးကို အိမ်အောက်ထပ်မှာပဲ ထားရမယ်. . . ကြားလား"

"ဟုတ်ကဲ့"

နေမင်းထက်က အိပ်ခန်းရှိရာ အပေါ်ထပ်တွင် မထားစေလို ၍ ပြောလိုက်ခြင်းဖြစ်သည်။

သမီးကလည်း လိုချင်တာ ရနေလို့လားမသိ။ နားထောင်ရှာ သည်၊ အောက်ထပ်မှာက သမီးဆော့ရန် လုပ်ထားပေးသော သီးသန့် နေရာလေး ရှိသည်မို့ အဆင်ပြေပါသည်။

ညစာစားသောက်ပြီးတော့ စကားစမြည် ပြောနေတုန်းမှာပင် သမီးလေးက အိပ်ငိုက်နေပြီ။ ချိုလဲ့က သမီးကို သိပ်ရန် အိပ်ခန်းဆီသို့ ခေါ်သွားလေ၏။ နေမင်းထက်လည်း ကိစ္စတစ်ခုကို သတိရလာသည်မို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နည်းနည်းလုပ်ရန် ကိုယ်ပိုင်အလုပ်ခန်းထဲသို့ ဝင်ခဲ့သည်။

မိနစ်နှစ်ဆယ်လောက်ကြာတော့ ချိုလဲ့က အိုဗာတင်းတစ်ခွက် ဖျော်ကာ အခန်းထဲ ဝင်လာပြီး. . .

"မောင် ညသိပ်မနက်နဲ့နော်၊ ဒီမှာ မောင်သောက်ဖို့"

သိတတ်လှသောချိုလဲ့ကို ပွေ့ဖက်ပြီးကျေးဇူးတင် အနမ်းလေး ပေးလိုက်သည်။ ချိုလဲ့ ငြင်သာစွာ ခံယူရင်း. . .

"မောင်. . . ဟိုအိမ်ကိစ္စအတွက် မန္တလေးကို ဘယ်တော့ လောက် သွားမလဲ"

နေမင်းထက် စဉ်းစားလိုက်ရင်း. . .

"အင်း. . . ဒီလကုန်လောက် သွားကြည့်တာပေါ့နော် ချိုလဲ့"

အသာပြုံးရင်း ချိုလဲ့က ခေါင်းညိတ်သည်။ ပြီးမှ နေမင်းထက် ကို တုန့်ပြန်အနမ်းလေး ပေးပြီး. . .

"ကဲ. . . မောင်အလုပ်ရှိရင် လုပ်ဦး၊ ချိုလဲ့ စာဖတ်လိုက်ဦး မယ်"

ချိုလဲ့အပြောကြောင့် နေမင်းထက် ကျေနပ်စွာ ပြုံးမိသည်။ စာဖတ်ရဦးမည်ဆိုသည်က စာဖတ်ရုံသက်သက် မဟုတ်ဘဲ အိပ်ယာ အတူဝင်ရန် သူ့ကို မအိပ်ဘဲ စောင့်နေမည်ဟု အသိပေးခြင်းတစ်မျိုး ပင်။

ချစ်ဇနီးကို စိုက်ကြည့်ပြီး နေမင်းထက်က. . .

"အိုကေ ချိုလေး၊ မောင်လည်း သိပ်မကြာပါဘူး"

လှည့်ထွက်သွားသော ချိုလဲ့၏ကျောပြင်လေးကို ကြည့်ပြီး ကွန် ပျူတာဘက် မျက်နှာပြန်မူလိုက်သည်။

ချိုလဲ့စကားကြောင့်လား မသိ။ အလုပ်က သိပ်မကြာလိုက်။ ချိုလဲ့နှင့်အတူ အိပ်ယာဝင်ဖြစ်ပြီးနောက် တစ်နာရီလောက်မှာတော့ နှစ်ဦးသား သိုင်းဖက်ရင်း မောပန်းသိမ်မွေ့စွာ အိပ်မောကျလျက် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အသက်ရှူသံများသာ ကြီးစိုးနေသောအခန်းလေးထဲ ဖုန်းမြည်သံက စူးစူးဝါးဝါး ထမြည်လာသည်။

မောပန်းစွာ အိပ်ပျော်နေသော နေမင်းထက်က မနိုးသေး။ ချိုလှဲ့သည် အိပ်ရာမှ လူးလဲထလိုက်သည်။

ဒီအချိန်ကြီး ဘယ်သူက ဆက်တာပါလိမ့်။

တွေးရင်း ချစ်လင် နေမင်းထက် နိုးသွားမည်စိုး၍ ဖုန်းအသာ ခွင့်ကိုင်လိုက်ပါသည်။

"ဟလို"

တစ်ဖက်က ဖြေသံမကြားရသေး။

ဘာဖြစ်လို့လဲ. . .။

"ဟလို. . . ဟလို"

မထူးခြားပါ။ သေချာနားထောင်ကြည့်တော့ အသက်ရှူသံ မှင်းမှျင်းလေးကိုသာ ခပ်သဲ့သဲ့ ကြားနေရသဖြင့် အသံကို မြှင့်ပြီး. . .

"ဟလို. . ဟလို. . ဟလို. . ဘယ်သူလဲ မသိဘူး"

ထပ်ခါထပ်ခါ မေးသော်လည်း ဘာမှပြန်မပြော။

အတန်ကြာမှ တစ်ဖက်မှ ဖုန်းကို ချလိုက်ဟန်တူသည်။ လိုင်းပြတ်တောက်သွားတော့မှ ချိုလှဲ့လည်း ငူငူကြီး ရပ်နေမိသည်။

ဒါ. . . ဘယ်သူလဲ။ ဘယ်သူဆက်တာလဲ။ နောက်နေတာလား. . .။

အတွေးတွေ ပလုံစီ ကျန်ရစ်ခဲ့သည်။

နောက်နေတာ မဟုတ်ရင် မောင့်ကို. . အို. . မဖြစ်နိုင်ပါဘူးလေ။ မောင့်ကို ငါ ဘာဖြစ်လို့ ဒီလိုထင်ရတာလဲ။

အိပ်ယာထဲ ပြန်ဝင်ပြီး လူးလူးလိမ့်လိမ့်နှင့် ချိုလှဲ့ တော်တော်နှင့် အိပ်စက်မရပါ။

နေမင်းထက်ကို လှမ်းကြည့်လိုက်တော့ အပြစ်ကင်းနေသော မျက်နှာလေးကြောင့် သက်ပြင်းသာ ရှိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ချိုလဲ့ ညနက်မှ အိပ်ပျော်ခဲ့သည်။ မနက်ကော်ဖီဝိုင်းမှာ နေမင်းထက်ကို ရှိုးရှိုးလေးပဲ မေးကြည့်မိတော့သည်။ ညက ဒီလိုစဲ ဖုန်းဆက်လာသည်ပေါ့။

ကြားလိုက်ရချင်း နေမင်းထက် ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားသော်လည်း မျက်နှာအမူအရာ မပျက်အောင် ထိန်းရင်း. . .

"ဘာများလဲလို့ ချိုလေးရာ၊ ဟိုကောင်ဖြိုးဝေ ကာရာအိုကေဆိုင်ကနေ နောက်နေတာပဲ ဖြစ်မှာပေါ့၊ ဒီကောင် မောင့်ကို နောက်ချင်နေတာ"

"မသိဘူးလေ မောင်ရဲ့၊ တစ်ခါမှ ဒီလိုမလုပ်ဖူးတော့လည်း ချိုလေး တစ်မျိုးဖြစ်မိတာပေါ့"

နေမင်းထက် သဘောကျသလို ရယ်လိုက်ရင်း. . .

"ကဲပါ ချိုလေးရာ၊ ခေါင်းထဲမှာ ထည့်ထားမနေနဲ့၊ မောင်လည်း ဖြိုးဝေကို ပြောလိုက်ပါဦးမယ်"

ချိုလဲ့က ဘာမှမပြောတော့ပါ။ နေမင်းထက်လည်း အဝတ်အစားလဲပြီး ကုမ္ပဏီသို့ ထွက်လာခဲ့သည်။

လမ်းမှာ စဉ်းစားမိသည်။ ညက ဖုန်းလာသည်မှာ မိုးမခဆီမှ လွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါ။ ဒါဆို ဘာဖြစ်လို့ ဆက်တာလဲဟု မစဉ်းစားချင်တော့။ နှစ်ဦးသဘောတူ ဆုံးဖြတ်ထားပြီးမှ မိုးမခ ခုလို လုပ်ခြင်းကိုတော့ နေမင်းထက် စိတ်တိုမိသည်။

ထို့ကြောင့် ဖုန်းဆက်ကြည့်ရင် ကောင်းမလားဟု စဉ်းစားမိသည်။ စိတ်ထဲကတော့ ဒွိဟဖြစ်မိသေး၏။

သို့သော်လည်း နောင် ဒီလိုထပ်ဖြစ်လာလျှင် ပြဿနာက တဖြေးဖြေးနှင့် ပိုတက်လာမည်။

မိုးမခ ဒီလိုထပ်ပြီးမလုပ်ဟု ဘယ်သူမှ အာမ,မခံနိုင်ပါ။

စိတ်ထဲမှာ ဆုံးဖြတ်လိုက်ရင်း နေမင်းထက် ဖုန်းခေါ်လိုက်သည်။ တစ်ခါခေါ်ရုံမျှဖြင့် ဖုန်းက တန်းဝင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ခုနေသော်လည်း လေသံအေးအေးနှင့်ပင်. . .

"ဟလို. . . မိုးမခလား"

"ကိုနေ ပြောလေ. . . ဘာလဲ"

မသိချင်ဟန်ဆောင်ပြီး ခပ်တည်တည် ပြန်ပြောနေသော မိုးမခတို နေမင်းထက် စိတ်တိုသွားမိသည်။

"ဘာလဲ လုပ်မနေနဲ့ မိုးမခ၊ ညက ဘာဖြစ်လို့ ဖုန်းလှမ်းဆက်တာလဲ"

ခပ်မာမာလေသံကြောင့် မိုးမခက တခစ်ခစ် ရယ်တော့သည်။

ပြီးမှ. . .

"ဩော်. . . ဘာများလဲလို့၊ မိုးက ကိုနေများ ကိုင်မလားလို့ ဖုန်းခေါ်ကြည့်တာပါ"

"နေ့လည်ခင်းဘက် ခေါ်ပါလား၊ မင်းဒီလိုလုပ်တာ ငါ့မိသားစုထဲမှာ အနှောင့်အယှက်ဖြစ်မယ်ဆိုတာ မတွေးမိဘူးလား"

စိတ်တိုပြီး မင်းတွေ ငါတွေနှင့် ပြောမိသွားသည်။

မိုးမခလည်း ဘယ်လိုဖြစ်သွားသည်မသိ။ ချက်ချင်းပဲ. . .

"ကိုနေ. . . မိုးကို လာပြီး ရင့်ရင့်သီးသီး မဆက်ဆံပါနဲ့၊ ဖုန်းဆက်တယ်ဆိုတာကလည်း အကြောင်းရှိလို့ပါ၊ အရေးမကြီးရင် အဲဒီလို လှမ်းမဆက်ဘူး"

"ဒါဆိုလည်း ခု ပြောလေ"

ခပ်ပြတ်ပြတ်ပင် ပြောလိုက်မိသည်။

မိုးမခကလည်း. . .

"ပြောမှာပါ. . . ဒါပေမယ့် ဖုန်းထဲက မပြောချင်ဘူး၊ ဒီလိုပြောလို့ ရှင် တစ်မျိုးလည်း တွေးမနေနဲ့ဦး၊ လူချင်း တွေ့ပြီးမှ ပြောလို့ရမယ့်ကိစ္စမို့ပါ၊ ရှင်နဲ့ကျွန်မနဲ့ ပထမဆုံး ထိုင်ခဲ့တဲ့ဆိုင်မှာပဲ ညနေစောင့်နေမယ်၊ မလာရင်တော့ ကျွန်မ ရှင့်အိမ်အထိ လာပြီးပြောရမှာမို့မယ်"

"ဘာ. ."



www.burmeseclassic.com

ဖုန်းချသွားလေပြီ။

မိုးမခ၏တင်းမာသောအသံကို နေမင်းထက် ပထမဆုံး ကြားလိုက်ရခြင်းဖြစ်ပြီး စိတ်ထဲမှာလည်း ဖော်ပြရန်ခက်သော စိုးရိမ်မှုက ပြန့်နှံ့သွားလေသည်။

www.burmeseclassic.com



(၁၇)

ဆုံခဲ့ဖူးသော စားသောက်ဆိုင်ထဲမှာ ဖြစ်သည်။ အအေး[illegible]င်းက ပြန့်နှံ့နေသော်လည်း မျက်နှာကလေး တင်းနေသည့် မိုးမခကို ကြည့်ကာ နေမင်းထက် မသိမသာ ချွေးစို့နေမိသည်။

စားသောက်စရာတွေ မှာပြီးသော်လည်း စကားမပြောဖြစ်ကြသေး။ ခဏာနေတော့ နေမင်းထက်က စကားစလိုက်သည်။

“ပြောလေ မိုးမခ. . . ဘာပြောချင်တာလဲ၊ ကိုယ်အိမ်ပြန်ရဦးမယ်”

စကားအဆုံးမှာ မိုးမခက ဆတ်ခနဲ ကြည့်သည်။ မျက်နှာတွေကလည်း မထီတရီဟန်မျိုးဖြစ်သွား၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ တဟင်းဟင်း ရယ်ကာ. . .

"ဩော်. . . ကိုနေက အိမ်တောင် ပြန်ချင်နေမှုကိုး"

"အပိုတွေ ပြောမနေပါနဲ့ မိုးမခရယ်၊ မင်းဘာပြောချင်တာလဲ မဆက်သွယ်ဘဲ နေပြီးမှ ခုမှ ဘာပြောချင်တာလဲ၊ ဖြစ်ခဲ့တဲ့ကိစ္စတွေကို မင်းရော ငါရော နားလည်မှု ယူထားပြီးသားနော်"

သူ့စကားကြောင့် မိုးမခက ဆတ်ခနဲ ပြန်ကြည့်ရင်း. . .

"နားလည်မှု ယူထားပြီးသား ဟုတ်လား၊ မှန်ပါတယ်. . . တချို့ ကိစ္စတွေအတွက် နားလည်မှု ဆိုတဲ့စကားနဲ့ မလုံလောက်ဘူး ကိုနေ"

နေမင်းထက် စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားရသည်။

"ဒီမှာ မိုးမခ၊ မင်း ငါ့ကို ခေါ်တွေ့တာ ဘာလိုချင်လို့လဲ၊ ငါ ကိုယ်ငါကလွဲပြီး ကျန်တာဖြစ်အောင်လုပ်ပေးမယ်"

မိုးမခက ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။ ပြီးမှ. . .

"ဒီလိုလေ ကိုနေရဲ့၊ မိုးဘဝမှာ ပြည့်စုံပါတယ်၊ လိုအပ်ချက်တွေ လည်း နည်းပါတယ်၊ မိုးလိုချင်တာ ကိုနေ့အချစ်ပါ၊ ပြီးတော့ သာယာတဲ့ ဘဝလေးတစ်ခုပါ"

"မဖြစ်နိုင်တာတွေ ဘာလို့ ပြောနေတာလဲ မိုးမခရာ"

"မဟုတ်ဘူး ကိုနေ၊ ကိုနေဘက်ကရော မိုးကို အပျော်သတ် သက် သဘောထားခဲ့တာလား၊ မိုးက မိန်းမပျက် မဟုတ်ဘူးနော်၊ ကိုနေ့ ကို သိရက်နဲ့ ချစ်ခဲ့တာ၊ ကိုနေရော မိုးကို တကယ်ပဲ မချစ်ခဲ့ဘူးလား"

နေမင်းထက် ဘာပြန်ပြောရမှန်းမသိပင်ဖြစ်သွားသည်။ စိတ် ထဲမှာ ရှုပ်ထွေးလာစဉ်မှာပဲ မိုးမခက ဆက်ပြောလာ၏။

"မိုးဘက်ကိုလည်း ငဲ့ပါဦး ကိုနေရာ၊ မိုးလည်း အမျိုးမျိုး စဉ်းစား ခဲ့ပါသေးတယ်၊ ဒါပေမယ့် နောက်ဆုံးမှာ ကိုနေနဲ့ မခွဲနိုင်တာ သိ တော့တယ်၊ ကိုနေ့ကို အိမ်တစ်ဆောင် မီးတပြောင်နဲ့ ထားနိုင်နေတာ လည်း မဟုတ်ပါဘူး၊ မိုးမှာ ပြည့်စုံပါတယ်၊ မိုးလိုချင်တာက ခု မိုး ဝယ်မယ့်အိမ်မှာ ကိုနေ အချိန်တစ်ခု ပေးပြီး လာနေပေးဖို့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက် သဘောပေါက်စ ပြုလာသည်။

ထို့ကြောင့် ရှင်းရှင်းပဲ မေးလိုက်သည်။

"မိုးမခ. . . မင်း ငါ့ကို လက်ထပ်ခိုင်းနေတာလား၊ ငါ့မှာ မိန်းမ ရှိတယ်ဆိုတာ မင်းသိပါတယ်"

"မိုး အစထဲက သိခဲ့တာပဲ"

"ဒါနဲ့များကွာ. . . မင်း"

"အဲဒီလို မပြောနဲ့ ကိုနေ၊ ကိုနေ့ကို အိမ်ထောင်ရှိမှန်း သိခဲ့သလို မိုးကိုလည်း လွတ်လပ်သူမှန်း ကိုနေ သိခဲ့တာပဲ၊ ထားလိုက်ပါတော့လေ၊ မိုးပြောချင်တာက လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှ မြည်တာ မို့ပါ၊ အများကြီးလည်း မမျှော်လင့်ပါဘူး၊ ရှင့်ဘဝရဲ့တစ်စိတ်တစ်ပိုင်းလောက် ဖြစ်ချင်တာ တစ်ခုပါပဲ"

ရဲရင့်စွာ တုန့်ပြန်ပြောဆိုနေသော မိုးမခကို နေမင်းထက် ကြက်သေ,သေပြီး ကြည့်နေမိသည်။ ပြဿနာသည် သိပ်မသေးတော့မှန်းလည်း စိတ်ထဲက စိုးရွံ့မှုများဖြင့် နားလည်လာမိသည်။ ဘယ်လို ဆုံးဖြတ်ရမည်မှန်းပင် မသိတော့။

စဉ်းစားလို့မရဘဲ စိတ်ထဲရှိတာ ပြောလိုက်မိတော့သည်။

"မိုးမခ. . . မင်းရူးနေပြီလားဟင်. . ၊ မင်းအနေအထားနဲ့ ယောကျ်ားတစ်ယောက်ကို ဒီလောက်အထိ တပ်မက်နေစရာလား၊ တာကွာ. . . ဒါမှမဟုတ် မင်းရဲ့သွေးသားတွေက ရမ္မက်ပြင်းနေတာ လား"

စကားအဆုံးမှာ မိုးမခက စူးစူးရဲရဲ စိုက်ကြည့်နေသေးသည်။ ရင်ထဲ ထုတ်ချင်းခတ်သွားသော ဆူးတစ်ချောင်းလို နာကျင်သွားပုံလည်း ရသည်။ ချက်ချင်းပင် မျက်ဝန်းထဲ မီးညွန့်တွေ ထတောက်လာသလား တု နေမင်းထက်ထင်မိသည်။

ခဏနေတော့ မျက်ဝန်းတွေက ဘာမှထည့်မထားသော မျက်ဝန်းတွေကဲ့သို့ ဟင်းလင်းဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်မဲ့နေသလို စကားသံတွေက တစ်လုံးချင်း ထွက်ပေါ်လာသည်။

"ဟုတ်တယ် ကိုနေမင်းထက်၊ ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မ ရူးတာလဲ ပါမှာပါ၊ ဒါပေမယ့် ရှင့်ကို တပ်မက်တာထက် ကျွန်မမှာ ယောကျ်ားတစ်ယောက် လိုအပ်နေပြီ၊ ပြီးတော့ သေးသေးလေးပဲဖြစ်ဖြစ် ပျော်ရွှင်တဲ့ဘဝလေးတစ်ခု ကျွန်မလိုချင်တယ်. . ဒီလောက်ပါပဲ"

"မဖြစ်နိုင်ဘူး မိုးမခ၊ ငါ့ မင်းအပေါ်မှာ သာယာမိခဲ့တာ မှန်တယ်၊ ဒါတွေဟာ နှစ်ဦးသဘောတူ ဖြစ်ခဲ့တာ၊ ပြီးတော့ နှစ်ဦးသဘောတူ ရုပ်သိမ်းခဲ့တာပဲ၊ ငါ့မိသားစုကို ငါသစ္စာမဖောက်နိုင်ဘူး၊ မင်းလိုချင်တဲ့ဘဝမျိုးလည်း မဖြစ်နိုင်ဘူး၊ မင်းကို ထပ်ပြီးလက်ထပ်ရမယ်ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ"

တင်းမာစွာ ကြည့်ရင်း မိုးမခကို ပြောလိုက်သည်။ မိုးမခ ပြန်ကြည့်သောအကြည့်တွေနှင့် နှစ်ဦးကြားမှာ ပေါက်ကွဲလုမတတ်။

နောက်ဆုံးမှာတော့ မိုးမခက စကားတစ်ခွန်း ထပ်ပြောလာသည်။

"ဒီမှာ ကိုနေမင်းထက်၊ ရှင့်ဆီက တောင်းဆိုနေတာ ကျွန်မရဲ့ သွေးသားတောင့်တမှုကြောင့်လည်း မဟုတ်ဘူး၊ ရှင့်ကို ချစ်တဲ့အချစ်တာ တော့ ပါကောင်းပါလိမ့်မယ်"

"အဲဒီစကားတွေ ထပ်မပြောနဲ့တော့ မိုးမခ"

"ပြောမှ ရလိမ့်မယ် ကိုနေမင်းထက်၊ ကျွန်မမှားခဲ့တယ်ဆိုတာ လည်း သိတယ်၊ ရှင့်ကို ချစ်ပေမယ့်လည်း မဆက်သွယ်ဘဲ နေခဲ့တယ် ဆိုတာ ရှင်သိမှာပါ၊ ခုမှ ရှင့်ကို လာပြောရတာက ကျွန်မကိုယ်ထဲမှာ ရှင့်ရင်သွေးလေး လွယ်ထားရလို့ပဲ"

"ဘာ. ."

နေမင်းထက် အကြီးအကျယ် တုန်လှုပ်သွားသည်။

အထစ်ထစ် အငေါ့ငေါ့ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"မိုး. . မိုး. . မိုးမခ. . မင်း. . ငါ့. . ငါ့ကို. . "

"ကျွန်မ မညာပါဘူး၊ ကျွန်မ ရှင့်နဲ့ ရတဲ့ကလေးကို မဖျက်ချနိုင်လို့ ဒီလိုလာပြောရတာ၊ ကျွန်မ ဘဝတစ်ခု ပိုင်ဆိုင်ချင်တယ်၊ ပြီးတော့ အမေပီသချင်တယ်"

မိုးမခ စကားအဆုံးမှာတော့ နေမင်းထက်တစ်ယောက် ဘာမှပြောနိုင်ဘဲ ဇက်ကျိုးကျသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

♥ အချစ်ဟာ....
အပြုံးတစ်ခုနဲ့ စတင်တယ်၊
အနမ်းတစ်ခုနဲ့ ရှင်သန်ကြီးထွားတယ်၊
နောက်ဆုံးတော့....
မျက်ရည်တွေနဲ့ အဆုံးသတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ငွေမင်းထက်တစ်ယောက် ဘာဆက်လုပ်ရမှန်း မသိအောင် ထူပူနေမိသည်။ အခြေအနေက မျှော်လင့်ထားသလို မဟုတ်ဘဲ တဖြေးဖြေး ပို၍ပို၍သာ ဆိုးရွားလာခဲ့ပြီ။ ထိုကိစ္စကို ဘယ်လိုဆုံးဖြတ်ရမှန်းလဲ မသိတော့။

ကိုယ့်ကိစ္စကိုယ် တာဝန်ယူရအောင်လည်း ချစ်ခြင်းဖြင့် စနစ်တကျ ဖွဲ့စည်းထားသော အသိုက်အမြုံလေးကို မဖျက်ဆီးရက်ပါ။

ချိုလှဲ့သာ သိသွားပါက သစ္စာမဲ့သူတစ်ယောက်အနေဖြင့် ဘဝတစ်ခုလုံး နာကျည်းသွားပေလိမ့်မည်။

တဒင်္ဂ သာယာမှုကို သိစိတ် မသိစိတ်နှင့် ရောပြီး ရယူခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



တိုယ့်ကိုယ်ကိုပဲ သတ်ပစ်ချင်နေမိသည်။ မိုးမခအပေါ် သာယာမှုထက် ပိုပြီးသံယောဇဉ်တွယ်ခဲ့မိသော ကိုယ့်စိတ်ကိုယ်ပဲ အပြစ်ပုံချမိတော့၏။

သို့သော်. . .

ဒီလိုပဲ စိတ်ညစ်နေလို့ မဖြစ်သေး။ တစ်ခုခုတော့ လုပ်ရပေလိမ့်မည်။ စဉ်းစားရင်း အသိတစ်ချက်က လင်းပွင့်လို့သွား၏။

တကယ်မဟုတ်ဘဲ မိုးမခ တမင်ပြောတာဆိုရင်ရော။

ဟာ. . . ဒါလည်း ဖြစ်နိုင်တာပဲ။

ရုတ်တရက် ထွက်ပေါက်တစ်ခုလို တွေ့လိုက်ရသော်လည်း မိုးမခ ပြောသလို မဆက်သွယ်ဘဲ နေခဲ့သောအချိန်ကာလကို ပြန်ကြည့်လျှင် ဖြစ်နိုင်စရာတွေ ရှိနေပြန်သည်။

စဉ်းစားရင်း အဖြေရှာစရာတစ်ခုပဲ ရှိတော့သည်။ မိုးမခဆီမှာ သူနှင့် ရခဲ့သော ကိုယ်ဝန်ရှိမရှိ စုံစမ်းရန်သာဖြစ်သည်။

ထိုသို့တွေးရင်း နောက်ရက်တွေမှာ မိုးမခ၏ကားနောက် မိမိစီးနေကျကား မဟုတ်သည့်ကားနှင့် မသိမသာ နောက်ယောင်ခံလိုက်ကြည့်မိသည်။

ပထမတစ်ရက်မှာ ပုံမှန်သွားမြဲလာမြဲ ဖြစ်သော်လည်း နှစ်ရက်မြောက်မှာတော့ အထူးကုဆေးခန်းတစ်ခန်းထဲသို့ ဝင်သွားသော မိုးမခကို ကြည့်ပြီး ချောက်ချားသွားရသည်။

တုန်လှုပ်ပြီး အပြင်က စောင့်ကြည့်နေမိသည်။

မိုးမခ ပြန်ထွက်သွားတော့မှ ထိုဆေးခန်းထဲ ဝင်ကာ နာမည်ပြောပြီး စုံစမ်းကြည့်သည်။

မေးကြည့်မှ ပိုဆိုးတော့၏။

ထိုဆေးခန်းမှ ဆရာဝန်မထံ မိုးမခက ကိုယ်ဝန်နှင့် ပတ်သက်ပြီး ဘယ်တော့အပ်လို့ရသလဲလို့ မေးသွားသည်တဲ့လေ။

လေပူကြီးကိုသာ မှုတ်ထုတ်မိတော့၏။

သို့သော် သိပ်တော့ မသေချာသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်လာအပ်သည်မှ မဟုတ်တာပဲ။

ပြီးမှ တစ်ချက်စဉ်းစားမိပြီး နောက်ရက်မှာ မိုးမခ၏တိုက်ခန်းနားသို့ ရောက်ခဲ့သည်။ မယောင်မလည် ကြည့်ရင်း မိုးမခကားနှင့် အပြင်ထွက်သွားတော့မှ ဓါတ်လှေကားနှင့် အပေါ်သို့ တက်ခဲ့သည်။

အပေါ်ရောက်တော့ မိုးမခ အိမ်သော့ထားတတ်သည့် ခြေသုတ်ခုံအောက်ကို စိတ်လှုပ်ရှားစွာ စမ်းကြည့်မိ၏။ တိုက်ခန်းတံခါးသော့ကို တွေ့ပါသည်။ သူတစ်ပါးအိမ်ထဲ မသိအောင် ခိုးဝင်ခြင်းသည် ပြစ်မှုကျူးလွန်သလို ဖြစ်နေသည်ကိုပင် မစဉ်းစားနိုင်တော့။

အခန်းထဲ ရောက်ပြီး သိပ်ရှာစရာ မလိုလိုက်ပါ။ စားပွဲပေါ်တင်ထားသော ပစ္စည်းသုံးခုနှင့်ပင် နေမင်းထက် သွေးပျက်မတတ်ဖြစ်ရတော့သည်။ လူလည်း အရုပ်ကြိုးပြတ်မတတ်ဖြစ်ရလေ၏။

ထိုအရာတွေကတော့ စာရွက်ပိုင်းလေးတစ်ခုမှာ သားဖွားအထူးကု(OG) ဆရာမတစ်ယောက်နှင့် သွားတွေ့ရန် ရက်စွဲတစ်ခုရေးထားခြင်း၊ ကိုယ်ဝန်ဆောင်လမ်းညွှန်စာအုပ်တစ်အုပ်၊ ပြီး ကိုယ်ဝန်ဆောင်တွေ သောက်သည့် ပွင့်နေသော ကိုယ်ဝန်အားတိုးဆေးတစ်ဗူး။

ထိုသုံးခုနှင့်ပင် လုံလောက်သွားလေသည်။

ဘာဆက်လုပ်ရမည်နည်း။ ဒီအတိုင်းကြီး တစ်ယောက်တည်းသွေးရူးသွေးတန်း လုပ်နေလို့ မဖြစ်တော့ပါ။ ခေါင်းအေးအေးထားစဉ်းစားရင်း ပထမဆုံး သတိရမိသည်က ဖြိုးဝေပဲ ဖြစ်တော့သည်။

ကုမ္ပဏီသို့ အမြန်ပြန်လာခဲ့၏။ ရောက်တော့ ဖြိုးဝေခမျာနေမင်းထက်၏ အရေးတကြီးဟန်ကြောင့် ဘာဖြစ်မှန်း မသိဘဲ လိုက်လာရင်း ကားပေါ်မှာ မေးမိသည်။

"မင်းထက်. . . မင်းဘာတွေဖြစ်နေတာလဲ"

နဖူးမှာ သီးနေသည့်ဇောချွေးကို သုတ်ရင်း. . .

"အရေးကြီးလို့ပါကွာ. . . ဆိုင်ရောက်ရင် မင်းကို ပြောပြပါ့မယ်၊ ငါ့ကို အပြစ်အရင်မတင်ဘဲ သူငယ်ချင်းတစ်ယောက်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲကို အရင်စဉ်းစားပေးစမ်းပါ”

ဘာမှန်းမသိသော်လည်း ဖြိုးဝေက ခေါင်းညိတ်ပြသည်။ နေမင်းထက် ဖြစ်နေသောအမူအရာ ကြည့်ပြီး ခပ်ပေါ့ပေါ့မဟုတ်တ လည်း စဉ်းစားနေမိ၏။

စားသောက်ဆိုင်ရောက်တော့ အထူးခန်းတစ်ခန်းထဲမှာ ဖြိုးဝေ ကို ဖြစ်ပျက်ခဲ့သမျှ အကုန်ပြောပြလိုက်တော့သည်။

ဖြိုးဝေက နားထောင်ပြီးမှ တအံ့တသြဖြင့်. . .

“ဟာ. . . ဒီလောက်ထိ ဖြစ်သွားတာလားကွာ၊ မင်းတို့ပုံ ကြည့်ပြီး သာမန်ထက် နည်းနည်းပိုတယ်လို့တော့ ငါထင်မိတယ်၊ မင်း ကိုတောင် သတိပေးမလို့ပဲ၊ ဒါပေမယ့် ဒီလောက်ကြီးအထိတော့. . .

ဟာကွာ. . . မင်းထက်၊ မင်း ဘာဖြစ်လို့ မစဉ်းစားခဲ့တာလဲ ခဏလေး တစ်ခုကို ဘာဖြစ်လို့ မျှောပါခဲ့တာလဲ၊ မင်းမိသားစုအတွက် ဘာဖြစ်လို့ မဆင်ခြင်ခဲ့တာလဲ သူငယ်ချင်းရာ”

ဂရုဏာဒေါသောနှင့် ဖြိုးဝေက ပြောတော့သည်။

နေမင်းထက်လည်း မျက်စိကို စုံမှိတ်ရင်း. .

“မင်းပြောတော့လည်း ခံရတော့မှာပဲ ဖြိုးဝေရာ၊ မဖြစ်သင့်မှန်း သိပေမယ့် မိုးမခရဲ့အလှကို ငါမလွန်ဆန်နိုင်ခဲ့ဘူး၊ ငါသာယာမိခဲ့တယ် သူ့အနေအထားကြောင့်လည်း အားလုံး အေးအေးဆေးဆေး ပြီးသွား မယ်လို့ ထင်ခဲ့တယ်၊ ဒါပေမယ့်ကွာ. . . သူ ဒီလောက်အထိ ဖြစ်လာ လိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး”

ဖြိုးဝေက သက်ပြင်းသဲ့သဲ့ ချသည်။ ပြီးမှ. . .

“မိန်းကလေးဆိုတာ ဘယ်လိုအနေအထားမျိုးပဲဖြစ် စွဲလမ်း စိတ် ဝင်လာရင် ယောကျ်ားတွေထက် ပိုပြင်းထန်တယ်ကွ၊ မင်းဒီ ခုလိုဖြစ်သွားတာကိုပဲ ငါအံ့သြမိတယ်”

“ဟုတ်တယ် ဖြိုးဝေ၊ ငါမလွန်ဆန်နိုင်ခဲ့ဘူး၊ ငါမသိစိတ် တမင် တည်းနဲ့ မှားခဲ့တာလည်း မဟုတ်ဘူး၊ သိစိတ်ရော မသိစိတ်ရော နှင်း



www.burmeseclassic.com

www.burmeseclassic.com



ရောထွေးပြီး ငါ့ကိုယ်ငါ ခွင့်ပြုလိုက်မိတာ၊ ငါမိုက်မဲစေဖို့ အလှတွေက လည်း သူ့မှာ ရှိနေတယ်လေ၊ တကယ် ခဏလေးပါကွာ၊ ဆင်ခြင် ထိန်းချုပ်နိုင်တဲ့စိတ်ရဲ့အပြင်ကို အထိအတွေ့နဲ့ ခဏလေး ရောက်သွား တာပါ၊ အဲဒီခဏလေးကပဲ ခုလို တစ္ဆေခြောက်ခံနေရတာပဲ”

ခေါင်းတွင်တွင်ခါပြီး ဖြိုးဝေ သက်ပြင်းရှည်ကြီး ချလိုက်တော့ သည်။ အပြစ်လည်း မပြောရက်တော့ဘဲ နေမင်းထက်ကို ကြည့်တာ စာနာစွာ စဉ်းစားနေပြီးမှ. . .

“အဓိက,ကတော့ ခု မင်းရဲ့လက်ရှိအိမ်ထောင်ရေးပဲ မင်းထက်၊ ခင်းပေါ့သွားအောင် ပြောတာတော့ မဟုတ်ဘူး၊ ဒီလိုကိစ္စမျိုးတွေ ဆိုတာ ငါတို့လို လူမှုရေးအသိုင်းအဝိုင်းတွေထဲမှာ ဖြစ်လေ့ဖြစ်ထ ရှိတာ မျိုးပါ၊ ဒါပေမယ့် မချိုလဲ့ မသိအောင် မင်း တိတ်တဆိတ် လက်ထပ် လိုက်ဖို့တော့ ငါအားမပေးဘူး”

“ငါလည်း အဲဒီလို မလုပ်ချင်ပါဘူးကွာ”

“ဒီလိုလုပ်ပါလား. . . မင်း မချိုလဲ့ကို အမှန်အတိုင်း အရင် ပြောပြထားလိုက်ရင်ကော. . .”

နေမင်းထက် ခေါင်းခါယမ်းလိုက်သည်။

“ဘယ်လိုဖြစ်မှာလဲကွာ၊ ကဲ. . . မင်းပြောသလို ပြောလိုက်ပြီ ထားဦး၊ ချိုလေးက ငါ့ကို ခွင့်လွှတ်ပါ့မလား၊ ပြီးတော့ ခွင့်လွှတ်တယ် ထားဦး၊ အဲဒီကိုယ်ဝန်ကို ငါဘယ်လိုလုပ်ရမှာလဲ”

ဖြိုးဝေက ခေါင်းခါပြန်သည်။

“ငါသိပါတယ်. . . အမှန်တရားဆိုတာ ဖုံးကွယ်လို့မရဘူးလေ၊ မင်းပြောထားခြင်းအားဖြင့် မချိုလဲ့ ပေါက်ကွဲမှာပဲ၊ ဒါပေမယ့် နောက်မှ သိရင် ပိုဆိုးမယ်နော်၊ ပြီးတော့ မင်းပြောပုံအရ မင်းတွေ့ခဲ့တာတွေက ခုခမှာ ကိုယ်ဝန်အတိအကျ ရှိနေပြီဆိုတဲ့သက်သေ မပါဘူး၊ သို့သော် သို့လောတွေပဲ ရှိတယ်”

စဉ်းစားလိုက်ပြီးမှ ဖြိုးဝေက လေးလေးနက်နက် ထပ်ပြော

www.burmeseclassic.com



လာသည်။

"တကယ်လို့များ မိုးမခက မင်းနဲ့ ရတဲ့ကိုယ်ဝန် မရှိဘဲ ဒါတွေ အားလုံး မင်းထင်အောင် တမင်ဖန်တီးထားတယ်ဆိုရင်ကော၊ ဒီလို မဖြစ်နိုင်ဘူးလို့ ပြောလို့ရမလား"

"ဟော. ."

နေမင်းထက် 'ဟော' လိုက်မိပေမယ့် မဖြစ်နိုင်ဘူးဆိုသောအရာ သည် ရာခိုင်နှုန်း နည်းပါးမှုန်း နားလည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၁၉)

**နောက်**တစ်ပတ်လောက်အထိ မိုးမခထံမှ အဆက်အသွယ် မလုပ်လာသဖြင့် နေမင်းထက် အနည်းငယ် စိတ်သက်သာရာရနေသည်။ ဒါဆိုရင် ဖြိုးဝေပြောသည့်အတိုင်း တမင်လုပ်ကြံပြီး ပြောတာသည်း ဖြစ်နိုင်သည်။ သို့သော်လည်း လုံးဝတော့ စိတ်ချ၍မရသေး။

ကိုယ့်ဘက်က စပြီးဆက်သွယ်မှာကိုပဲ မိုးမခ စောင့်နေတာသားဟု တွေးမိသေးသည်။ ဖြိုးဝေနှင့် တိုင်ပင်ကြည့်တော့လည်း စောင့်ကြည့်ပါဦးဟု ဆိုလာသည်။

နေမင်းထက်တစ်ယောက် မိုးမခ ဘာဆက်လုပ်လာမလဲဟူ၍ စောင့်ကြည့်နေရန်မှတပါး မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ရင်တဒိတ်ဒိတ်ဖြင့် နေရင်းပင် တစ်ရက်မှာတော့ ကြုံရတော့သည်။ ထိုနေ့က အိမ်သို့ပြန်ရန် ကုမ္ပဏီပေါ်မှ ဆင်းလာခဲ့သည်။ တားရှေ့ ရောက်တော့ တားမှန်ဝိုက်ဘာမှာ ညှပ်ထားသည့် စာအိတ်တစ်အိတ်ကို တွေ့လိုက်ရသည်။

ဘေးဘီကြည့်တော့လည်း မိုးမခကို အရိပ်အယောင်မျှ မတွေ့ရ။ စာအိတ်ကို ဆွဲယူပြီး ဖွင့်ဖတ်ကြည့်လိုက်သည်။

ထင်သည့်အတိုင်း မိုးမခဆီကပင်။

ကိုနေမင်းထက်

ရှင်တစ်ခုခုလုပ်ပေးသင့်တယ်လို့မထင်ဘူးလား။ ယောကျ်ားတစ်ယောက်ဆိုရင်တာဝန်သိတတ်မှုရှိရတယ်နော်။ မျှမျှတတဆိုတာရှင်ဘယ်လိုနားလည်ထားတာလဲ။ ရှင့်ကြောင့်ကျွန်မဘဝပြောင်းဆန်ခဲ့ရတယ်ဆိုတာရှင်မမေ့ပါနဲ့။ ရှင့်ဘက်က မဆက်သွယ်ရင်တော့ရှင့်ဆီကျွန်မလာခဲ့ရလိမ့်မယ်။

မိုးမခ

မိုးမခဆီမှာ စိတ်ရောဂါတစ်ခုခု ရှိနေပြီလားဟုပင် တွေးမိတော့သည်။ တစ်ဆက်တည်း အားလုံးထိခိုက်အောင် မဆင်မခြင် လုပ်လာမှာကိုလည်း စိုးရိမ်တော့၏။

သို့သော်လည်း ဖြိုးဝေပြောသည့်အတိုင်း နေမင်းထက် ဘက်က မဆက်သွယ်မိသေးပါ။ တစ်ခုခုဆိုတာကို မသိမမြင်ရသေးဘဲ ကြိုပြီး ကြောက်လန့်နေရသလိုဖြစ်နေတော့၏။

မိုးမခထံမှ စာရပြီး နှစ်ရက်လောက်အထိ ဘာမှ မထူးခြားသေး။ နေမင်းထက်တစ်ယောက် အပူရုပ်ကို ဖုံးပြီး အိမ်မှာရော အလုပ်ထဲမှာပါ ကြိတ်ပြီးစိတ်ညစ်နေရသည်။

ဒီနေ့လည်း မိုးမခများ ရောက်လာမလားဟု ရင်တဒိတ်ဒိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲမှာလည်း စိတ်ဝင်စားလို့မရ ဖြစ်နေမိ၏။

ညနေရုံးဆင်းချိန်အထိ ရောက်မလာတော့မှ သက်ပြင်းချရတော့သည်။ ဒီလိုပဲ တစ်ရက်ရက်မှာ ရောက်လာမလားဟု စိတ်ပူနေရတာနှင့်ပင် ကြာလျှင် ခက်တော့မည်။

ရုံးဆင်းပြီး အိမ်ပဲ တန်းပြန်ခဲ့၏။ အိမ်ရောက်တော့ ချိုလဲ့ကို ခေါ်ရင်း အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

ချိုလဲ့က ဧည့်သည်ရောက်နေတယ် မောင်ရဲ့ဟု ပြောသဖြင့် ဧည့်ခန်းထဲ ကြည့်လိုက်မိသည်။

"ဟင်"

စိတ်ထဲက ရေရွတ်မိပြီး ရင်တစ်ခုလုံး ပြောင်းဆန်သွားလေ၏။

မိုးမခ ဖြစ်သည်။

နေမင်းထက်ကိုပင် ခပ်တည်တည် လှမ်းပြုံးပြနေသေးသည်။

သူဘာလာလုပ်တာလဲ။ ဘာရည်ရွယ်ချက်နဲ့လဲ၊ ချိုလေးကိုရော ဘာတွေပြောထားပြီလဲ။

မေးခွန်းတွေက တရစပ် ခေါင်းထဲ ပြေးဝင်လာတော့သည်။

ငူငူကြီး ရပ်နေမိသော သူ့ကို ကြည့်ရင်း ချိုလဲ့က. . .

"မောင်လာလေ၊ ဘာဖြစ်နေတာလဲ မတ်တတ်ကြီး"

ထိုအခါမှ သတိဝင်ပြီး ခုံမှာ ဝင်ထိုင်မိတော့သည်။ တုန်လှုပ်နေသောစိတ်နှင့် မျက်နှာကိုလည်း အမူအရာ မပျက်အောင် မနည်းထိန်းနေရသည်။ ချိုလဲ့ကစပြီး. . .

"မောင်. . . ဒါ မိုးမခတဲ့၊ ချိုလေး သမီးကို ကျောင်းသွားကြိုရင်း ခင်လာတာ၊ ကျောင်းမဆင်းခင် ဆိုင်တစ်ဆိုင်မှာ ထိုင်စောင့်ရင်း စကားပြောမိရင်းကလေ၊ မိုး. . ဒါ တို့အမျိုးသား နေမင်းထက်တဲ့"

မိုးမခက နေမင်းထက်ကို ကြည့်ကာ. . .

"တွေ့ရတာ ဝမ်းသာပါတယ် ကိုနေ. . အဲ. . ကိုနေမင်းထက်၊ အရှန်မတို့ ဆုံဖူးလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက် ခပ်စိမ်းစိမ်း ကြည့်ကာ ပြန်ပြောလိုက်သည်။

"မဆုံဖူးဘူး ထင်တယ်၊ ကျွန်တော်က မိတ်ဆွေနည်းတယ်ဗျ"

"စဉ်းစားကြည့်ပါဦး. . . ရှင်တို့ ဘောလုံးအသင်း ပါတီလုပ်တဲ့ နေ့ကလေ"

ချိုလှဲ့က သူ့ကို ဆတ်ကနဲ ကြည့်သည်။

နေမင်းထက်က မသိမသာ စဉ်းစားဟန်ပြုလိုက်ရင်း. . .

"ပါတီလုပ်တာက ဟုတ်ပါတယ်၊ ခင်ဗျားရောက်ခဲ့လို့လား၊ ကျွန်တော်တော့ သတိမထားမိဘူး"

"မောင်ကလည်း. . . မိုးကို အားနာစရာ၊ မောင်က မတွေ့ဖေမယ့် မိုးလှမ်းတွေ့တာ ဖြစ်မှာပေါ့"

"ဒါနဲ့ ကလေးကျောင်းကြိုရင်း သိတာဆိုတော့ သူလည်း တလေးလာကြိုတာပဲပေါ့"

နေမင်းထက်က ဖြတ်မေးလိုက်မိသည်။

မိုးမခက မခို့တရို့ ပြုံးလျက်. . .

"ဩော်. . . ကျွန်မက ကျွန်မတူလေး သွားကြိုတာလေ"

မဖြစ်နိုင်ပါ။ ဒါ မိုးမခ အသေအချာ စီစဉ်ပြီး ချိုလှဲ့ကို ဝင်လုံးတာပဲ ဖြစ်ရမည်။ စိတ်ထဲမှာ ရှုပ်ထွေးလာပြီး ထရပ်ကာ. . .

"ကဲ. . . ချိုလေး၊ မောင်အနားယူလိုက်ဦးမယ်"

ချက်ချင်းပင် မိုးမခကလည်း. . .

"ဩော်. . . ချိုလှဲ့၊ မိုးလည်း ပြန်ဦးမယ်၊ သိချင်တာတွေလည်း သိရပြီ၊ နောက်မှ လာလည်ဦးမယ်"

မသိရင် ကိုယ့်ကိုပဲ စောင်းပြောနေသလို နေမင်းထက် ခံစားလိုက်ရသည်။ ပြီးတော့ နေမင်းထက်ကို တွေ့လိုက်ရပြီးမှ တမင်ထပြန်သလိုမျိုး။

မိုးမခက သူ့ကို တစ်ချက်စိုက်ကြည့်ကာ လှည့်ထွက်သွားလေသည်။ နှစ်ယောက်တည်း ရှိတော့မှ ချိုလှဲ့ကို မေးကြည့်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ချိုလေး. . . သူနဲ့ သိတာ ကြာပြီလား"

"မကြာသေးဘူး မောင်ရဲ့၊ တစ်ပတ်ဆယ်ရက်လောက်ပဲ ရှိဦးမယ်၊ ဘာဖြစ်လို့လဲ မောင်"

"ဪ. . . ချိုလေးအသိတွေ ဒီလို အိမ်လာမလည်ဖူးလို့ပါ"

ချိုလဲ့က အနေအထိုင် အေးဆေးသည်။ ရန်ကုန်မှာလည်း သူငယ်ချင်းတွေ ဒီလိုခေါ်မလာဖူး၍ နေမင်းထက်က မသိချင်ဟန်ဆောင်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် မောင်ရဲ့၊ သူ အိမ်လိုက်လည်တာက ချိုလေးကို မေးစရာရှိလို့ပါ မောင်ရဲ့"

"ဘာကိစ္စများတုန်း ချိုလေးရဲ့ အိမ်အထိ လိုက်မေးရအောင်"

ရယ်ဟဟနှင့် နေမင်းထက်က မေးလိုက်သည်။

ချိုလဲ့က ခပ်ပြုံးပြုံး လုပ်ရင်း. . .

"ဪ. . . မိုးက ကိုယ်ဝန်ဆောင်ထားတာလေ၊ တစ်ခါမှ မကြုံဖူးတော့ ချိုလေးကို အတွေ့အကြုံလေးတွေ မေးချင်လို့တဲ့. . .၊ ဘယ်လိုနေ ဘယ်လိုထိုင် အစားအသောက်ကအစ ပြီးတော့ ဘယ်မှာမွေးရင် ပိုကောင်းတယ်ဆိုတာမျိုးပေါ့"

"ဟင်"

နေမင်းထက် မျက်စိထဲမှာ ပြာဝေသွားရလေသည်။ စိတ်ကို အနိုင်နိုင် ထိန်းချုပ်ရင်း တစ်ခုခုတော့ ပြတ်ပြတ်သားသား လုပ်ရတော့မည်ဟု ဆုံးဖြတ်လိုက်၏။

မိုးမခ ဒီလောက်နှင့် ရပ်နေဖို့ဆိုတာ မဖြစ်နိုင်ပါ။ စိတ်ထဲမှာ မိုးမခကို သွေးအေးပြီး အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့သို့သာ မြင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

♥ သူ့ကိုချစ်ရတာ
နာကျင်မှုတွေ ပေးဆပ်မှုတွေနဲ့
ပြည့်နှက်နေတယ်။

♥ ဒါပေမယ့်.....
သူ မချစ်တာကို ခံရမှာထက်စာရင်....
အဲ့ဒီ များပြားလှတဲ့
နာကျင်မှုတွေ ပေးဆပ်မှုတွေကိုပဲ
ခံယူနေပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



## (၂၀)

နောက်တစ်ပတ် ဆန်းဒေးမှာလည်း ချိုလဲ့နှင့် သမီးလေးတို့ကို ကစားကွင်း လိုက်ပို့ရန် ဆုံးဖြတ်လိုက်သည်။ ချိုလဲ့က သူ မပူဆာဘဲ နေမင်းထက် ပြောလာသဖြင့် အံ့ဩဝမ်းသာနေသေးသည်။ အပြန်မှာ ရုပ်ရှင်ဝင်ကြည့်၊ မြို့ထဲမှာ တစ်ခုခု ဝင်စားကြမည်ဟု ထပ်ပြောလိုက်တော့ ချိုလဲ့က လက်ခုပ်လက်ဝါးတီးကာ ကလေးတစ်ယောက်လိုပင် ပျော်ရွှင်နေသေးတော့၏။

နေမင်းထက်ကို သိုင်းဖက်ကာ အနမ်းပေးလိုက်ရင်း . . .

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ မောင် ခုလို မျိုးလေးတို့သားအမိကို အချိန်ပေးတာ အရမ်းဝမ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နူးနူး ပြောနေသော ချိုလဲ့နှုတ်ခမ်းလေးကို နေမင်းထက်က မွတ်သိပ်သော တုန့်ပြန်အနမ်းတွေနှင့် ခေတ္တပြန်ပိတ်လိုက်သည်။ ပြီးမှ. . .

"ဒါတွေ ပြောစရာလိုလို့လား ချိုလေးရယ်၊ မောင့်ဘဝမှာ အရေးကြီးဆုံးဟာ ဒီမိန်းမနဲ့သမီးပဲ ရှိတာကို၊ ဒါ ကျေးဇူးတင်စရာမှ မဟုတ်တာ"

ပြောလိုက်တော့မှ ချိုလဲ့က မျက်စောင်းလေး ထိုးရင်း. . .

"ဟင်း. . . ဟင်း. . . မောင်နော်၊ မောင် ချိုလေးတို့ မသိအောင် တစ်ခုခု လုပ်ထားလို့ ခုလိုတွေ လိုက်ပို့နေတာတော့ မဟုတ်ပါဘူးနော်"

ချိုလဲ့ တမင်နောက်ပြီး ပြောမှန်း နေမင်းထက် နားလည်ပါသည်။ သို့သော်လည်း အနည်းငယ်တော့ မလုံမလဲ ဖြစ်သွားမိ၏။

ငါ ချိုလေးပြောသလိုများ ဖြစ်နေပြီလား။ မိုးမခကို အတင်းမေ့ချင်လို့ မိသားစုနဲ့ အချိန်ဖြုန်းချင်နေတာလား။

မေးခွန်းတွေက ခေါင်းထဲ ဝင်ရောက်လာကြသည်။ ဟိုတစ်ရက်က မိုးမခ ရောက်လာသောအဖြစ်ကိုလည်း ပြန်တွေးရင်း လန့်မိသည်။ မိုးမခပုံစံက ရပ်သွားဖို့ဆိုတာ မဖြစ်နိုင်ပါ။

ထို့ကြောင့် သမီးလေးကို မျှော်စင်ကျွန်း လိုက်ပို့ပေးရင်း အမှတ်မထင် မေးမိသည်။ သမီးလေးကတော့ ကလေးပီပီ ပျော်ရွှင်စွာ ဆော့ကစားနေပြီ။

"သြော်. . . ချိုလေး၊ ဟိုမိုးမခဆိုတဲ့အမျိုးသမီးနဲ့ ဆုံဖြစ်သေးလား"

ထိုသို့မေးလိုက်သည်ကိုပင် ချိုလဲ့က သံသယဝင်ဟန်မရှိ၊ တစ်ချက်စဉ်းစားရင်း သက်ပြင်းပင် ချလိုက်သေးသည်။

"အင်း. . . ဆုံဖြစ်ပါတယ်၊ သူပြောပုံအရဆို သူ့ဘဝကလည်း တော်တော်အထီးကျန်တာပဲ မောင်ရယ်၊ ကိုယ်ဝန်ရှိနေတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့အဖေက အဝေးမှာတဲ့၊ အဲ့ဒါကို သိရက်နဲ့တောင် လာမကြည့်တာဆိုတော့ တော်တော်တာဝန်မဲ့တာပဲနော်”

သက်ပြင်းမောကို ချရတော့သည်။ ချိုလဲ့ကို ဘယ်လိုအကြံအစည်တွေနှင့် မိုးမခ ဝင်လုံးနေမှန်း နေမင်းထက် သဘောပေါက်ပါသည်။

ထိုကိစ္စအားလုံးသည် ကိုယ်နှင့် ပတ်သက်နေသည်ဟု သိသွားပါက ချိုလဲ့ နှလုံးသွေးရပ်သွားလောက်သည်။

ထို့ကြောင့် မယုတ်မလွန် ပြောလိုက်မိသည်။

ရင်ထဲမှာတော့ မကောင်း။

“ဒီလိုပဲပေါ့ ချိုလေးရယ်၊ လူ့ဘဝဆိုတာ အမောတွေလည်း ရှိတာပဲပေါ့”

စကားဆုံးတော့ ချိုလဲ့က မြတ်နိုးစွာ ကြည့်လာပြီး. . .

“ဘာပဲဖြစ်ဖြစ် ချိုလေး သူ့လို မကြုံရတာ အရမ်းကံကောင်းတာပဲနော်၊ ဒါကလည်း မောင့်ကို ထပ်ကျေးဇူးတင်ရမှာပါ”

နေမင်းထက် ဘာမှပြန်မပြောဖြစ်တော့။ ရင်ထဲမှာ မိုးမခအပေါ် စာနာစိတ်များဖြင့် မွန်းဝေလာပြန်သည်။

ငါ ယတိပြတ် ဆုံးဖြတ်လိုက်တာ တာဝန်မျှား အရမ်းမဲ့နေပြီလား။

ထိုသို့တွေးရင်း မိုးမခအပေါ် စာနာစိတ်ကလေး ဝင်လာမိသည်။ ဒါပေမယ့် ရှေ့ဆက်တိုးဖို့ဆိုတာ မဖြစ်နိုင်မှန်းလည်း နေမင်းထက် သိပါသည်။

ပြီးတော့ မိုးမခလိုအပ်သည်မှာ ပစ္စည်းဉစ္စာ မဟုတ်၊ အဆောင်အယောင်တွေ မဟုတ်။ ဒါတွေအားလုံး သူမ ပိုင်ဆိုင်ပြီးသား။ ခု မိုးမခ စောင့်တနေသည်မှာ နေမင်းထက်ဆိုသော သူ့ကို။ သူမဗိုက်ထဲက ကလေးဆိုသည်မှာ ကိုယ်နှင့် ပတ်သက်နေသည်ပဲ။

နေမင်းထက် ဘယ်လိုထပ်ပြီးဆုံးဖြတ်ရမည်မှန်း မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ရှုပ်ထွေးလာတော့သည်။ ပြီးနောက် မိုးမခနှင့် တစ်ခေါက်လောက် ထပ်တွေ့ရန်လည်း ဆုံးဖြတ်မိလိုက်သည်။

ငြိမ်ပြီးစဉ်းစားနေသော သူ့ကို ချိုလဲ့က. . .

"မောင်. . . ဘာတွေများ စဉ်းစားပြီး သက်ပြင်းချနေတာလဲ"

ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ စဉ်းစားလိုက်ပြီးမှ. . .

"ဘာရယ်မဟုတ်ပါဘူး. . မောင်တို့ ဘောလုံးအသင်းအတွက် စဉ်းစားနေတာပါ၊ လိုအပ်တဲ့ပြင်ဆင်မှုတွေအတွက် ငွေတော့ တော်တော်သုံးရဦးမှာပဲ"

ချိုလဲ့က နားလည်စွာ ပြောလာသည်။

"အဲဒါတွေ ချိုလေး နားမလည်ပါဘူး၊ မောင် ဝါသနာပါလွန်းလို့ ချိုလေး ဘာမှဝင်မပြောတာလေ၊ အဲ့ဒီအတွက် စိတ်ဖိစီးမှုတွေတော့ မောင့်ကို ထပ်မဖြစ်စေချင်ဘူး"

ချိုလဲ့ သူ့အပေါ် ထားသောစေတနာကို သိရလေ ကိုယ့်အမှားအတွက် နေမင်းထက် ရင်မောရလေဖြစ်နေမိသည်။ ဖြစ်နိုင်လျှင် မိုးမခနှင့် ပတ်သက်သောအရာအားလုံး မေ့ပစ်လိုက်ချင်သည်ဟု ခံစားနေမိသည်။

ထိုသို့တွေးလိုက်တိုင်း မိုးမခ၏မျက်နှာက ပေါ်လာစမြဲ။ ပြီးတော့ သူ ကိုယ့်အပေါ်မှာ ထားတဲ့စိတ်တွေ။ သူ့ရဲ့ပြင်းပြသောအချစ်တွေ၊ နွေးထွေးနူးညံ့ စွဲမက်ဖွယ်ကောင်းလွန်းသော ညင်သာဆူဝေသည့် အထိအတွေ့တွေ။ သူ့ကို ကမ္ဘာအဆုံးထိ ခေါ်ဆောင်သွားနိုင်သော. . . အို. . . အများကြီးပါပဲ။

ရှုပ်ရှင်အနှေးပြကွက်တစ်ခုလို နေမင်းထက် ပြန်မြင်ယောင်နေမိသည်။ ချစ်ခြင်းတရားအကြောင်းလည်း ပို၍နားလည်သလို ခံစားရသည်။

ဘဝမှာ ချိုလဲ့ကလွဲပြီး တခြားမိန်းမတစ်ယောက်အပေါ် ချစ်စိတ်ဆိုတာ တွေးပင် မတွေးဖူးခဲ့။ ခုတော့ အံ့ဩတုန်လှုပ်စွာ လက်ခံ

www.burmeseclassic.com



ကြုံနေရပြီ။ သူ့အဖြစ်ကို စဉ်းစားဆင်ခြင်ရင်း စကားပုံတစ်ခုကို ပြန်တွေးမိသည်။

***မိန်းမတစ်ယောက်ရဲ့အချစ်ဆီ***
***ဦးတည်နေတဲ့လမ်းတွေထဲမှာ***
***သနားစာနာခြင်းဆိုတဲ့လမ်းဟာ***
***အဖြောင့်တန်းဆုံးပါ။***

ထိုစကားပုံအတိုင်း ဖြစ်နေပြီဆိုတာ နေမင်းထက် ငြင်းမရပါ။ ခုတော့ အရာအားလုံးသည် စနစ်တကျ မှားယွင်းခဲ့ပြီဖြစ်သည်။

ဒါဆို မိုးမခအပေါ် ဘာများ ထပ်လုပ်ပေးနိုင်သေးလဲ။

ကိုယ့်ကိုယ်ကို မေးလိုက်သော်လည်း အဖြေကတော့ မရပါ။ နောက်ဆုံး စဉ်းစားမိသည်မှာ မိုးမခနှင့် တွေ့ပြီး နှစ်သိမ့်ပေးရန်ပဲ ဖြစ်တော့သည်။

မိုးမခ နားလည်ပြီး လက်ခံပေးနိုင်မှာလား။

မတွေးချင်တော့။ ထပ်တွေ့မှပဲ အခြေအနေကို သိရလိမ့်မည်။

ချိုလှဲ့ကတော့ ခုလို သူ့မှာ သောကတွေ များနေရသည့်အဖြစ်ကို ယောင်လို့ပင် တွေးမိဟန်မတူပါ။ မိသားစုနှင့် ခုလို သွားလာနေရသည်ကို ဝမ်းသာပီတိဖြစ်နေသည်။

သို့နှင့် ကစားကွင်းမှအပြန် ရုပ်ရှင်ဝင်ကြည့်ကြသည်။

စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာဝင်စားလိုက်သေးသည်။ ချိုလှဲ့နှင့် သမီးလေးတို့ ပျော်ရွှင်နေတာကို ကြည့်ပြီး သောကတွေ ခဏ သွင့်စဉ်သွားပြန်၏။

ညအတော်မှောင်မှ အိမ်ပြန်ရောက်သည်။ အိမ်ရောက်ရောက်ချင်း သမီးလေးက အပေါ်ထပ်သို့ မတက်သေးဘဲ. . .

"ဖေဖေ. . . သမီးဟမ်းစတားလေး သွားကြည့်လိုက်ဦးမယ်၊ ဒီနေ့တစ်ရက်လုံး သမီးနဲ့ မတွေ့ရတော့ သူလည်း ပျင်းနေမှာပဲ"

နေမင်းထက်က အကဲပိုနေသောသမီးအား ခေါင်းကို ပွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း. . .

"အေးပါ သမီးရယ်. . . သွားပါ၊ ခဏနေရင်တော့ အပေါ်ပြန်တက်ခဲ့နော်"

"ဟုတ်ကဲ့ ဖေဖေ"

လင်မယားနှစ်ယောက် အပေါ်ထပ်တက်ခဲ့သည်။

သမီးလေး မရှိ၍ အိပ်ခန်းထဲ လွတ်လွတ်လပ်လပ် အဝတ်အစားလဲကာ ညအိပ်ဝတ်စုံ ပြန်ဝတ်နေသောချိုလဲ့ကို နောက်မှသိုင်းဖက်လိုက်ထားလိုက်သည်။

ချိုလဲ့ အသာရုန်းနေစဉ်မှာပဲ အောက်ထပ်မှ သမီးလေး၏ငိုသံကို ကြားလိုက်ရ၍ နှစ်ယောက်စလုံး ပြေးဆင်းသွားလိုက်မိသည်။

ရောက်တော့ သမီးလေးက ရှိုက်ကြီးတငင် ငိုနေဆဲ။

သူ့ရှေ့မှာတော့ လျှောင်အိမ်တစ်ခုလုံး ကျိုးကြေလျက်. . . လျှောင်အိမ်အပြင်ဘက် ရောက်နေသည့် ဟမ်းစတားလေးကလည်း ရိုက်ထားသလို သွေးအလူးလူးနှင့်။

ချိုလဲ့က သမီးလေးကို ဆွဲပွေ့ကာ ချော့နေသည်။

သေနေသော ဟမ်းစတားကောင်လေးကို ကြည့်ရင်း. . ဒါသွေးရိုးသားရိုးတော့ မဖြစ်နိုင်ဟု တွေးမိသည်။

အတွေးနှင့် အခန်းထဲကို ဝေ့ကြည့်လိုက်တော့. . .

"ဟင်"

အာမေဋိတ် ထွက်သွားရ၏။ အခန်းနံရံက တံခါးတစ်ချပ်၏ မှန်ကူကွက်တစ်ကွက်မှာ ကွဲနေပြီး တံခါးက ပွင့်နေသောကြောင့်ဖြစ်သည်။

ဒါ တစ်ယောက်ယောက်လက်ချက်ပဲဟူသောအတွေးနှင့်ဒေါသူ တဆက်တည်း မိုးမခမျက်နှာကို ပြေးမြင်မိသွား၏။

တံခါးကို မသိမသာ သွားပြန်ပိတ်တော့ ချိုလဲ့က စိတ်ပူသလို လှမ်းပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . အိမ်ထဲကို သူခိုးဝင်ပြီထင်တယ်၊ ချိုလေး ပစ္စည်းတွေ သွားစစ်လိုက်ဦးမယ်"

သမီးလေးကို ချီကာ ချိုလှဲ့ အပေါ်ထပ်သို့ အမြန်တက်သွားလေသည်။

ခဏနေတော့ နေမင်းထက်လည်း လိုက်တက်သွားလိုက်သည်။

ဘာပစ္စည်းမှ မပျောက်။ ဘာမှ လက်ရာမပျက်။


ချိုလှဲ့က စိတ်အေးစွာ သမီးလေးကို ချော့နေစဉ်မှာပဲ နေမင်းထက် အောက်ထပ်မှ တံခါးကို ပြန်ဆင်းကြည့်ကာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိသည်။

မိုးမခဆီကိုလည်း ချက်ချင်းဖုန်းခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၂၁)

"ဟာလို. . . ကိုနေ ပြော. . . ဘာကိစ္စလဲ"

ဒေါ်သက ထောင်းခနဲ ထွက်သွားရသည်။

"မိုးမခ. . . ငါရှင်းရှင်းပဲ ပြောမယ်၊ ဟမ်းစတားကိစ္စက မင်း သက်ချက်ဆိုတာ ငါသိတယ်၊ ဘာဖြစ်လို့ မဆိုင်တာတွေ လျှောက်လုပ်နေတာလဲ"

"ဟင်း. . . ဟင်း. . . ကျွန်မအတွက်တော့ ရှင်နဲ့ ပတ်သတ်သမျှအားလုံး ဆိုင်တယ်လို့ သတ်မှတ်ထားတာ"

ခနဲ့သလို ဆိုလာသောလေသံကြောင့် ပြန်ပြောစရာစကားပင် ရုတ်တရက် စဉ်းစားမရချေ။ ကိုယ့်ဘက်က စာနာနေသော်လည်း သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်တ လွှန်လာပြီ။

ထို့ကြောင့် အေးစက်စက် တုန့်ပြန်လိုက်၏။

"မိုးမခ. . . မင်းမဖြစ်နိုင်တာတွေ လျှောက်မလုပ်နဲ့နော်၊ အား လုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

မိုးမခက ခပ်တည်တည်ပဲ ပြန်ပြောလာ၏။

"ဘာကို မဖြစ်နိုင်ရမှာလဲ၊ အားလုံးဒုက္ခမရောက်ချင်ရင် ကျွန်မ ဖြစ်နေတဲ့ဒုက္ခကို ရှင်ဖြေရှင်းပေးလေ"

"အေး. . . ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းကတော့ အဲဒီ တလေးကို ဖျက်ချလိုက်ဖို့ပဲ၊ ငါ ဒါပဲ ပြောနိုင်မယ်၊ ပြီးတော့ မင်း ကျန်တာ ဘာလိုချင်လဲ. . . ငါပေးမယ်"

ပေါက်ကွဲပြီး မစဉ်းစားဘဲ ပြောမိသည်။ မိုးမခကလည်း ကျင့် သားရနေသော မြင်းမတစ်ကောင်ကဲ့သို့ တုန့်ပြန်လာသည်။

"မလုပ်နိုင်ဘူး ကိုနေမင်းထက်၊ ကျွန်မ လူမသတ်ချင်ဘူး၊ ဒါ ရှင်နဲ့ ရတဲ့ကလေးပါ၊ ရှင့်ကလေးကို ရှင်သတ်ခိုင်းနေတာလား၊ ကျွန်မ တောင်းပန်ပါတယ် ကိုနေမင်းထက်ရယ်၊ ကျွန်မ ရှင်ထားသလို နေပါ့ မယ်၊ ဒါပေမယ့် ဒီကလေးရယ် ရှင်နဲ့ကျွန်မတို့ရဲ့ဘဝလေးတစ်ခု ပိုင်ဆိုင် ပါရစေ"

တင်းမာနေရာမှ. . မိုးမခက တောင်းပန်ခယနေပြန်သည်။

နေမင်းထက် တစ်ချက် တွေခနဲဖြစ်သွားသော်လည်း ဒါ မိုးမခ အပျော့ဆွဲ ဆွဲပြီး မာယာတွေ သုံးနေပြီဟု ဆက်တွေးလိုက်သည်။

ဘဝမှာ မိန်းမနှစ်ယောက် ယူဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ မိုးမခက ထိုသို့လုပ်ရန် ပြောသော်လည်း မလုပ်နိုင်ပါ။ တစ်ချိန်ချိန် အသိုင်းအဝိုင်းတွေသာ သိသွားပါက ဘယ်လိုမျက်နှာပြဝံ့တော့မည် နည်း။ ချိုလဲ့တို့ သားအမိကိုလည်း တစ်သက်လုံး လိမ်ညာထားသော လူယုတ်မာတစ်ယောက် အဖြစ်မခံနိုင်ပါ။

ဘာမှစဉ်းစားမနေတော့ဘဲ ပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းမွေးချင်ရင်လည်း မွေးပေါ့၊ ငါ့ရဲ့ကလေးတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ မင်းမှာလည်း ငါနဲ့ ရတယ်ဆိုတာ ဘာနဲ့ သက်သေပြမလဲ၊ လုပ်လိုက်လေ. . . မင်းကိုလည်း ငါမချစ်ဘူး၊ အဲဒီကလေးကိုလည်း ငါချစ်မှာမဟုတ်ဘူး၊ ငါ့ကလေးလည်း မဟုတ်ဘူး"

စကားအဆုံးမှာ မိုးမခဘက်မှ တိတ်ဆိတ်နေသေးသည်။

ပြီးမှ ပြတ်သားသောလေသံနှင့် တစ်လုံးချင်း ပြောလာ၏။


"အင်းလေ. . . ကျွန်မမှာ ဘာသက်သေတွေ ရှိတယ်၊ ဘာလုပ်ပြမလဲဆိုတာ ရှင်စောင့်ကြည့်ပါ၊ တစ်ခုတော့ ကြိုပြောလိုက်မယ်၊ ပထမဆုံးခြေလှမ်းက ကျွန်မ ရှင်နဲ့ ဖြစ်ခဲ့သမျှကို ချိုလှဲ့ကို အရင်ပြောပြလိုက်မယ်"

"ဘာ. . . မင်း. . မင်း"

ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ မိုးမခဘက်မှ ဖုန်းချသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## (၂၂)

မှန်းပိတ်ပြီး နေမင်းထက် စဉ်းစားလိုက်၏။ ဒီအတိုင်းဆိုလျှင် အခြေအနေက ပိုဆိုးလာတော့မှာ သေချာသည်။ မိုးမခဆီ ချက်ချင်း သွားတွေ့ရန် ဆုံးဖြတ်လိုက်၏။

အပေါ်ထပ်သို့ ပြန်တက်ကာ ချိုလဲ့ကို အိမ်ထဲ သူခိုးဝင်သည့်ကိစ္စအတွက် ရပ်ကွက်ရုံးမှာ ပြောမှဖြစ်မည်ဟု လှည့်ပတ်ပြောပြီး ထွက်လာခဲ့သည်။

ပြီး မိုးမခတိုက်ခန်းဆီ တန်းသွားလိုက်၏။ တိုနေသောဒီအိဖြင့် အခန်းတံခါးကို ခပ်ကြမ်းကြမ်း ခေါက်လိုက်သည်။

ချက်ချင်းပဲ အခန်းတံခါး ပွင့်လာပြီး မိုးမခက မဲပြုံးပြုံးတာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ. . . ကိုနေ ရောက်လာမယ်ဆိုတာ. . ."

မိုးမခကို တွန်းကာ အခန်းထဲ ဝင်လိုက်ပြီးမှ အခန်းတံခါးကို ဆောင့်ပိတ်လိုက်ရင်း. . .

"မိုးမခ. . . ငါ မင်းနဲ့ အေးအေးဆေးဆေး ထပ်တွေ့ပြီးမှ ဆွေးနွေးဆုံးဖြတ်ဖို့ စဉ်းစားထားတာ၊ ခုတော့ မင်းလုပ်ပုံက ငါ့မိသားစု ကိုပါ ထိခိုက်လာပြီ"

မိုးမခက မထီတရီဟန်ဖြင့် ပြန်ကြည့်လျက်. . .

"ဒီမှာ ကိုနေ. . . ကျွန်မကို ရင့်ရင့်သီးသီး မပြောပါနဲ့၊ ရှင့်ဆီ တ ကျွန်မ တောင်းဆိုခဲ့တယ်၊ ဖြစ်သင့်တာကို တောင်းဆိုခဲ့တာ၊ ရှင့် ဘက်က ဘာမှတုန့်ပြန်မလာဘူး၊ ပြီးတော့ ကျွန်မဟာ ခပ်ညံ့ညံ့မိန်းမ တစ်ယောက် မဟုတ်ဘူးဆိုတာ သိစေချင်တယ်"

"ဘာပဲဖြစ်ဖြစ် မဆိုင်တာတွေကို မလုပ်နဲ့လေကွာ"

နေမင်းထက် ဒေါသတကြီး အော်ပြောလိုက်သည်။ ပြန်ကြည့် နေသော မိုးမခမျက်ဝန်းတွေက မီးညွန့်များဖြင့် ဖွဲ့စည်းထားသလို. . . လောင်မြိုက်ပူပြင်းသောမျက်ဝန်းများဖြင့် ပြန်ကြည့်ရင်း. . .

"ကောင်းပြီလေ. . . ဒါဆိုလည်း ဆိုင်တာကိုပဲ လုပ်မယ်၊ ရှင် ကျွန်မကို တရားဝင် လက်ထပ်ပေးပါ ကိုနေမင်းထက်"

စကားသံက အေးစက်ပြတ်သားနေသည်။ ဘာမဆို ရင်ဆိုင် တော့မည့် ကျားသစ်မတစ်ယောက်၏ဟန်မျိုး။ မိုးမခ၏အပြုအမူနှင့် စကားသံကြောင့် နေမင်းထက်လည်း ထိန်းမရဘဲ ပေါက်ကွဲသွားသည်။

"မင်းရူးနေပြီ မိုးမခ၊ မင်းနဲ့ငါ ဖြေရှင်းမယ်ဆိုတာ ငါ့ဘဝမှာ မိန်းမနှစ်ယောက် ယူမယ့်ကိစ္စမဟုတ်ဘူး၊ အရာအားလုံးကို ငြင်ငြင် သာသာ ပြီးဆုံးဖို့ပဲ၊ မင်း ရှေ့ဆက်မတိုးပါနဲ့ကွာ. . . ငါတောင်းပန် တယ်"

"တော်တော့ ကိုနေမင်းထက်"

စကားဆုံးဆုံးချင်း မိုးမခ ချာကနဲ လှည့်ကာ ရောက်ဖေးခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးဝင်သွားတော့သည်။

နေမင်းထက်လည်း အမြန်ပြေးလိုက်သွားလိုက်၏။

အံရင်တစ်ခါကလိုဆိုလျှင် မခက်ပါလား။

အခန်းထဲ ရောက်ရောက်ချင်း ကျောခိုင်းနေသော မိုးမခကို အရင်တွေ့လိုက်ရသည်။

စိတ်ကို လျှော့ပြီး နေမင်းထက် ခေါ်လိုက်၏။

"မိုး ကိုယ်ပြောပြမယ်. . . ဒီကိစ္စကို. . ."

စကားပင် မဆုံးလိုက်။ ဖျတ်ကနဲ လှည့်လာသော မိုးမခ မျက်ဝန်းတွေက အရူးတစ်ယောက်လို။ ပြီးတော့ လက်ထဲမှာလည်း ချွန်မြနေသော သားလှီးဓားတစ်လက်. . .။

"ကျွန်မ မရရင်တော့ ရှင့်ကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

အော်ပြောရင်း နေမင်းထက်ဆီ ဓားဖြင့် ချိန်ရွယ်ကာ ပြေးဝင်လာသည်။

"ဟာ. . . မိုးမခ"

တိမ်းရှောင်ရင်း ဓားကိုင်ထားသောလက်ကို ဆွဲလိမ်ကာ ဓားကို အလှမ်းလှမ်းသို့ လွှင့်ပစ်လိုက်သည်။

ဒေါသဖြင့် တဆတ်ဆတ် တုန်နေသော မိုးမခကိုယ်လေးကို ဆွဲပွေ့လိုက်ပြီး. . .

"မိုးမခ. . . စိတ်လျှော့ပါကွာ၊ ဒီလိုလုပ်လို့မှ မဖြစ်တာဘဲ၊ ကိုယ်တောင်းပန်ပါတယ်. . . စိတ်လျှော့လိုက်နော်"

ခန္ဓာကိုယ်လေးက ပျော့ခွေမတတ် ဖြစ်သွားရင်း မိုးမခ တသိမ့်သိမ့် ရှိုက်ငိုတော့သည်။ သူ့လက်သီးဆုပ်လေးဖြင့် နေမင်းထက် ရင်ဘတ်ကို ထုကာ. . .

"ကိုနေ့ကို မုန်းတယ်. . . မုန်းတယ်. . . မုန်းတယ်"

ပြောင်းလဲသွားသောအခြေအနေကြောင့် နေမင်းထက် ဘယ်လိုချော့ရမှန်းမသိ ဖြစ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးအေးနှင့် ပြန်စဉ်းစားပြီး ပြောလိုက်၏။

“မိုးရယ်. . . ကိုယ် နှစ်ဖက်စလုံး အဆင်ပြေအောင် ကြိုးစားပေးပါ့မယ်ကွာ၊ ဒါပေမယ့် ဒီကြားထဲမှာတော့ စိတ်မထိန်းနိုင်ဘဲ ထင်ရာတွေ လျှောက်မလုပ်ပါနဲ့နော်”

ငိုရှိုက်နေရုံမှတပါး မိုးမခဆီက စကားတစ်ခွန်းမှ ထွက်မလာတော့ချေ။

မိုးမခ ကျောကုန်းလေးကို ပွတ်သပ်ရင်း နေမင်းထက် ပြောလိုက်ပါသည်။

“ကိုယ် တကယ်ပြောတာပါ၊ မိုးအတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်စဉ်းစားဆုံးဖြတ်ပေးပါ့မယ်”

မိုးမခက ခေါင်းလည်း မညိတ်သလို ခေါင်းလည်း မခါပါ။ အခန်းထဲမှ ပြန်ထွက်လာချိန်အထိ မိုးမခမျက်ဝန်းတွေက နားလည်ရခက်စွာ ရီဝေမိန်းမောနေဆဲ။

ဒီကိစ္စကို စဉ်းစားဆုံးဖြတ်ရန်အတွက် နေမင်းထက် သတိရမိလိုက်သည်က ဖြိုးဝေပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

အပြင်တစ်နေရာမှ ဖြိုးဝေကို ဖုန်းဆက်ခေါ်ပြီး တိုင်ပင်ကြည့်လိုက်သည်။ မိုးမခ ဘာတွေ ဆက်လုပ်လာမည်ကို မသိနိုင်သေးသော်လည်း လောလောဆယ် ထွက်လာသည့်အဖြေက ချိုလဲ့ကို အဖြစ်မှန် အရင်ပြောပြရန်သာဖြစ်သည်။

ဒါပေမယ့် ဒီစကားကို ချိုလေး နားလည်လက်ခံနိုင်ပါ့မလား။ ဖြစ်လာတဲ့အကျိုးဆက်ရလဒ်ကိုရော ငါလက်ခံနိုင်ရဲ့လား။

ထိုအတွေးတွေက သူ့ကို ကြိုးကွင်းတစ်ခုလို စွပ်လာမည့်နှုန်းနေမင်းထက် နားလည်ပါသည်။

သို့သော်လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြေအနေရောက်မှတော့ ပြောမှဖြစ်တော့မည်။

တစ်ဖက်မှာ မြတ်မြတ်နိုးနိုး ချစ်ရသည့် ဇနီးနှင့်သမီး။

တစ်ဖက်မှာက သူ့နှလုံးသားထဲ ဆူးတစ်ချောင်းလို နစ်ဝင်နေသည့်မိန်းမ. . .။

လေပူကြီးကိုသာ မှုတ်ထုတ်မိတော့သည်။

အိမ်ပြန်ရောက်သော်လည်း ချိုလဲ့ကို ဘယ်မျက်နှာနှင့် ပြောရမှန်းမသိဖြစ်နေ၏။

ချိုလဲ့ ခံစားရမည့် အနေအထားကိုလည်း မတွေးရဲလောက်အောင်ဖြစ်နေမိသည်။

ချိုလေး ငါ့ကို မုန်းတီးနာကျည်းသွားမလား။ သမီးလေးလည်း သိတတ်နေပြီဆိုတော့ ဘယ်လိုထင်သွားမလဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အမှားကို ဖော်ပြဝန်ခံပြီး တောင်းပန်ရတော့မည်။

ချိုလဲ့အနားသို့ သွားပြီး. . .

"ချိုလေး. . . မောင် အရေးတကြီး ပြောစရာရှိတယ်၊ ချိုလေးသိပြီးရင် မောင့်ကို စိတ်ဆိုးရင်ဆိုးပါ၊ ဒါပေမယ့် မောင့်ကိုတော့ လုံးဝမမုန်းပါနဲ့ ချိုလေးရယ်၊ မောင်သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး"

"မောင်. . . ဘာ. . ဘာတွေ ပြောနေတာလဲ"

စကားအသွားအလာကြောင့် ချိုလဲ့မျက်နှာက ပျက်ယွင်းပြီး ငိုချလိုက်တော့မလို ဖြစ်လာသည်။

နေမင်းထက်ကိုလည်း တွေတွေကြီး ကြည့်နေတော့၏။

ဒီလိုစကားမျိုး သူ့ထံမှ ချိုလဲ့ ဘယ်တုန်းကမှ မျှော်လင့်မထားမှန်း နားလည်ပါသည်။

သို့သော်လည်း မတတ်နိုင်တော့။

ခေါင်းကို ငုံ့ချပြီး ဖြစ်ပျက်ခဲ့သမျှကို အမှန်အတိုင်း ပြောပြလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ ချိုလဲ့ ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးဖြစ်ကာ ဘဝမှာ ဘယ်တော့မှ မျှော်လင့်မထားသည့်စကားကို ကြားလိုက်ရသလိုမျိုး မျက်နှာပေါ်မှာ ခံစားမှု အမျိုးမျိုး ယှက်ဖြာနေတော့သည်။

ခဏနေမှ အိကနဲ ငိုချလိုက်ပြီး. . .

"ဒါ. . ဒါဆို အဲဒီမိန်းမဟာ အိမ်ကို ရောက်လာတဲ့. . မိုး. . မိုးမခပေါ့ ဟုတ်လား"

"ဟုတ်တယ် ချိုလေး၊ မောင့်ကို ခွင့်လွှတ်ပါကွာ"

တသိမ့်သိမ့် ငိုရှိုက်နေရာမှ ချိုလဲ့မျက်နှာ တဖြေးဖြေး တင်းမာလာပြီး နေမင်းထက် ပြာကျသွားလောက်အောင် မီးဝင်းဝင်းတောက်သော မျက်ဝန်းအစုံဖြင့် ကြည့်ကာ. . .

"ရှင်ထွက်သွား. . . ရှင်ထွက်သွား၊ သစ္စာမရှိတဲ့သူ၊ ကလေးအပေါ်မှာတောင် မစာနာတဲ့ လူယုတ်မာ"

"မောင်. . မောင်ရှင်းပြပါရစေ"

"မသိဘူး. . . သွားဆိုသွားနော်၊ ရှင်မသွားရင် ကျွန်မ တစ်ခုခု လုပ်မိလိမ့်မယ်"

ချိုလဲ့ ဒီလောက်ပေါက်ကွဲသည်ကို နေမင်းထက် တစ်ခါမှ မမြင်ဖူးပါ။ ဒေါသတကြီး ပြောနေရင်းကပင် အနားမှာ ရှိသော ကတ်ကြေးကို ပြေးယူတော့သည်။

"ဟာ. . ချိုလေး. . မလုပ်နဲ့"

နေမင်းထက် ဝရုန်းသုန်းကားနှင့် ပြေးဆွဲရတော့သည်။

ချိုလဲ့က ရုန်းကန်ရင်း အော်ဟစ်တော့သည်။

"ရှင် လွှတ်နော်. . . ရှင့်ကို သတ်မယ်၊ ရှင့်ကိုသတ်. . "

"ချိုလေး. . ချိုလေး. . စိတ်ထိန်းပါကွာ၊ ဒါ ဒီလိုရှင်းလို့ရတဲ့ ကိစ္စမဟုတ်ဘူး"

နှစ်ယောက် လုံးထွေးနေကြရင်း ငိုရှိုက်သံ ကြားလိုက်၍ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား လှည့်ကြည့်မိကြသည်။

"ဟီး. . မေမေ. . . ဖေဖေ. . ဟီး"

သူတို့နှစ်ယောက် ရန်ဖြစ်နေသည်ကို ကြည့်ကာ ဝမ်းပန်းတနည်း ငိုကြွေးနေသော သမီးလေး။

နှစ်ယောက်သား ကြက်သေ,သေနေမိကြသည်။

ခုနက စကားတွေ သမီးလေး ကြားသွားပြီလား။

သမီးလေး စိတ်ဒဏ်ရာတွေ ရသွားပြီလား။

ချိုလဲ့ကို ချုပ်ထားသောလက်တွေကိုလည်း ဖြေလျှော့ပေးလိုက်တော့သည်။

နေမင်းထက် ခေါင်းငိုက်စိုက်ကျသွားစဉ်မှာပဲ ချိုလဲ့သည် ငိုရှိုက်တာ သမီးလေးကို ပြေးဖက်လိုက်တော့သည်။

အတန်ကြာအောင် ဖက်ထားရင်းမှ ဖြည်းညင်းစွာ လှည့်လာပြီးနေမင်းထက်ကို ပြောလိုက်သည်။

"အဲဒီမိန်းမဆီ ဖုန်းခေါ်လိုက်ပါ"

ဒိန်းကနဲဖြစ်သွားသော်လည်း နေမင်းထက် ဖုန်းခေါ်ပေးလိုက်သည်။ ချိုလဲ့ ဘာပြောမည်မသိ။

ဖုန်းက တန်းဝင်သွားပြီး မိုးမခက စပြောလာ၏။

"ဟို. . ကိုနေလား၊ ပြောလေ. . ဆုံးဖြတ်ပြီးပြီလား"

ဖုန်းကို ချိုလဲ့ဆီ လှမ်းပေးလိုက်သည်။

ချိုလဲ့က သမီးလေးကို တစ်ချက်စိုက်ကြည့်ပြီးမှ တစ်လုံးချင်း ပြောလိုက်ပါ၏။

"ဒီမှာ မိုးမခ၊ ကျွန်မ အားလုံးသိပြီးသွားပြီ၊ ကျွန်မတို့မိသားစုကို ထပ်မနှောင့်ယှက်ပါနဲ့၊ ကျွန်မယောကျ်ားကို ထပ်ပြီးမြှူဆွယ်ပတ်သက်နေမယ်ဆိုရင် ကျွန်မကိုယ်တိုင် ရှင့်ကို သတ်ပစ်မယ်"

ကြားလိုက်ရသော အသံကြောင့် မိုးမခလက်ထဲမှ ဖုန်းသည် လွတ်ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်က ချိုလဲ့ကလည်း နေမင်းထက်ကို အေးခဲတင်းမာသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လျက်. . .


"ဘာတွေဖြစ်လာမလဲဆိုတာတော့ ကျွန်မ မသိသေးဘူး။ တစ်ခုခုတော့ ဆုံးဖြတ်ရမှာပဲ၊ ဒါပေမယ့် ရှင် ကျွန်မနဲ့သမီးလေးနားတလောလောဆယ် ထွက်သွားပေးပါ"

ခေါင်းငိုက်စိုက်နှင့် လှည့်ထွက်လိုက်စဉ်မှာပဲ ချိုလဲ့နှင့်သမီးလေးတို့၏ငိုသံကို နေမင်းထက် ရင်နင့်စွာ ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

“ဒါဆို ဒီည မင်းအိမ်ပြန်မအိပ်ဘူးပေါ့”

ဖြိုးဝေစကားကို ခေါင်းညိတ်ပြရင်း. . .

“ဟုတ်တယ်. . . သွေးဆူနေတုန်းမှာ ချိုလေး ငါ့ကို မြင်နေရင် ပိုဆိုးလာမှာစိုးလို့ပါကွာ”

ဖြိုးဝေ သက်ပြင်းသာ ချလိုက်တော့သည်။

“အင်း. . . ဟုတ်တော့လည်း ဟုတ်ပါတယ်၊ အိမ်မပြန်ဘဲ တော့ ရက်တွေအကြာကြီး မနေပါနဲ့ကွာ၊ သူ့အတွက်လည်း မကောင်း ဘူး၊ ဒါနဲ့ မချိုလဲ့က ဘာပြောသေးလဲ”

ခေါင်းခါပြရင်း ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မပြောသေးပါဘူး၊ ဒါပေမယ့် ငါ့အမှားလေ၊ သူ တောင်းဆိုတဲ့အတိုင်း ငါလုပ်ပေးမှာပါ။ ကွာရှင်းပေးဆိုလည်း ကွာပေး လိုက်တော့မယ်ကွာ"

ဒီစကားကို နေမင်းထက် နာကျင်စွာပြောမှန်း ဖြိုးဝေ သိပါ သည်။ နေမင်းထက် မျက်ဝန်းထဲမှာလည်း မျက်ရည်တွေ ရစ်ဝိုင်းလျက်။

ချိုလဲ့ ဘယ်လိုဆုံးဖြတ်မည်ဆိုတာကိုတော့ သူလည်း တွေးလို့ မရသေးပါ။

ချိုလဲ့ သူ့ကို ဘယ်လိုဆုံးဖြတ်မှာလဲ။

တရားဝင်ကွာရှင်းပေးပါဟု ဆိုလာလျှင် တစ်သက်လုံး နာကျင် နေရတော့မည်။ ပြီးတော့ ကိုယ့်အသိုင်းအဝိုင်းနှင့် ချိုလဲ့တို့ အသိုင်း အဝိုင်း. . . ။ ဒီလူတွေကတော့ ကိုယ့်အပေါ် အကောင်းမြင်နိုင်တော့ မလား။ ချိုလဲ့သည် မိန်းမချင်း စာနာသောစိတ်ဓါတ်ရှိသည်မို့ ပို၍ ပြတ်သားမှာတော့ အမှန်ပင်။

နေမင်းထက်လည်း ခေါင်းထဲမှာ ဒီအတွေးပဲ ဝင်နေမိသည်။

ကောင်းကင်ဆီ လှမ်းကြည့်လိုက်တော့ မရေမရာနိုင်လှသော တိမ်တိုက်များကို တွေ့လိုက်ရလေသည်။

နောက်နေ့ညနေပိုင်းမှာ ချိုလဲ့ထံမှ ဖုန်းဝင်လာသည်။

အသံကလည်း အရေးတကြီး ရှိလှသည်။

"မောင်. . မောင်. . သမီး. . သမီးလေးပျောက်နေလို့"

"ဘာ. . ဘယ်လို. . လို. . "

"ချိုလေး ကျောင်းနားက ဆက်နေတာ၊ သွားကြိုတော့ မရှိ တော့ဘူး၊ မေးကြည့်တော့ ခုနက မိုးမခ လာပြီးခေါ်သွားတာတဲ့"

"ဘာ"

"လုပ်ပါဦး မောင်ရယ်၊ ဒီမိန်းမ သမီးလေးကို တစ်ခုခု လုပ် လိုက်ရင်တော့. . . "

အသံက စိုးရွံ့ပြာဝေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက်လည်း ချိုလဲ့ ပိုမစိုးရိမ်ရအောင် ထိန်းပြီးပြော လိုက်ရသည်။

"ဒီလိုလုပ်. . . ချိုလေးအိမ်ပြန်လိုက်၊ မောင် သူ့အိမ်ကို သွား ကြည့်လိုက်မယ်၊ စိတ်လျှော့ထားနော် ချိုလေး"

ပြောရင်း ဖုန်းပိတ်ကာ ပြေးထွက်လာခဲ့သည်။

ချိုလဲ့ကို စိတ်လျှော့ဖို့ ပြောခဲ့သော်လည်း နေမင်းထက် ရင်ထဲ မှာ မီးလို ပူလျက်ရှိနေပြီ။

ဘုရား. . ဘုရား. . . သမီးလေးကို မိုးမခ တစ်ခုခု လုပ်လိုက် ရင်တော့. . .။






www.burmeseclassic.com

www.burmeseclassic.com

♥ အသက်ကြီးခြင်း၌
အချစ်ကို ခုခံကာကွယ်၍မရ။
(တစ်နည်းဆိုသော်)
အသက်နှင့် အချစ်သည် ဘာမှမဆိုင်။

♥ သို့သော်.......
အချစ်ကြီးခြင်း၌
အသက်ကို ခုခံကာကွယ်ထား၏။
(တစ်နည်းဆိုသော်)
အချစ်သည်...
အသက်နှင့် တော်တော်ဆိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# (၂၅)

**အိပ်**ပြန်ဖို့ ပြောသော်လည်း ချိုလဲ့တစ်ယောက် အိပ်မပြန် နိုင်သေးပါ။ ကားမောင်းရင်း ဟိုဒီကြည့်ကာ မိုးမခကားကို တွေ့မလား ဟု ရှာနေမိသည်။ မြို့ထဲမှာ အတော်ကြာ ပတ်မောင်း၍ လိုက်ရှာရင်း ချုတ်ရည်တွေ ကျလျက် ပါးစပ်ကလည်း တတွတ်တွတ် ရေရွတ်နေမိ၏။

အချိန်တွေပင် ကြာလာပြီ။

သမီးလေး. . သမီးလေး ဘယ်ရောက်နေတာလဲ။

သမီးရယ် မေမေရှာတွေ့ပါတော့။

ခဏနေတော့ မီးပွိုင့်တစ်ခုမှာ မိနေတုန်း. . ရှေ့ကားနှစ်စီး အကျော်မှာ မိုးမခကားကို လှမ်းတွေ့လိုက်ရသည်။ ချက်ချင်း တံခါးဖွင့်



www.burmeseclassic.com

www.burmeseclassic.com



တာ ပြေးဆင်းသွားရန် ပြင်လိုက်သော်လည်း မီးပွိုင့်က စိမ်းသွားလေပြီ။

မီးပွိုင့်လွတ်သည်နှင့် ကားကို အရှိန်မြှင့်ကာ မိုးမခ ကားနောက်သို့ လိုက်လိုက်သည်။ မီလုပြီ။

ချိုလဲ့ကားကို မြင်လိုက်လို့လားမသိ၊ မိုးမခသည် ကားကို အရှိန်မြှင့်လိုက်ပါသည်။

သမီးလေးအတွက် ချိုလဲ့လည်း လီဗာကို ထပ်တင်လိုက်၏။

ကားနှစ်စီးသည် လမ်းမပေါ်မှာ အရှိန်ပြင်းစွာ ပြေးလွှားလျက်။

သူ့ကားထဲမှာ ကိုယ့်သမီး ရှိနေပါလားဆိုသည့်အသိက ချိုလဲ့ရင်မှာ ပူပြင်းပြီး ကားကို တရှိန်ထိုးမောင်းကာ ဘာကိုမှ မစဉ်းစားနိုင်တော့။

မိုးမခက နောက်ကြည့်မှန်မှ တစ်ချက်ကြည့်လိုက်ပြီး အရှိန်ထပ်တင်လိုက်သည်။ စိတ်ထဲကလည်း. . .

လိုက်စမ်း ချိုလဲ့။

ငါက အများကြီး ခံစားရတာလေ။

ငါခံစားသလို နင် နည်းနည်းခံစားကြည့်စမ်း။

အမြဲတမ်း စိုးရိမ်နေရတာမျိုးပေါ့။

မိုးမခ မျက်လုံးတွေက နီရဲမှိုမောက်လျက် အရူးတစ်ယောက်လို ဖြစ်နေသည်။

လမ်းဆုံတစ်ခုရောက်တော့ ဆတ်ခနဲ ချိုးဝင်လိုက်စဉ်မှာပဲ ဘွားကနဲ တွေ့လိုက်ရသော ရေနံတင်ကားကြီးကြောင့် မိုးမခကားကို လမ်းဘေးဆွဲချလိုက်သည်။

"ကျွီ. ."

"ဒုန်း. . ."

အရှိန်မထိန်းနိုင်သောကားလေးသည် ရှေ့မှ ကားနှင့် လွတ်သွားသော်လည်း လမ်းဘေးသစ်ပင်ကြီးနှင့် ပြင်းထန်စွာ ဝင်ဆောင့်ကာ ထိုးရပ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ဟု ကျယ်လောင်စွာ အော်လိုက်ပြီး ချိုလဲ့ ဘရိတ်ကို အားနှင့် နင်းလိုက်သော်လည်း မျက်နှာချင်းဆိုင်မှ ကုန်တင်ကားကြီးကြောင့် မျက်စိသာ စုံမှိတ်လိုက်ပါတော့သည်။

"ကျွိ. ."

"ဒုန်း. . ."

သူမ မျက်စိထဲမှာ မှောင်ကျသွားလေ၏။

အရာအားလုံးသည် ဆက်သွယ်မှုမရှိယာပြင်ပ. . .။

၄ ၄ ၄ ၄

**နေ**မင်းထက်တစ်ယောက် မိုးမခအိမ်သို့ ရောက်သွားသော်လည်း သမီးလေးကို မတွေ့ပါ။ မိုးမခလည်း မရှိသဖြင့် သမီးသည် မိုးမခနှင့် တစ်နေရာမှာပဲ ရှိနေလိမ့်မည်ဟု တွေးမိသည်။

ဒါပေမယ့် သမီးကို မိုးမခ တစ်ခုခု ဆိုသောစိတ်က မပျောက်နိုင်သေး။ ပြီးမှ သွေးအေးအေးနှင့် စဉ်းစားမိသည်က မိုးမခသည် ဒီလောက်လူမဆန်စွာ လုပ်မည်မဟုတ်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သမီးအတွက် ရတက်ပွေ စိတ်ဖိစီးနေမှာက ချိုလှဲ့၊ အရမ်းစိတ်လှုပ်ရှားပြီး ကားမောင်းရင်း တစ်ခုခုဖြစ်သွားမှဖြင့်။

ချိုလှဲ့ကို စိတ်ပူပြီး အိမ်အရင်ပြန်လိုက်၏။

အိမ်ရောက်တော့ အိမ်ရှေ့မှာ ငုတ်တုတ်ကလေး ထိုင်နေသော သမီးကို တွေ့လိုက်ရသည်။

နေမင်းထက် အမောတကောပင် မေးမိတော့သည်။

"သမီး. . သမီး. . ကျောင်းကနေ ဘယ်ရောက်သွားတာလဲ သမီးရယ်"

သမီးက ဘာမှမဖြစ်သလိုပင်။

"သိဘူးလေ. . . အန်တီမိုးက မေမေနောက်ကျမယ် ပြောလို့ လိုက်သွားတာ၊ ပြီးတော့ အန်တီမိုးက သမီးကို ကစားကွင်းတွေ လိုက်ပို့တာ သိလား၊ အရမ်းပျော်စရာကောင်းတာပဲ၊ ခုနကမှ အိမ်ပြန်လိုက်ပို့ခဲ့တာ၊ မေမေရောဟင်. . ."

သမီးပြောမှပဲ စိတ်ထဲ ဒိန်းကနဲဖြစ်ကာ ချိုလှဲ့ဖုန်းကို ခေါ်မိတော့သည်။

ဖုန်းဝင်သွားတော့ ကမန်းကတန်းပဲ မေးလိုက်၏။

"ချိုလှဲ့. . . ချိုလှဲ့. . . ဘယ်မှာလဲဟင်"

တစ်ဖက်က ချက်ချင်းပဲ. . .

"ဟလို. . . မချိုလှဲ့လားတော့ မသိဘူးဗျ၊ ဒီဖုန်းပိုင်ရှင်က ဆေးရုံကို ရောက်နေပါတယ်၊ ကားအက်စီးဒင့်ဖြစ်လို့"

"ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



(၂၆)

"မောင် . . . မောင် . . . သမီးလေးကောဟင်"

သတိရသည်နှင့် ချိုလေးက မေးတော့သည်။

နေမင်းထက်က သမီးလေးမျက်နှာကို ဆွဲယူပြရင်း . . .

"ရှိပါတယ် ချိုလဲ့ရဲ့၊ သမီးက ဒီမှာလေ"

"မေမေ . . ."

သမီးအသံကြားတော့မှ ချိုလဲ့က စိတ်လျှော့လိုက်ဟန်တူသည်။ သက်ပြင်းချပြီး ပြန်မှိန်းနေလိုက်၏။

ခဏနေတော့ သူနာပြုဆရာမတစ်ယောက် ဝင်လာပြီး . . . နေမင်းထက်ကို လက်တို့ကာ အပြင်သို့ခေါ်ထုတ်သွားလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



"ဟိုလူနာကတော့ ဆုံးသွားပါပြီ၊ ဒါပေမယ့် သူ့အိတ်ထဲမှာ နေမင်းထက်ဆိုတဲ့နာမည်နဲ့ စာအိတ်တစ်အိတ်တွေ့လို့ အဲဒါများ ပတ်သက်နေမလားလို့"

"ဟုတ်ကဲ့ နေမင်းထက်က ကျွန်တော့်နာမည်ပါ"

ပြောလိုက်တော့ ဆရာမက သွေးတွေ စွန်းပေနေသည့် စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။

ဖွင့်ဖတ်ကြည့်လိုက်တော့. . .

ကိုနေ...

ကျွန်မနားလည်ပါတယ်။ သမီးလေးကိုကိုယ့်သမီးဖြစ်ခဲ့ရင် ဆိုတဲ့စိတ်နဲ့ ခဏလေးကြည့်ရှုမိတာပါ။ ကျွန်မကိုယ်ထဲမှာဘယ်ကလေးမှမရှိပါဘူး။

ပြောပါရစေဦး...။

ရှင့်ကို ချစ်တဲ့စိတ်နဲ့ ကျွန်မ ဘဝလေးတစ်ခု တည်ဆောက်ချင်မိခဲ့တာပါ။ မဖြစ်နိုင်တော့ဘူးဆိုရင်လည်းနားလည်လိုက်ပါ့မယ်။ ဒါပေမယ့် ကိုနေ့ကို မိုး'ချစ်ခဲ့တယ်ဆိုတာတော့ ပြောပါရစေ။ ဒါမှန်သောသစ္စာတရားပါပဲ။

ရင်ထဲမှာ ပြောစရာစကားတို့က မွန်းကျပ်လေးလံသွားသည်။ ခံစားမှုတစ်ခုကလည်း အရှိန်ပြင်းပြင်း ရင်ကို ဆောင့်လေသည်။

နောက်ဆုံး မိုးမခ မျက်နှာလေးကို မြင်ယောင်ရင်း တီးတိုး ရေရွတ်မိတော့၏။

ကိုယ်နားလည်ပါတယ် မိုးရယ်။ အချစ်ကြီးတဲ့ မင်းရဲ့အငွေ့တွေကို အမြဲတမ်း အမှတ်ရနေမှာပါ။

ထိုစကားများကိုတော့ မိုးမခတစ်ယောက် ကြားနိုင်လိမ့်မည် မထင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးသည် လှပစွာ ကြေကွဲလျက်။

အဝေးက အိပ်တန်းပြန်သွားသော ငှက်ကလေးများကို ကြည့်ရင်း နေဝင်ချိန်တစ်ခုကိုသာ နေမင်းထက် သတိရနေမိတော့သည်။


မိုးမခရယ် မင်းကို ငါ့ဘဝရဲ့ အရံထိုင်ခုံပေါ်မှာ ထားဖို့ မရည်ရွယ်ခဲ့ပါဘူးကွာ။

မင်းကို နှလုံးသားထောင့်တစ်နေရာက တကယ်ချစ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# (၂၇)

သတိကောင်းကောင်းရလာတော့ ချိုလဲ့က မေးလာသည်။

မိုးမခတစ်ယောက် ဘယ်လိုနေသေးသည်လဲတဲ့လေ။

ဘယ်လိုပြောရမည်နည်း။

မျက်စိစုံမှိတ်ပြီး အကျိုးအကြောင်းကို ပြောပြလိုက်လေတော့သည်။

ချိုလဲ့က. . .

"တကယ်စိတ်မကောင်းဘူး မောင်ရည့်၊ မိုးမခကို ချိုလေးမုန်းလို့မစာတ်ပါဘူး၊ ဒါပေမယ့် ခုလိုဖြစ်သွားတာတော့. . ."

အသံက တိမ်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းထက် သက်ပြင်းချပြီး. . .

"ကံပေါ့ ချိုလေးရာ၊ မောင် သူ့ကို တစ်ခုခု လုပ်မပေးနိုင်ခဲ့တာတိုပဲ ဝမ်းနည်းနေမိတယ်"

"ချိုလေး နားလည်ပါတယ်၊ သူဟာ ချိုလေးလိုပဲ မောင့်ကို ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ဆိုတာ ချိုလေး ယုံတယ်"

"ကဲ. . . ဒါတွေ ပြောမနေနဲ့တော့လေ"

ပြောလိုက်ရသော်လည်း နေမင်းထက် စိတ်ထဲမှာတော့ မိုးမခ မျက်နှာလေးကို မြင်ယောင်နေမိတော့သည်။

မိုးမခရယ်. . . နောင်ဘဝဆိုတာမျိုး ရှိခဲ့ရင်ပေါ့. . . မင်းနဲ့ လွတ်လွတ်လပ်လပ် ကိုယ်ဆုံချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## (၂၈)

BURMESE CLASSIC

**အုတ်**ဂူပေါ်မှာ ပန်းစည်းလေး တင်လိုက်ပြီး ချိုလဲ့က. .

“ချိုလေး တကယ်စိတ်မကောင်းဘူး မောင်၊ မောင့်ကို သူချစ်တာ ချိုလေးထက် မပိုရင်တောင် လျော့မယ်မထင်ဘူး”

သက်ပြင်းသာ ချမိတော့သည်။

မိုးမခအုတ်ဂူလေးကို ကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းမှုတွေက ထူးလွန်နှလာပြန်သည်။

“ချိုလေး. . . မောင်. . လေ”

ချိုလဲ့က တစ်ချက်ပြန်ကြည့်ရင်း နားလည်စွာ. . .

“မောင် နေချင်နေဦးလေ၊ ချိုလေး ကားနားကပဲ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ချိုလဲ့ ထွက်သွားလေပြီ။

ရင်ထဲမှာလည်း မိုးမခနှင့် ပတ်သက်ခဲ့သောပုံရိပ်လေးတွေက အစိအရီ။

အတိတ်ကို ပြန်သွားနေသောစိတ်ကို မထိန်းထားချင်တော့။

ဆို့ကျင်ဝမ်းနည်းသောစိတ်နှင့်အတူ မျက်ရည်တွေက ပါးပြင်ပေါ် ပူနွေးစွာ စီးဆင်းသွားလေသည်။

မိုးမခအုတ်ဂူကို ကြည့်ရင်း ခပ်တိုးတိုး ရေရွတ်မိတော့၏။

ကိုယ့်ကို နားလည်ပြီး ခွင့်လွှတ်ပေးပါတော့ မိုးရယ်။

အုတ်ဂူရှေ့မှာ တော်တော်ကြာအောင် ရပ်နေပြီးမှ လှည့်ထွက်လာခဲ့သည်။

ကားနားရောက်တော့ ချိုလဲ့က အပြုံးနုနုဖြင့်. . .

"ကဲ. . . မောင်၊ အားလုံးလည်း ပြီးသွားပြီ၊ စိတ်မကောင်းစရာတွေကိုလည်း ထပ်တွေးမနေနဲ့တော့"

"ချိုလေးရယ် မောင်တို့ အိမ်ပြန်ကြရအောင်ကွာ"

ချိုလဲ့ပခုံးကို ညင်သာစွာ လှမ်းဖက်လိုက်သည်။

ချိုလဲ့က ဆတ်ကနဲ လှည့်ကြည့်ရင်း. . .

"မောင်ဖြစ်နေတာကို ချိုလေးနားလည်ပါတယ်၊ မိုးမခ မောင့်အပေါ် ထားခဲ့တဲ့စိတ်ကိုလည်း ချိုလေးနားလည်တယ်၊ ဒါပေမယ့် မောင်ရယ်၊ ဒီလိုအဖြစ်မျိုးတွေ ချိုလေး မကြုံချင်တော့ဘူး။

ပြီးတော့ မိုးမခလိုလည်း ဘယ်သူမှ မခံစားစေချင်ဘူး မောင်ရယ်၊ ချိုလေးတို့ဟာ မြန်မာနိုင်ငံမှာနေတဲ့ ဗုဒ္ဓဘာသာလူမျိုးတွေပါ ဘာပဲဖြစ်ဖြစ် ရှေ့လျှောက် မောင်ဆင်ခြင်တော့နော်၊ မောင့်သမီးလေးကိုလည်း ကြည့်ဦး"

"ချိုလေးရယ်. . . မောင် ကတိပေးပါတယ်၊ ဘယ်တော့မှ မဖြစ်စေရပါဘူး၊ မောင်နားလည်သွားပါပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



ချိုလှဲ့က အသာခေါင်းညိတ်ပြသည်။

နေမင်းထက်ရင်ထဲမှာ ခွင့်လွှတ်ပါ မိုးမခ ဟူ၍ပဲ ပြောနေမိတော့၏။

သို့သော်လည်း. . .

ကားပေါ်ရောက်တော့ ရင်ခွင်ထဲ ဝင်လာသည့် ချိုလေးကို ပွေ့ဖက်ကာ အနာဂတ်တစ်ခုဆီသို့ပဲ အနမ်းတွေနှင့် ခရီးဆက်ရင်း. . .

ချိုခါးပြင်းရှသည့်အတိတ်တစ်ခုက တစ်သက်လုံး ရင်ထဲမှာ တိမ်းဝပ်နေတော့မည်သာ. . .။

စာဖတ်သူအပေါင်း စိတ်နှလုံး ပျော်မြူးနိုင်ကြပါစေ



www.burmeseclassic.com